# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၈၃]


**ကြည်လင်သောစိတ်**

- ❖ စိတ်သည် အရာရာကို ဦးဆောင်၏။
- ❖ စိတ်သည် အမွန်အမြတ်ဆုံးဖြစ်၏။
- ❖ စိတ်သည် အရာရာကို ပြီးစီးစေ၏။
- ❖ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- ❖ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

(ဓမ္မပဒပါဠိတော်)

# ယခုဆောင်ရွက်မှုများ၏ အသီးအပွင့်ကို နောင်တစ်ချိန် ခံစားနိုင်ရေး အစိုးရအဆက်ဆက် လက်ဆင့်ကမ်း ဆောင်ရွက်ကြရမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရလက်ထက် ၂၀၁၁ ခုနှစ်ကစပြီး အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်မှုကို မူဝါဒပိုင်းအဆင့် (Policy Level)၊

*စာမျက်နှာ ၈ ကော်လံ ၁ ✻*



**ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စက်မှုဇုန်စီမံကိန်း နမူနာပုံစံကို တွေ့ရစဉ်။**

(ဓာတ်ပုံ-ကျောက်ဖြူ SEZ)



❖ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံ ပါဝင်လာခြင်းဖြင့် စီမံကိန်း အကောင်အထည်ဖော်မှု ပိုမိုထိရောက်မြန်ဆန်လာမည်

❖ အထူးစီးပွားရေးဇုန် သုံးခု လျာထားခဲ့ရာတွင် အောင်မြင်မှု အရှိဆုံးနှင့် လက်တွေ့ စတင်ဖော်ထုတ်နိုင်သည်မှာ သီလဝါအထူးစီးပွားရေးဇုန် ဖြစ်




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လမ်းပန်းဆက်သွယ်ရေးကောင်းမှ နယ်စပ်ဖွံ့ဖြိုးမည်

မြန်မာနိုင်ငံ၏နယ်စပ်ဒေသများသည် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့်သော်လည်းကောင်း၊ နယ်မြေအေးချမ်းမှု မရှိခြင်းကြောင့်သော်လည်းကောင်း ဖွံ့ဖြိုးမှုများနောက်ကျခဲ့ရပေသည်။ ယခုအခါ နယ်မြေဒေသများတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အလျောက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာလျက်ရှိပါသည်။ နယ်မြေမအေးချမ်းမှုသည် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အဟန့်အတားဖြစ်စေပါသည်။ နယ်မြေဒေသများ အေးချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးရေးအသီးအပွင့်များကို တန်းတူညီမျှခံစားလိုလျှင်တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် အဓိကအကျဆုံးအခြေခံအချက်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတစ်နံတစ်လျား တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အလျောက် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး အခြေခံအုတ်မြစ်ဖြစ်သော လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဦးစားပေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် ကချင်ပြည်နယ်အထက်ပိုင်း မြို့ရွာများဖွံ့ဖြိုးရေးအတွက် အသက်သွေးကြောသဖွယ် အရေးကြီးသော လမ်းမကြီးတစ်ခုဖြစ်ပါသည်။ ထိုလမ်းမကြီးကိုနိုင်ငံတော်အနေဖြင့် အကျိုးအမြတ်ကို ပဓာနမထားဘဲ တိုင်းရင်းသားညီအစ်ကိုများ အေးအတူပူအမျှ ဖွံ့ဖြိုးရေးအသီးအပွင့်များကိုတန်းတူညီမျှ မျှဝေခံစားနိုင်ရေးရည်ရွယ်လျက် ငွေကြေးအမြောက်အမြားသုံးစွဲကာ လမ်းပိုင်းနှင့် တံတားများတည်ဆောက်ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းလျက်ရှိပါသည်။ များမကြာမီ၌မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းပေါ်မှ မူရီလာ၊ တန်ဂျာ(၁)၊ တန်ဂျာ (၂) နှင့် လုံးစွပ်တံတားများကိုတစ်ပြိုင်တည်းဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိပါသည်။

ဤလမ်းမကြီးနှင့် လမ်းတံတားများ အားလုံးတည်ဆောက်ဖွင့်လှစ်လာနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးမှုနောက်ကျနေသော ကချင်ပြည်နယ် မြောက်ဖျားရှိ မြို့ရွာများသည်လည်း အလျင်အမြန် ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ယခုအခါ ခါကာဘိုရာဇီဒေသကိုလည်း ခရီးသွားဒေသတစ်ခု ဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိပါသည်။ ကချင်ပြည်နယ်သည် တောတောင်ရေမြေသဘာဝအလှအပရှုခင်းများပေါများသည့်ဒေသတစ်ခုဖြစ်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်လာမှုနှင့်အတူ ခရီးသွားဒေသအဖြစ်တိုးတက်ပြောင်းလဲလာနိုင်ပါသည်။

သို့ဖြစ်၍ ဖွံ့ဖြိုးရေးအသီးအပွင့်များ မျှဝေခံစားနိုင်ရန်တည်ဆောက်ပြီးလမ်းတံတားများကိုလည်း ပျက်စီးယိုယွင်းမှုများမရှိအောင် ဒေသနေပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်စေ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

၂၀၁၅ခုနှစ် တရုတ်-မြန်မာကုန်သွယ်ရေးကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ တတိယပတ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျယ်ခေါင်မြို့ရှိ Trade Center ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင်ဒုတိယဝန်ကြီးက နယ်စပ်ကုန်စည်ပြပွဲကိုကျင်းပခဲ့သည်မှာ (၁၅)ကြိမ်မြောက်ရှိပြီဖြစ်ပြီး နှစ်စဉ်ကျင်းပနိုင်ခဲ့သဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်စေသည့် အပြင်ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အရေးပါသောအခမ်းအနား ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် များစွာအထောက်အပံ့ဖြစ်စေသော နယ်စပ်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကို အမြဲမပြတ်အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုမြှင့်တင်နိုင်ရန်အတွက် ကုန်ပစ္စည်းအရည်အသွေးသတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းများ၊ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကိုလည်း အမြန်အလျင် အသိပေးခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးကောက်စူရှင်၊ တယ်ဟုန်ပြည်နယ်ခွဲပါတီအတွင်းရေးမှူးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ၂၀၁၅ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲအား ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်း၊ ရှမ်းပြည်နယ်အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးအောင်ကျော်ညွှန့်၊ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နှစ်နိုင်ငံကုန်ပစ္စည်းပြခန်းများကို လိုက်လံကြည့်ရှုအားပေးကာ နံနက် ၁၁ နာရီတွင် ရွှေလီမြို့ရှိ ဂျင်ချမ့်ဟိုတယ်တွင် နှစ်နိုင်ငံစီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအသိပညာပေးဟောပြော

**ကော့ကရိတ် ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ်ကော့ကရိတ်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးဦးကျော်စိုး(၁)နှင့်ဝန်ထမ်းများက ကြာအင်းဆိပ်ကြီးမြို့နယ်နှင့်ဘုရားသုံးဆူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၀ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေးခြင်းကို ပရိုဂျက်တာဖြင့် ဟောပြောပို့ချခဲ့ပြီး အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




# တိုက်နယ်ဆေးရုံအတွက် ဆရာဝန်မျှော်လင့်နေ

ထင်သာမြင်သာပြုပြင်စရာ

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတောတိုက်နယ်ဆေးရုံတွင် လက်ထောက်ဆရာဝန်သာရှိပြီး တာဝန်ခံ ဆရာဝန်မရှိသဖြင့် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။

လယ်ယာစိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်လုပ်ကိုင်ရသော ဒေသဖြစ်၍ ပြည်သူများ စိုက်ပျိုးရာသီတွင် မြွေအန္တရာယ်များနှင့်ကြုံတွေ့နေရပြီး တိုက်နယ်ဆေးရုံတွင် ဆရာဝန်မရှိ၍ မိုင် ၂၀ ကျော်ကွာဝေးသော မြို့နယ်ဆေးရုံ၊ မိုင် ၃၀ ကွာဝေးသော ကျောက်ပန်းတောင်း မြို့နယ် ဆေးရုံများသို့ သွားရောက်ကုသမှုခံယူရသဖြင့် လမ်းခရီး၌ အချိန်ကြန့်ကြာမှုများရှိသည့်အတွက် အသက်ပါဆုံးရှုံးရမည့် အခြေအနေများနှင့် ကြုံတွေ့နေသောကြောင့် တာဝန်ခံဆရာဝန်တစ်ဦး ခန့်ထားပေးနိုင်ရန် ဒေသခံပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။ **အောင်သန်းထွန်း(နတ်မောက်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅.၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၄.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉.၁၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၃၄ |
| တရုတ် | တစ်ယွမ် | ၂၀၁.၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၆၆ |

ခင်ရတနာ-စုစည်းသည်။

၁၄-၁၂-၂၀၁၅ မှ ၁၈-၁၂-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၅၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၅၀ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# အဖျောက်မြို့ လောကမာရ်အောင်ဘုရားကြီး (မဟာသံတန်ဆောင်းတော်)ပိဋကတ်သုံးပုံ ကျောက်စာတိုက်များ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်း ရေစက်ချအောင်ပွဲမင်္ဂလာကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

**ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ လောကမာရ်အောင်ဘုရားကြီး (မဟာသံတန်ဆောင်းတော်) ပိဋကတ်သုံးပုံ ကျောက်စာတိုက်များ ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ခြင်း ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက လောကမာရ်အောင် ဘုရားကြီး၌ ကျင်းပသည်။**

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌတို့က လောကမာရ်အောင် ဘုရားကြီးအဝင် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရေစက်ချအောင်ပွဲ မင်္ဂလာကုသိုလ်တော် အခမ်းအနား ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က လောကမာရ်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက လောကမာရ်အောင်ဘုရားကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် ငါးလာချောင်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကောဝိဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဖျောက်မြို့ လောကမာရ်အောင်ဘုရားကြီး (မဟာသံတန်ဆောင်းတော်) ပိဋကတ်သုံးပုံ ကျောက်စာတိုက်အတွင်း ကျောက်စာများကို ကြည့်ရှုစဉ်။ (ဓာတ်ပုံ-မြဝတီ)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က မှတ်တမ်းဓာတ်ပုံနှင့် လှူဖွယ်ဝတ္ထုများကို ငါးလာချောင်းကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများက ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ငါးလာချောင်းကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က မင်္ဂလာ မော်ကွန်းကမ္ပည်းကျောက်စာတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဖျောက်မြို့ရှိ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာ (အဖျောက်တာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တာမကြီးမြှင့်တင်သည့် လုပ်ငန်းနှင့် မြို့ပတ်တာပြုပြင်မွမ်းမံမှုလုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။ **(ဝဲပုံ)**

အဖျောက်မြို့ရှိ လောကမာရ်အောင်ဘုရားကြီး (မဟာသံတန်ဆောင်းတော်)တွင် မြတ်စွာဘုရားရှင် ဟောကြားခဲ့သော ပိဋကတ်ဓမ္မက္ခန်ဒေသနာတော်များကို ကျောက်စာများထွင်းထု၍ ဝိနည်း ၁၁၂ ချပ်၊ သုတ္တန် ၄၀၃ ချပ်နှင့် အဘိဓမ္မာ ၂၀၅ ချပ် စုစုပေါင်း ကျောက်စာချပ်ရေ ၇၂၀ ကို ကုသိုလ်တော်ဘုရားကြီးမှ ပိဋကတ်ကျောက်စာမူအတိုင်း တည်ထားကိုးကွယ်ခဲ့သဖြင့် နှစ်ကာလအားဖြင့် ၉၉ နှစ်တိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး ကျောက်စာတိုက်ဖြစ်သည်။

အဆိုပါ ကျောက်စာတိုက်ရှိ ယိုယွင်းပျက်စီးနေသော ဂန္ဓကုဋိတိုက်၊ ပင်မတန်ဆောင်းနှင့် ကျောက်စာတိုင်များကို ရှေးမူမပျက် ပိုမိုသပ်ရပ်တင့်တယ်စွာဖြင့် အများပြည်သူ ဖူးမြော် ကြည်ညိုနိုင်ရန်အတွက် ဘက်စုံပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရပ်ကွက်/ကျေးရွာအဆင့်ထိ ပြည်သူလူထုနှင့် ကင်းကွာမနေဘဲ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ရေးဆွဲနိုင်ရမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့သို့ရောက်ရှိပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်တွေ့ဆုံ၍ ဒေသန္တရစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးသည်။

ဆက်လက်၍ မော်လမြိုင်မြို့ရှိ Myanmar Lighting Co.,Ltd. မှ Independent Power Producer-IPP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူစနစ်သုံး ငန်းတေးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကာ စက်ရုံတည်ဆောက်မှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် အနေအထားနှင့် ဖြန့်ဖြူးပေးမည့်အခြေအနေများကို ကြည့်ရှုလေ့လာသည်။

ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျိုက်မရောမြို့သို့ ရောက်ရှိကာ ကျိုက်မရောမြို့နယ် စီမံကိန်းဦးစီးရုံး၌ ဝန်ထမ်းများနှင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်စီမံကိန်းဦးစီးရုံး၌ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့မှ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှ ပြည်သူ့အစိုးရဖြစ်မည်ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအဆင့်ထိ ပြည်သူလူထုနှင့် ကင်းကွာမနေဘဲ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ရေးဆွဲနိုင်ရမည်ဖြစ်ကြောင်း၊ People Delivery ကို မြန်မာနိုင်ငံတွင်သာမက ဒီမိုကရေစီနိုင်ငံတိုင်း ကျင့်သုံးဆောင်ရွက်နေကြောင်း၊ ပထမငါးနှစ်စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး၊ ပုဂ္ဂလိကကဏ္ဍ အစရှိသည့် ပြုပြင်ပြောင်းလဲရေးမူဘောင်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးသည်ဆက်စပ်နေပြီး စီးပွားရေးအကျိုးသက်ရောက်မှုသည် နိုင်ငံရေးအပေါ်တွင် မူတည်နေကြောင်း၊ ပထမငါးနှစ်စီမံကိန်း၏ နှစ်အလိုက်အကောင်အထည်ဖော်မှုများနှင့် မှတ်တမ်းမှတ်ရာများ စနစ်တကျ ထိန်းသိမ်းထားရှိပြီး အစစ်ဆေးခံနိုင်ရန် လိုအပ်ကြောင်း၊ ဒုတိယ ငါးနှစ်စီမံကိန်းကိုရေးဆွဲပြီးဖြစ်၍ အစိုးရအဖွဲ့မှ အတည်ပြုပြီးပါက လွှတ်တော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်မှ အကောင်အထည်ဖော်သည့်စီမံကိန်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများ၊ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုကို စိစစ်ရန်လိုအပ်ကြောင်း၊ စီမံကိန်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကို တိုက်ဆိုင်စစ်ဆေးပါက မိမိတို့မြို့နယ်၊ ခရိုင်၊ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ထင်ရှားစွာတွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို Economist မဂ္ဂဇင်းတွင် ယခုနှစ်၏အထူးခြားဆုံးနိုင်ငံအဖြစ် စံနမူနာပြရေးသားဖော်ပြခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၄)ရပ်တွင် ပါဝင်သည့် စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေးမှာ အရေးကြီးသည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ရုံးများတွင် ဗဟိုစာရင်းအင်းအဖွဲ့မှ စာရင်းအင်းမှူးများ တွဲဖက်တာဝန်ပေးထမ်းဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရမည့်စီမံကိန်းများသာမက နိုင်ငံခြားအကူအညီအထောက်အပံ့များဖြင့် ဆောင်ရွက်ရမည့် စီမံကိန်းများရှိလာနိုင်သဖြင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် စာရင်းအင်းအရာရှိများနည်းတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ အရာထမ်းများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရုံးများ၌ တိုးချဲ့ခန့်အပ် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပထမငါးနှစ်စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှု၊ စီမံကိန်းရေးဆွဲရာတွင် စနစ်များပြောင်းလဲရေးဆွဲထားမှု၊ ကဏ္ဍစီမံကိန်းများတွင် ဒေသန္တရစီမံကိန်းများထည့်သွင်း ရေးဆွဲထားမှုများကို သုံးသပ်တင်ပြခဲ့ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် စီမံကိန်းဦးစီးမှူးတို့က စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းရေးရာကိစ္စများ ဆက်လက်ဆောင်ရွက်ရန် ရှိသည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရုတ်မြေပြိုမှု ပျောက်ဆုံးသူ ၉၁ ဦး အထိရှိလာ၊ အဆောက်အအုံ ၃၃ လုံး ရွံ့နွံများ ဖုံးလွှမ်း



**ပေကျင်း ဒီဇင်ဘာ ၂၁**

တရုတ်နိုင်ငံတောင်ပိုင်း စီးပွားရေးဇုန်တစ်ခု၌ များပြားလှသော ရွံ့နွံများနှင့် စွန့်ပစ်ဆောက်လုပ်ရေးမြေများ ပြိုကျမှုကြောင့် အဆောက်အအုံ ၃၃ လုံး မြေဖုံးလွှမ်းသွားကာ အနည်းဆုံး လူ ၉၁ ဦး ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဟောင်ကောင် နယ်စပ်အနီး ရှင်ကျင့်မြို့ တောင်ပိုင်း၌ တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော အဆိုပါ မြေပြိုမှုနှင့် ပတ်သက်ပြီး တရားဝင် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဝန်ကြီးချုပ်လီခချန်းက အမိန့်ထုတ်ပြန်လိုက်သည်။ ယင်းမှာ လွန်ခဲ့သော လေးလက တီယန်ကျင်းမြို့ ဓာတုဗေဒပေါက်ကွဲမှုကြောင့် လူပေါင်း ၁၆၀ ကျော် သေဆုံးပြီးနောက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ရုတ်တရက်ပြိုကျလာသော ရွံ့နွံမြေစိုင်မြေခဲများသည် ဂွမ်မင်းခရိုင်သစ် အနောက်တောင်ပိုင်း ယင်းမြို့ရှိ ဟန်တိုင်းယု စက်မှုဇုန်ရှိ အထပ်မြင့်အဆောက်အအုံများအတွင်း တိုးဝင်သွားပြီး ဖြိုလဲချလိုက်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

"ရွံ့နွံတွေက လှိုင်းတွေလိုပဲ ပြိုဆင်းလာတာ၊ ဒေသခံတွေဟာ လူလွတ်ရုန်းထွက်ပြေးကြရတာ" ဟု ရွာသားတစ်ဦးဖြစ်သည့် ပန်ကျင်ကျင်းက ပြောသည်။ "ရွံ့တွေက ကျွန်တော့်ဆီကို ပြေးဆင်းလာတာ၊ တော်သေးလို့ မပိတာ ၁၀ မီတာလောက်ပဲလိုတော့တယ်"ဟု ၎င်းက ဆင်ဟွာသို့ ပြောသည်။ ရွံ့နွံများသည် အဆိုပါဒေသ စတုရန်းမီတာ ၃၈၀၀၀၀ ဖုံးလွှမ်းသွားပြီး အနက်မီတာ ၁၀ မီတာ ခန့်ရှိကြောင်း ရှင်ကျင့်ဒုတိယမြို့တော်ဝန် လူကျင်ရှန်းက သတင်းထောက်များအား ပြောသည်။ **(ရိုက်တာ)**



## သူပုန်ထိန်းချုပ်ရာ ဆီးရီးယားမြို့ပေါ် ရုရှားစစ်လေယာဉ်များ တိုက်ခိုက်၍ အများအပြား သေဆုံး

**ဘေရွတ် ဒီဇင်ဘာ ၂၁**

ရုရှားစစ်လေယာဉ်များဟု ယူဆရသော လေကြောင်းတိုက်ခိုက်မှုတစ်ရပ်အတွင်း တနင်္ဂနွေနေ့က ဆီးရီးယား အနောက်မြောက်ပိုင်း သူပုန်ထိန်းချုပ်ရာ အိုင်းဒလစ်မြို့လယ်၌ လူအများအပြားသေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများနှင့် ဒေသခံများက ပြောသည်။

အစိုးရအဆောက်အအုံအချို့၊ လူနေရပ်ကွက်နှင့် လူစည်ကားရာဈေးကို အနည်းဆုံး ခြောက်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လူပေါင်း ၄၃ ဦး သေဆုံးခဲ့ပြီး ၃၀ ခန့်သာ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ကြောင်း၊ ယင်းတိုက်ခိုက်မှုအတွင်း လူပေါင်း ၁၅၀ ကျော် ဒဏ်ရာရခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်၍ တူရကီဆေးရုံများသို့ ပို့ထားရကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ "အုတ်ကျိုးအုတ်ပဲ့တွေအောက်မှာ သေနေတဲ့သူတွေက အများကြီးဗျ" ဟု ပြည်သူ့ကာကွယ်ရေး လုပ်သားရက်ဆာဟမ်မိုက အင်တာနက်မှ တစ်ဆင့်ပြောသည်။

အိုင်းဒလစ်မြို့သည် အနောက်မြောက်ပိုင်းပြည်နယ်၏မြို့တော်ဖြစ်ပြီး အစ္စလာမ္မစ် အကြမ်းဖက်ညွှန့်ပေါင်းအဖွဲ့က ယခုနှစ်အစောပိုင်းက သိမ်းပိုက်ထားသည်။ ရုရှားက စက်တင်ဘာ ၃၀ ရက်မှ စတင်ကာဆီးရီးယားသမ္မတ ဘရှာအယ်လ် အာဆတ်ကို ထောက်ခံသောအားဖြင့် လေကြောင်းမှ ဆီးရီးယားကို စတင်တိုက်ခိုက်ခဲ့သည်။ **(ရိုက်တာ)**

## ဂျပန်နိုင်ငံတွင် ကဖင်းဓာတ်ကြောင့် သေဆုံးမှုပထမဆုံးဖြစ်ပေါ်

**တိုကျို ဒီဇင်ဘာ ၂၁**

ဂျပန်နိုင်ငံတွင် ကဖင်းအဆိပ်ဖြစ်မှုကြောင့် ပထမဆုံးအနေဖြင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာက တနင်္လာနေ့တွင် ဖော်ပြသည်။

ဖူကူအိုကာ တက္ကသိုလ်ကပြုလုပ်ခဲ့သော မှုခင်းဆေးပညာအရ ဂျပန်အနောက်တောင်ဘက် ကျူရှူဒေသမှ အသက်၂၀ ကျော် အမျိုးသားတစ်ဦးသည် ကဖင်းဓာတ်ပါသော သောက်စရာ(ဆေးပြား)များကို အလွန်အကျွံသောက်သုံးမိသောကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းသည် ဂျပန်နိုင်ငံတွင် ကဖင်းကြောင့်သေဆုံးခဲ့သည့် ပထမဆုံးဖြစ်ရပ်ဖြစ်သည်။

၎င်းသေဆုံးမှုကို မတော်တဆကြောင့် သတ်မှတ်ထားသော်လည်း ၎င်း၏အစာအိမ်ထဲတွင် ကဖင်းဓာတ်ပါသော ဆေးပြားများ တွေ့ရကြောင်း၊ ရည်ရွယ်ချက်ရှိရှိ ကဖင်းဓာတ်ပါသော ဆေးများကို အလွန်အကျွံသုံးစွဲသလား သို့မဟုတ် ရှုးမိုက်စွာပြုလုပ်လိုက်သလားဆိုသည်ကို မသိရသေးကြောင်း ဖူကူအိုကာ မှုခင်းဆိုင်ရာလေ့လာရေး၏ လေ့လာမှုမှတ်တမ်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံကျန်းမာရေးနှင့် အလုပ်သမားရေးရာ ဝန်ကြီးဌာနက ယခုလိုမျိုး ဖော်ပြမှုသည် ပထမဆုံးဖြစ်ကြောင်း၊ ကဖင်းကြောင့် အဆိပ်အတောက်ဖြစ်သည်ကို တစ်ခါမှမကြားဖူးကြောင်း မှတ်ချက်ပြုသည်။ **(ဆင်ဟွာ)**

## ယီမင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ အဓိက သဘောတူညီချက်မရဘဲ ပြီးဆုံး

**ယီမင် ဒီဇင်ဘာ ၂၁**

ယီမင်ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် တနင်္ဂနွေနေ့က အဓိက သဘောတူညီချက်များ မရဘဲ ပြီးဆုံးခဲ့ကြောင်း၊ နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မူဘောင်တစ်ရပ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဆွေးနွေးပွဲ ပြန်စမည်ဖြစ်ကြောင်း ယီမင်ဆိုင်ရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူး သံတမန် ချိတ်အာမတ်က ပြောသည်။

"ယီမင်ဆွေးနွေးပွဲက သံတမန် ညှိနှိုင်းမှုအဆင့်သာရှိခဲ့ပါတယ်"ဟု ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် အထူးသံတမန်က ပြောသည်။

လာမည့် ရက်များအတွင်း အဆိုပါ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်ကာ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းထားမည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# မုန်တိုင်းကြောင့် အင်ဒိုနီးရှား ကူးတို့ရေယာဉ်နစ်မြုပ်၊ လူသုံးဦးသေဆုံး

**ဂျကာတာ ဒီဇင်ဘာ ၂၁**

ကလေး ၁၄ ဦး အပါအဝင် လူပေါင်း ၁၁၀ နှင့် အမှုထမ်း ၁၂ ဦးတင်ဆောင်လာသော ခရီးသည်တင် ရေယာဉ်သည် စနေနေ့က ဆူလာဝေစီကျွန်း ကမ်းလွန်တစ်နေရာတွင် လှိုင်းထန်မှုကြောင့် နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးခဲ့ပြီး အနည်းဆုံး ၃၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဒေသတွင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေး အေဂျင်စီက တနင်္ဂနွေနေ့က ပြောခဲ့သည်။

ကယ်ဆယ်ထားသော ခရီးသည်များ၏ ပြောကြားချက်အရ ခရီးသည်တင်ရေယာဉ်မှာ မုန်တိုင်း တိုက်ခတ်ပြီးနောက် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း တောင်ဆူလာဝေစီ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးရုံးမှ အကြီးအကဲဖြစ်သူ ရိုကီအဆီကင်က ပြောသည်။



နစ်မြုပ်သွားသော ခရီးသည်တင်ကူးတို့ရေယာဉ် ကေအမ်မာရီနာ ဘာရူဗီးရိုးတူးဘီတွင် ပါဝင်သော ခရီးသည်ဆိုင်ရာ သတင်းအချက်အလက်များကို မိသားစုဝင်တစ်ဦးက ဝမ်းနည်းပူဆွေးစွာ ကြည့်နေစဉ်။

ခရီးသည်တင်ရေယာဉ်မှာ ဆူလာဝေစီအရှေ့တောင်ဘက် ပြည်နယ်ကိုလာကာမှ ဘုန်းပင်လယ်အော်ကိုဖြတ်၍ တောင်ဆူလာဝေစီပြည်နယ် မြို့ဖြစ်သော သီဝကို ခုတ်မောင်းစဉ် စနေနေ့က မုန်တိုင်းထန်သော ရာသီဥတုကြောင့် လှိုင်းလုံးကြီးများသည် ၃ မီတာ (၁၀ပေ) ကျော်မြင့်တက်လာပြီး ဘုန်းပင်လယ်အော်အနီး၌ ရေယာဉ်ကို ဝါးမြိုသွားခြင်းဖြစ်ကြောင်း ရိုကီအဆီကင်က ပြောသည်။ နစ်မြုပ်သွားသောကူးတို့ယာဉ်မှာ ကေအမ်မာရီနာ ဘာရူဗီးရိုးတူးဘီ ဖြစ်သည်။

ထို့အပြင် ခရီးသည်တင်ရေယာဉ်မှာ အင်ဂျင်ချွတ်ယွင်းမှု ဖြစ်ပေါ်နေကြောင်း ၎င်းကဆင်ဟွာသို့ ဖုန်းဖြင့် ပြောသည်။

သေဆုံးသူများနှင့် အသက်ရှင်ကျန်ရစ်သူများကို ကိုလာကာ ဦတရာပြည်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျူးလီယက် ဘာရာတာကပြောသည်။

အဆိုပါ ခရီးသည်ရေယာဉ်မှာ စနေနေ့က ဒေသစံတော်ချိန် ၃ နာရီ ၁၀ မိနစ်တွင် မုန်တိုင်းဒဏ်ခံခဲ့ရခြင်း ဖြစ်ကြောင်း အမျိုးသား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံး ဗိုင်နူတက်ဂျာဟာက ဆင်ဟွာသို့ ပြောခဲ့သည်။

သင်္ဘောများ၊ လေယာဉ်များနှင့် ကယ်ဆယ်ရေးရေယာဉ်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်နေကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဆပ်ဘလက်တာနှင့် ပလာတီနီအား ဖီဖာက ရှစ်နှစ်ပိတ်ပင်

**ဇူးရစ် ဒီဇင်ဘာ ၂၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌဆပ်ဘလက်တာနှင့် ယူအီးအက်ဖ်အေ အကြီးအကဲ မစ်ချယ်ပလာတီနီတို့အား ခွဲခြားဆက်ဆံမှုနှင့် အကျင့်ပျက်ခြစားမှုကြောင့် ဖီဖာကျင့်ဝတ်ကော်မတီက တနင်္လာနေ့တွင် ရှစ်နှစ်စီ ပိတ်ပင်လိုက်သည်။

၎င်းတို့နှစ်ဦးအား ၂၀၁၁ ခုနှစ်က ဆွစ်ဖရန့် ငွေနှစ်သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂ သန်း) အလွဲသုံးစားမှု ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် အောက်တိုဘာလအတွင်း ရက်ပေါင်း ၉၀ ကြာ ရာထူးမှ ဆိုင်းငံ့ထားခြင်း ခံရပြီးနောက် ရှစ်နှစ်ကြာ ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့ကြောင်း ဖီဖာတာဝန်ရှိသူများက ပြောသည်။

**(ရိုက်တာ)**

# ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားများ၏အခွင့်အရေးရရှိရန် ဥပဒေများထုတ်ပြန်ပြီးဖြစ်



နေပြည်တော် ဒီဇင်ဘာ ၂၁

**ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်သည် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်း တွင် ရဟတ်ယာဉ်များဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပန်ဆန်းမြို့သို့ ရောက်ရှိ ကြရာ "ဝ"အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံ၊ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးပေါက်ယူရီနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။**

ယင်းနောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် နှင့်အဖွဲ့သည် "ဝ"အထူးဒေသ (၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံ ဦးဆောင်သည့်အဖွဲ့နှင့် ပန်ဆန်း မြို့ "ဝ"အထူးဒေသ(၂) ပြည်သူ့ ခန်းမ၌ တွေ့ဆုံဆွေးနွေးကြ သည်။ **(အပေါ်ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် က ပြည်ထောင်စုငြိမ်းချမ်းရေး ဖော် ဆောင်ရေးခရီးလမ်းတွင် တိုင်းရင်း သားညီအစ်ကိုအားလုံး အတူတကွ လက်တွဲလျှောက်လှမ်းနိုင်ရန် ဆောင် ရွက်နေသည့် အခြေအနေများကို ရှင်းပြရန်ရောက်ရှိလာခြင်း ဖြစ်ပါ ကြောင်း၊ ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းရာတွင် ခိုင်ခိုင်မာမာဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရန်လိုပါ ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရုံ ဖြင့် မပြီးသေးဘဲ လိုအပ်ချက်များကို ညှိနှိုင်းတိုင်ပင် ဆွေးနွေးနိုင်သည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကို လည်း လုပ်ဆောင်ရန်လိုပါကြောင်း။

ထို့ပြင် ထာဝရငြိမ်းချမ်းရေး မရရှိသေးမီ ကြားကာလတွင် လက်နက်ကိုင်အဖွဲ့အချင်းချင်းကြား ၌ အတူတကွ ပူးတွဲနေထိုင်ရေး လုပ်ငန်းစဉ်များ ချမှတ်ရန်လိုပါ ကြောင်း၊ နယ်မြေဒေသအလိုက် ဆောင်ရွက်မည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်ထောင်စုအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ လာမည့်ဇန်နဝါရီ ၁၂ ရက်တွင် ပြည်ထောင်စု ငြိမ်းချမ်း ရေးဆွေးနွေးပွဲကျင်းပရန် ရှိပါ ကြောင်း၊ ပြည်ထောင်စု၏ ငြိမ်းချမ်း ရေးခရီးလမ်းတွင် အစဉ်အလာ ရှိသည့် "ဝ" တိုင်းရင်းသားခေါင်း ဆောင်များအား ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန် ဖိတ်ကြားပါ ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးတွင် အချိန်မရွေး ပါဝင်လာနိုင်ရန် တံခါးဖွင့်ထားပါ ကြောင်း၊ "ဝ"အထူးဒေသ(၂) အနေဖြင့် ဒေသ၏ ရေရှည်အကျိုး စီးပွားကိုမျှော်ကိုးပြီး ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားသည့် ကိစ္စရပ်များ နှင့်ပတ်သက်၍ ဥပဒေကြောင်းနှင့် အညီ ဆောင်ရွက်ပေးရန်လိုသည့် ကိစ္စများရှိပါက ပွင့်လင်းစွာညှိနှိုင်း ဆွေးနွေးနိုင်ပါကြောင်းနှင့် ကူညီ ဆောင်ရွက်ပေးရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးလှထွန်းက မိမိတို့နိုင်ငံ သည် ပြည်ထောင်စုတိုင်းရင်းသား များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ် သည့်အတွက် တိုင်းရင်းသားများ၏ အခွင့်အရေးရရှိရန် ဥပဒေများ ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ တိုင်းရင်း သားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကိစ္စများ ဆောင် ရွက်ရန် တိုင်းရင်းသားရေးရာဝန်ကြီး ဌာန တစ်ခုဖွဲ့စည်း၍ ဆောင်ရွက်သွား ရန်ရှိပါကြောင်း၊ ငြိမ်းချမ်းမှ ဖွံ့ဖြိုး တိုးတက်မည်ဖြစ်ပြီး ငြိမ်းချမ်းမှ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင် မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းပြည်ကြီး ထာဝရငြိမ်းချမ်းရန် အတွက် မကြာခင်ကျင်းပမည့် နိုင်ငံ ရေးဆွေးနွေးပွဲများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပဋိပက္ခများချုပ်ငြိမ်းရေး အတွက် အရေးကြီးသည့်အချက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ် ရေးဖြစ်ပါကြောင်း၊ အမျိုးသား စည်းလုံးညီညွတ်မှုကို တည်ဆောက် နိုင်မှသာ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အခြေခံ လိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများပါ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ ကြားတွင် တည်ရှိနေသည့် သံသယ များ ပြေပျောက်စေရန် တွေ့ဆုံညှိနှိုင်း ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့်စည်းလုံးညီညွတ်ရေး ရရှိအောင် ဆောင်ရွက်မှုသည် နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်း၊ အမျိုး သားအားလုံး၏ လိုအင်ဆန္ဒများ၊ သံသယများ၊ လိုအပ်ချက်များကို တွေ့ဆုံညှိနှိုင်းပြီး အဖြေရှာနိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လမ်းဖွင့်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် "ဝ"အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံက "ဝ" အဖွဲ့အစည်းအနေဖြင့် **သမ္မတကြီး၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်မှု ဖြစ်စဉ်များနှင့် တိုးတက်မှုများ အပေါ် ထောက်ခံကြိုဆိုပါကြောင်း၊** တပ်မတော်နှင့်လည်း ပူးပေါင်းဆောင် ရွက်ရန်နှင့် ယုံကြည်မှုတိုးမြှင့်ရန် ဆန္ဒရှိပါကြောင်း၊ "ဝ"ဒေသသည် မြန်မာနိုင်ငံ၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် "ဝ"ဒေသအနေဖြင့် ခွဲထွက်သည့်မူမျိုးကို ဆောင်ရွက်မည် မဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေး လမ်းကို ဆက်လက်လျှောက်လှမ်း သွားမည်ဖြစ်ပါကြောင်း၊ "ဝ"ဒေသ တွင် စီးပွားရေးဖွံ့ဖြိုးမှု ကောင်းမွန် အောင် လုပ်ဆောင်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါး လုံးဝပပျောက်အောင် လည်း ကိုင်တွယ်သွားမည်ဖြစ်ပါ ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ် သည့် ကျန်းမာရေး၊ ပညာရေး၊ လယ်ယာဆည်မြောင်း ကဏ္ဍများ ကို ဆက်လက်အကူအညီပေးရန် မျှော်လင့်ပါကြောင်း၊ လာမည့် ဇန်နဝါရီလတွင် ကျင်းပမည့် နိုင်ငံရေး ဆွေးနွေးမှုတွင် ပါဝင်တက်ရောက် ရန် ဖိတ်ကြားမှုကို ကျေးဇူးတင်ရှိ ကြောင်း ပြောကြားပြီး ဒေသဖွံ့ဖြိုးရေး အတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် တွေ့ဆုံပွဲသို့တက်ရောက် ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC)မှ ဦးမြင့်စိုးတို့က ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက် သွားရေးကိစ္စရပ်များကို ဆွေးနွေးကြ သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)မှ ဦးခင် ဇော်ဦး၊ တပ်မတော်အရာရှိကြီးများ နှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် နှင့်အဖွဲ့သည် "ဝ"အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

## မယ်စကြဝဠာပြိုင်ပွဲကျင်းပခဲ့သည့်ဟိုတယ်အနီး လူသွားစင်္ကြံပေါ်ရှိ လူအုပ်အတွင်း ကားတစ်စီးတစ်ရှိန်ထိုးဝင်တိုက်မှုကြောင့် လူဒါဇင်ပေါင်းများစွာဒဏ်ရာရ

**လာ့စ်ဗီးဂတ်စ် ဒီဇင်ဘာ ၂၁**

အမေရိကန်နိုင်ငံ လာ့စ်ဗီး ဂတ်စ်မြို့ မယ်စကြဝဠာပြိုင်ပွဲကျင်းပ ခဲ့သည့် ဟိုတယ်အနီး ဒီဇင်ဘာ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၄၀ က လူသွားစင်္ကြံပေါ်ရှိ လူအုပ်အတွင်း အမျိုးသမီးတစ်ဦး မောင်းနှင်လာသည့် ကားတစ်စီး တစ်ရှိန်ထိုး ဝင်တိုက်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ဒါဇင်ပေါင်း များစွာဒဏ်ရာရရှိခဲ့သည်။

ကားအတွင်း၌ ယာဉ်မောင်း အမျိုးသမီးနှင့်အတူ သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးလည်း ပါရှိပြီး အဆိုပါ အမျိုးသမီးကိုထိန်းသိမ်းထား ကာ ဒီဇင်ဘာ ၂၁ ရက်တွင် စွဲချက် တင်လိမ့်မည်ဟု ယူဆရကြောင်း လာ့စ်ဗီးဂတ်စ် မက်ထရိုပိုလီတန် ရဲဌာနမှ အရာရှိများက ပြောသည်။







လူအုပ်အတွင်း အရှိန်ပြင်းပြင်း မောင်းနှင်လာသည့်ကား ဝင်တိုက် မိချိန်၌ လူများမှာ လေထဲတွင် လွင့်ပျံသွားကြသည်ဟု ကမ္ဘာလှည့် ခရီးသွားတစ်ဦးက ၄င်းတွေ့မြင်ခဲ့ ရသည့်မြင်ကွင်းကို ပြောပြသည်။

လာ့စ်ဗီးဂတ်စ်မြို့၏ ဒုတိယ ရဲမှူးချုပ်က အဆိုပါအဖြစ်အပျက်နှင့် ပတ်သက်၍ တစ်စုံတစ်ရာပြောကြား ခြင်းမရှိသော်လည်း အကြမ်းဖက် သမားများနှင့် ဆက်နွယ်မှုမရှိ ကြောင်းပြောကြားသည်။ ဒဏ်ရာရရှိ သူများမှာ ၂၆ ဦး မှ ၃၆ ဦးအထိရှိပြီး စိုးရိမ်ဖွယ်ရာ အခြေအနေရှိခဲ့သည့် လူခြောက်ဦးမှာလည်း ယခုအခါ သက်သာလာကြောင်း လာ့စ်ဗီးဂတ်စ် အာဏာပိုင်များက ပြောသည်။ ယာဉ်မောင်း အမျိုးသမီးနှင့်အတူ ပါလာသောကလေးငယ်မှာ ဒဏ်ရာ မရရှိခဲ့ပေ။ **(ရိုက်တာ)**

**ဘာသာပြန်-စန္ဒီ**

## သားပျက်သားလျှောနှင့် ကိုယ်ဝန်ပျက်ကျခြင်းဆိုင်ရာ သတင်းအချက်အလက်များ လူထုကြားဖြန့်ဝေခြင်း သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် Ipas အဖွဲ့တို့ပူးပေါင်း၍ သားပျက်သားလျှောနှင့် ကိုယ်ဝန်ပျက်ကျ ခြင်းဆိုင်ရာ သတင်းအချက်အလက်များအား လူထုအကြား ဖြန့်ဝေခြင်း ဆရာ ဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ စီမံချက်ဝင်မြို့နယ်များမှ မိခင်နှင့်ကလေး စောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ နှင့်သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး ညွှန်ကြားရေး မှူး ဒေါက်တာသိဂီမြင့်က မိခင်နှင့်ကလေး သေနှုန်းကျဆင်းရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ဒေါက်တာနီနီ Country Manager Ipas က စီမံချက်ပြုလုပ်ရခြင်းအကြောင်း ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

*နိုင်ငံရေးရာဆောင်းပါးများကို အပတ်စဉ် အင်္ဂါနေ့တိုင်း ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် အကြောင်းအရာများနှင့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်အာဘော်နှင့် ရှုမြင်သုံးသပ်ချက်များဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။*

# တို့တွေအတွက် အိမ်လိုချင်တယ်



**သော်ဇင်ထွန်း**

"အခုတလောမှာ ငါမက်တဲ့အိပ်မက်တွေ အရမ်းထူးဆန်းတယ်. . .
မြက်ခင်းနဲ့ ခြံဝင်းနဲ့ အိမ်လေးကို တို့နှစ်ယောက်ပိုင်သတဲ့. . .
ပိုက်ဆံလေးတွေ စုချင်တယ်. . . လကုန်တိုင်း ဆုတောင်းဆဲကွယ်. . .
တို့နှစ်ယောက်အတွက် အိမ်လိုချင်တယ်. . .
မနက်ဖြန် ဒီအခန်းကနေခဲ့တာ စာချုပ်ပြည့်တော့မယ်. . .
လက်ထဲမှာ ဘယ်မလဲငွေ. . . ထပ်ငှားဖို့ စဉ်းစားတာနဲ့. . .
စိတ်ညစ်လည်း ဘာထူးမှာလဲ. . . အသက်တွေကသာကြီးခဲ့တယ်. . .
တို့နှစ်ယောက်အတွက် အိမ်ဘယ်မှာလဲ. . ."

မောင်မောင်ဇော်လတ်ရေးပြီး အငဲ သီဆိုတဲ့ "အိမ်" ဆိုတဲ့သီချင်းက အိမ်လခပေးခါနီးတိုင်း ကျွန်တော့်စိတ်ထဲ ဝင်ရောက်လာတတ်သည်။ လူဦးရေ ငါးသန်းကျော်ရှိတဲ့ ရန်ကုန်မှာ ဝန်ထမ်းတစ်ယောက်အနေနဲ့ အိုးပိုင်အိမ်ပိုင်နဲ့ နေနိုင်ရေးကား မလွယ်ရေးချမလွယ်။

ကော်လာပြာလုပ်သားများမပြောနှင့်၊ ကော်လာဖြူများပင် ဝင်ငွေကို တိုက်ခန်းဝယ်နိုင်ရေးအတွက် စုဆောင်းနိုင်ဖို့ မလွယ်လှ။ လက်ရှိမှာ အရစ်ကျနှစ်ရှည်စနစ်က အစပျိုးလေးသာဖြစ်သည်။ ဘဏ်စနစ်က ကောင်းစွာမလိုက်နိုင်သေး။ မြို့နေလူထုအတွက် နေရေးရှုန်းကန်ရမှု ကြီးထွားလာသည်မှာ အိမ်ခြံမြေဈေး အရောင်းအဝယ်ကြီးမားလာသည့်အချိန်မှ စတင်ခဲ့သည်။

ဆိုရှယ်လစ်နိုင်ငံတော် စီမံကိန်းစီးပွားစနစ်မှသည် ဈေးကွက်စီးပွားရေးသို့ ပြောင်းလဲလိုက်သည့်နောက်ပုဂ္ဂလိကလုပ်ငန်းရှင်များ အားပေးရေးနှင့်ပုဂ္ဂလိကအရင်းရှင်များကို နိုင်ငံတော်က ကျောထောက်နောက်ခံပေးရေး မူဝါဒကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပေါ်ထွက်လာခဲ့သည်။

သို့သော် အားနည်းချက်မှာ အပြန်အလှန် ထိန်းကျောင်းသည့် မဏ္ဍိုင်များမရှိခြင်းကြောင့် ဥပဒေထိန်းကွပ်စိုးမိုးမှု ယုတ်လျော့လာပြီး လက်သင့်ရာစားတော်ခေါ်၊ အကျင့်ပျက်ခြစားမှု ကြီးမားခြင်းတို့က အားပေးလာခဲ့တော့သည်။

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရောင်းချမှုကိုလည်း ဖွင့်ပေးခဲ့ရသည်။ မြန်မာတစ်နိုင်ငံတည်းတော့ မဟုတ်။ ယခင်က ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးသော နိုင်ငံတိုင်းလိုလို၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှုကို အားမကိုးနိုင်သည့် နိုင်ငံများအတွက် ၁၉၉၀ ပြည့်နှစ်များမှစ၍ သယံဇာတဘက် အာရုံပြုငွေရှာကြရသည်။

အခွန်စနစ် မစည်းကြပ်နိုင်မှုကလည်း ပုဂ္ဂလိကပိုင်ဆိုင်မှုများတွင် ငွေမည်းများ များပြားလာစေတော့သည်။ အချိန်တိုအတွင်း ဖွံ့ဖြိုးမှုရနိုင်သော ဆောက်လုပ်ရေးကဏ္ဍတွင် လိုအပ်ချက်မြင့်မားလာမှုနှင့်အတူ ပုံစံမျိုးစုံဖြင့် ဖြန့်ကြက် စီးဆင်းလာသောငွေများကြောင့် မြေအသုံးချမှု ပိုလာကာ ဈေးနှုန်းရိုက်ခတ်မှုများလည်း တစ်ချိန်တည်းတွင် ဖြစ်ပေါ်ခဲ့သည်။

ထို့အပြင် ပြင်ပကို တံခါးဖွင့်လိုက်တာကြောင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး ဆက်စပ်သော နေရာဒေသများတွင် အိမ်ခြံမြေဈေးများ ရိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည်။

အိမ်ရာမြေဈေးကွက် တစ်မှုဟုတ်ချင်းကြီးထွားသည့်အဖြစ်အပျက်ကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ တွေ့ရလေ့ရှိသော်လည်း နိုင်ငံစီမံခန့်ခွဲမှုအားနည်းသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အတိုင်းအဆပိုကြီးမားလေ့ရှိသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများရော၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ တရားမဝင်ငွေကြေးစီးဆင်းမှုက ပတ်သက်ဆက်စပ်မှုရှိနေသလို စစ်ပွဲများနှင့်ပါ ဆက်စပ်နေကြသည်။ အံ့ဩစရာကောင်းသည်မှာ ကမ္ဘာ့နိုင်ငံခေါင်းဆောင်အတော်များများ လျစ်လျူရှုထားနေကြဆဲ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလမှာကတည်းက နိုင်ငံတော်ကဖော်ဆောင်သော စက်မှုဇုန်များ၊ မြို့ရွာသစ်များနှင့် စီမံကိန်းသစ်များနောက် အိုးအိမ်မြေယာရင်းနှီးမြှုပ်နှံသူများ လိုက်ကြသည်။

ရှေးဦးစွာ ရင်းနှီးမြှုပ်နှံနိုင်သော နယ်စပ်ဒေသများမှ ငွေများစီးဝင်လာသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ရာ နယ်ပယ်အကန့်အသတ်ရှိခြင်းက မြေယာဈေးကွက်မှာ လူတအုန်းအုန်း ပိုဖြစ်စေတော့သည်။ ဝင်ဒါမီယာမှာနေသူက သူ့မြေကွက်ကိုရောင်းပြီး ယခင်မြို့သစ်များတွင်ပြန်ဝယ်မည်။ မြို့သစ်နေတဲ့သူက နောက်ပေါ်သောမြို့သစ်သို့ ပြောင်းမည်။ ပိုသောငွေကို ကားဝယ်စီးမည်။

ယင်းဖြစ်စဉ်ကြောင့် ပွဲစားမှုသည် အခြားသောအလုပ်အကိုင်သစ်များ ဖန်တီးနိုင်သလို ဆင့်ကဲငွေကြေးစီးဆင်းမှုဖြစ်သည့်အတွက် မက်လုံးသစ်များပေါ်စေခြင်းကြောင့် မကောင်းဘူးလားဟု စောဒက တက်နိုင်ပါသည်။

ကောင်းပါသည်။ ဒါပေမယ့် တခြားမျက်နှာစာဘက်ကတော့ ထိခိုက်ဆုံးရှုံးမှုများဝင်လာသည်။ အများစုက စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုပြန်မလုပ်နိုင်ဘဲ လွယ်လွယ်ရ၊ လွယ်လွယ်သုံးတွေဖြစ်လာကာ အချိန်ကာလတစ်ခုမှာ လက်ထဲ ငွေမရှိတော့။

သင်သည် ပညာတတ်၊ စားရေးအတွက် မပူပန်ရသူ အစိုးရဝန်ထမ်း သို့မဟုတ် ကုမ္ပဏီဝန်ထမ်းဆိုပါစို့၊ နေစရာအိမ်ခန်းတစ်ခု ဘယ်နှနှစ်နေရင် ဝယ်မည်ဟု စီမံကိန်းချကာ အလုပ်ကြိုးစားနေရာမှ အိမ်ရာမြေဈေးက လိုက်မမီနိုင်သောနှုန်းဖြင့် ဖောင်းပွနေသည်ဆိုရင် သင်ဘာလုပ်မည်နည်း။

ဖြတ်လမ်းနည်းနှင့် စီးပွားရှာခြင်းသော် လည်းကောင်း၊ စိတ်ပျက်စွာဖြင့် အရင်းရှင်စီးပွားရေးစနစ်မှာ လိုအပ်ချက်ဖြစ်သော ငွေကြေးစုဆောင်းသည့်အလေ့ကို စွန့်ပစ်ကာ ဖြုန်းတီးမှုလုပ်တာသော် လည်းကောင်း ကျင့်ကြံလာပေတော့မည်။

ငွေကြေးဖောင်းပွမှုက သင့်ကို လှုပ်လေမြုပ်လေဖြစ်အောင် ဖန်တီးနေတော့ ပညာသင်ကြားမှုလျော့ကျ၊ ကျန်းမာရေးစောင့်ရှောက်မှုနိမ့်ပါးကာ မကျေနပ်စိတ်များ ကိန်းအောင်းလာဖို့များသည်။

၂၀၁၄ ခုနှစ်ထုတ် ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၃၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ဒေသတွင်း နှုန်းမြင့်မားသောနိုင်ငံတစ်ခု ဖြစ်သည်။

ဒီကြားထဲကပင် လွယ်လှသည် မဟုတ်သော်လည်း အစိုးရသစ်အနေဖြင့် အိမ်ရာကဏ္ဍကို အလေးထား၍ ဆက်လက်အကောင်အထည်ဖော်သင့်သည်။ နှစ်လတ်၊ နှစ်ရှည်ငွေသွင်းသော တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို လိုအပ်ချက်နှင့် ထိန်းညှိ၍ လုပ်ဆောင်ရမည်ဖြစ်သည်။

# ရန်ကုန်ပညာရေးတက္ကသိုလ်မှ အထူးချွန်ဆုံးဘီအီးဒီကျောင်းသူတစ်ဦးအား ရွှေတံဆိပ်ဆုချီးမြှင့်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၁

**ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၄၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ၏ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဒေါက်တာဦးသန်းဦးက စတုတ္ထအကြိမ်မြောက် ပေါ်ထွက်လာသည့် အထူးချွန်ဆုံး ဘီအီးဒီကျောင်းသူ မသင်းသီရိအား ရွှေတံဆိပ်ဆုချီးမြှင့်ခဲ့သည်။** (ယာပုံ)

အဆိုပါ ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၄၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဦးသန်းဦးဖောင်ဒေးရှင်း၏ ဘီအီးဒီဘွဲ့ ရွှေတံဆိပ်ဆုရှင်အဖြစ် စတုတ္ထအကြိမ် ပေါ်ထွက်လာသော ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့မှ ဦးစိုးနိုင်-ဒေါ်အေးအေးသောင်း၏ သမီးဖြစ်သူ မသင်းသီရိကို ရန်ကုန်တက္ကသိုလ်နှင့် အမေရိကန် ဟာဗိုင်ရီတက္ကသိုလ်တို့မှ ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ရရှိခဲ့သော ဆရာကြီး ဒေါက်တာဦးသန်းဦး ကိုယ်တိုင် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ပြီး ရွှေတံဆိပ်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ယင်းဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၂၀၁၃ ခုနှစ် (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဦးသန်းဦး၏ ပထမရွှေတံဆိပ်ဆုရှင်ဖြစ်သော မစုမြတ်အေးသောင်းသည် ပညာရေးမဟာဝိဇ္ဇာဘွဲ့ကို တက်ရောက်ယူခဲ့သဖြင့် ရွှေတံဆိပ်ဆုရှင် နှစ်ဦး တစ်ပြိုင်တည်းဆုံတွေ့ကြသော ထူးခြားသည့် နေ့တစ်နေ့လည်း ဖြစ်သည်။

ဆရာကြီး ဒေါက်တာဦးသန်းဦးသည် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်နည်းတူ အထက်တန်းပြဆရာများ လေ့ကျင့်ပျိုးထောင်ပေးရာ စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဘီအီးဒီပညာရေးဘွဲ့ရရှိသူများအနက် ပထမအဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်သူတစ်ဦးအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပထမဦးဆုံးအကြိမ် ရွှေတံဆိပ်ဆု ဆက်လက်ချီးမြှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**



❍ *ကျောဖုံးမှ*

ဖွံ့ဖြိုးမှုအားနည်းနေသည်ကို တွေ့ရှိရသည်။ ယခု အစီအစဉ်အရ ရေရှည်တည်တံ့သည့် ရေချိုငါးမွေးမြူရေးနှင့်ဂေဟစနစ်ကို အခြေပြုသည့် လမုတောများ ပြန်လည်စိုက်ပျိုးခြင်းအပါအဝင် ကမ်းခြေ ပုစွန်မွေးမြူခြင်းကိုလည်း ဆောင်ရွက်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

ယခင်ကတည်းကပင် အီးယူသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသစ် ပြောင်းလဲရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရိုသန်း ၁၀ ကို သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ငါးနှစ်သတ်မှတ်ထားပြီး ရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်တင်ရန်၊ ရပ်ရွာစောင့်ရှောက်ရေးနှင့် လူစုလူဝေးကို ကိုင်တွယ်ထိန်းသိမ်းရေးတို့တွင် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော ခေတ်မီလုပ်ထုံးလုပ်နည်းများ ကျင့်သုံးစေရန်၊ ရဲလုပ်ငန်းတာဝန်များကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းညှိသည့် ဥပဒေမူဘောင်ချမှတ်ခြင်းများ လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ ရဲနှင့် ပြည်သူအကြား အပြန်အလှန်နားလည်ရေး၊ တိကျမှန်ကန်သော သတင်းအချက်အလက်များ မျှဝေရေးနှင့် မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည် မူဝါဒလမ်းစဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် အောင်မြင်မှုရရှိထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် ယူရိုသန်း ၂၀ သုံးစွဲသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် ဆက်လက်ဖော်ဆောင်မှုအပေါ် စောင့်ကြည့်လေ့လာခြင်း၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနှင့် ပဋိပက္ခဖြစ်ပွားရာနေရာများတွင် နေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်ကောင်းမွန်လာစေရေးအတွက် နည်းလမ်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက ရှင်းလင်းတင်ပြ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် ၁၁ ခုဖြင့် ကျင်းပရာ သဝဏ်လွှာတစ်ခု ဖတ်ကြားခြင်း၊ နိုင်ငံရေးပင်စင်ချီးမြှင့်ငွေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ဥပဒေကြမ်း နှစ်ခု ဆွေးနွေးခြင်းနှင့် စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော် နာယကထံမှ နိုင်ငံတော်သမ္မတထံသို့ ယနေ့ရက်စွဲဖြင့် သဝဏ်လွှာပေးပို့မှုအား ဖတ်ကြားတင်ပြသည်။

အဆိုပါသဝဏ်လွှာတွင် ကချင်ပြည်နယ် ဖားကန့်ဒေသတွင် လက်ရှိဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်ထောင်စုအစိုးရအဖွဲ့၏ ဖြေရှင်းဆောင်ရွက်မှုအခြေအနေများကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အမြန်ဆုံး ရှင်းလင်းတင်ပြသင့်ကြောင်း အရေးကြီးအဆိုတစ်ရပ် ပေးပို့ခဲ့ခြင်းအပေါ် ယင်းကိစ္စရပ်ကို လွှတ်တော်အစည်းအဝေး၌ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောလျင်စွာ ရှင်းလင်းတင်ပြပြီး ဆက်လက်စီမံဆောင်ရွက်ပေးနိုင်ပါရန် ဖော်ပြ၍ ပေးပို့ထားရှိကြောင်း ဖတ်ကြားတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်သည်။




ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက **တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေ**နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ဖတ်ကြားတင်ပြသည်။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် ၂၆ ချက်ရှိသည့်အနက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များအတိုင်း အတည်ပြုပြဋ္ဌာန်းသင့်ကြောင်း ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံတင်ပြရာ ပြည်ထောင်စုလွှတ်တော်ကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုရန်ကျန်ရှိသည့်အချက်များကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရာလွှတ်တော်ကိုယ်စားလှယ်လေးဦးက ပါဝင်ဆွေးနွေးအတည်ပြုကြပြီး ကျန်ရှိသည့်အချက်များကို ဆက်လက်အတည်ပြုသွားမည်ဖြစ်သည်။

ထို့ပြင် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း** ပါ လုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့များဖွဲ့စည်းခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေးတင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြို(ခ)ခမိ အမည်ပါ နိုင်ငံရေးပါတီဟူ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့် ပြုထားခြင်းမရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း နှစ်ခု ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရန်ဆုံးဖြတ်ခြင်း၊ ဥပဒေကြမ်းနှစ်ခု ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ဥပဒေကြမ်းတစ်ခု ရုပ်သိမ်းကြောင်း ဆုံးဖြတ်ခြင်း၊ ဥပဒေကြမ်းတစ်ခု ပြန်လည်ဆွေးနွေးရန် ဆုံးဖြတ်ခြင်း၊ ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်းနှင့် ဥပဒေကြမ်း တစ်ခု အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြေကြားစဉ်။

အစည်းအဝေးတွင် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက **ရခိုင်တိုင်းရင်းသားများဖြစ်ကြသော မြိုနှင့် ခမိတို့အား သီးခြားလူမျိုးများအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ မြို(ခ)ခမိ (သို့) မြို/(ခ)ခမိဟု သုံးနှုန်းခြင်းသည် တရားဝင်မှု ရှိ/မရှိနှင့် မြို(ခ)ခမိ အဖွဲ့အစည်း (မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့)ဟု ဖွဲ့စည်းထားခြင်းအပေါ် မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို မေးခွန်းနှင့်စပ်လျဉ်း၍** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံ၌ ကောက်ယူခဲ့သော ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများအရ လူမျိုးစုရှစ်မျိုးတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိ **မြို**လူမျိုးနှင့် **ခမီ** လူမျိုးများကို စိစစ်ရာတွင် ရခိုင်လူမျိုးစု ခုနစ်မျိုး၌ မြိုလူမျိုးနှင့် “ခမွီး” လူမျိုးများကိုသာ တွေ့ရပါကြောင်း၊ **ခမီ** လူမျိုးသည် ချင်းလူမျိုးစု ၅၃ မျိုးတွင် ပါဝင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ **မြို** လူမျိုးနှင့် **ခမီ** လူမျိုးတို့သည် တိုင်းရင်းသားလူမျိုးစု တစ်ခုစီမှ သီးခြားလူမျိုးတစ်မျိုးစီသာဖြစ်သည်ကို တွေ့ရပါကြောင်း။



ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းစဉ်။

ထို့ပြင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ တိုင်းရင်းသားလူမျိုးစာရင်းကြမ်း ထွက်လာချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ လမ်းညွှန်မှုခံယူပြီး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ တိုင်းရင်းသားလူမျိုးအမည်များ သတ်မှတ်ပြီးမှသာလျှင် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ အတည်ပြုချက်ရယူ၍ ထုတ်ပြန်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ မြိုနှင့် ခမီတို့အား သီးခြားလူမျိုးများအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ မြို(ခ)ခမိ (သို့) မြို/ခမိဟု သုံးနှုန်းခြင်းသည် တရားဝင်မှု ရှိ/မရှိနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆုံးဖြတ်ပိုင်ခွင့်မရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးပါတီ (မ. ခ. မ. ည. ဖ) အား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီမှ (မ. တ. ဖ. ပ) အမည်သို့ ပြောင်းလဲသတ်မှတ်ထားပြီး ဖြစ်ပါကြောင်း၊ မြို(ခ)ခမိ အမည်ပါ နိုင်ငံရေးပါတီဟူ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားခြင်း မရှိပါကြောင်း ဖြေကြားသည်။

ဖားဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်(ကိုယ်စား) မယ်စဲ့မယ်ဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းက **ကယားပြည်နယ်၊ ဘောလခဲခရိုင်၏ အဓိက အချက်အချာဒေသတစ်ခု ဖြစ်သော**

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# စိစစ်ပြီးကျူးကျော်လယ်ယာမြေများကို သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူပြီး သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် အစီအစဉ် ၁၆ ခုဖြင့် ကျင်းပရာ မေးခွန်းတစ်ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း နှစ်ခု အသိပေးခြင်း၊ အဆိုတစ်ခု ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် အစီရင်ခံစာ သုံးခု ဖတ်ကြားမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး၏ **ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒေသတွင် မြို့နယ်များရှိ သစ်တောကြိုးဝိုင်းအတွင်း နှစ်အတန်ကြာကတည်းက စိုက်ပျိုးလုပ်ကိုင်နေကြသည့်တောင်သူများ၏ လယ်ယာမြေများအား သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်ပေးသွားမည့်အခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က နေပြည်တော်ကောင်စီနယ်မြေ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်လယ်ယာမြေသီးသန့်စာရင်းကို စိစစ်ကောက်ယူပြုစုခဲ့ပါကြောင်း၊ စာရင်းအရ ဒက္ခိဏခရိုင်တွင် ရွာပေါင်း ၁၆၀ အတွက် လယ်မြေ ၂၁၃၁၇ ဒသမ ၁၂ ဧက၊ ဥတ္တရခရိုင်တွင် ရွာပေါင်း ၈၆ ရွာအတွက် လယ်မြေ ၇၈၁၀ ဒသမ ၉၅ ဧက စုစုပေါင်း ၂၄၆ ရွာအတွက် လယ်မြေ ၂၉၁၂၈ ဒသမ ၀၇ ဧက စိစစ်ခဲ့ပြီး သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင် ဖြေကြားစဉ်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပိုးသတ်ဆေးဥပဒေကြမ်း**နှင့် **အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ယင်းနောက် **ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၏ ကချင်ပြည်နယ် ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူရာချီသေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ရှင်းလင်းပြောကြားရာတွင် ကျောက်စိမ်းအပါအဝင် ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းများကို တိုင်းရင်းသားပိုင် ကျောက်မျက်ကုမ္ပဏီ၊ အသင်းများ လုပ်ကိုင်နိုင်ရုံသာမက ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်လိုသည့် ဒေသခံများနှင့် အခြားနယ်များမှ ပုဂ္ဂလိကတစ်ဦးချင်းစီက ဆောင်ရွက်နိုင်မည့် ကျောက်မျက်ရတနာ လက်လုပ်လက်စား လုပ်ငန်းများနှင့် ကျောက်မျက်ရတနာအသေးစားလုပ်ငန်းများကို ခွင့်ပြုပေးနိုင်ရန် ခေတ်စနစ်နှင့် လျော်ညီသည့် အချက်များကို ပြင်ဆင်နိုင်ရန်တို့အတွက် **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**ကို ပြင်ဆင်ရေးဆွဲပြီး ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး မေးမြန်းစဉ်။

*စာမျက်နှာ ၉ ကော်လံ ၄ သို့*



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*✻ ရှေ့ဖုံးမှ*

ညှိနှိုင်းမှုအဆင့် (Coordination Level)၊ အကောင်အထည်ဖော်မှုအဆင့် (Implementation Level) များတွင် ညှိနှိုင်းဆောင်ရွက်မှုများကို အသီးသီးဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုဆောင်ရွက်မှုများ၏ အသီးအပွင့်ကို နောင်တစ်ချိန်တွင် ခံစားနိုင်ရေးအတွက် အစိုးရအဆက်ဆက် လက်ဆင့်ကမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိ အတွက် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်သည် ဂျပန်နိုင်ငံ၏ စိတ်ပါဝင်စားမှုအပြည့်အဝရရှိခဲ့သဖြင့် အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်ရန် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ချိန်များအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

ရှုထောင့်ကကြည့်လျှင် အရေးကြီးသည့် မဟာဗျူဟာကျသောနေရာတွင် ရှိသဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံရှိ ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါဟူ၍ အထူးစီးပွားရေးဇုန် သုံးခုစတင်



ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရေနက်ဆိပ်ကမ်းစီမံကိန်း နမူနာပုံစံကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကျောက်ဖြူ SEZ)

သူအသီးသီးအနေဖြင့် မိမိတို့၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်ကိစ္စရပ်များကိုလည်း အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာများ အကောင်အထည်ဖော်နိုင်မှုသည် မြန်မာ-ထိုင်းနှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်လည်း အကျိုးကျေးဇူးများရရှိမည် ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံပါဝင်လာခြင်းဖြင့် စီမံကိန်းအကောင်အထည်ဖော်မှု ပိုမိုထိရောက် မြန်ဆန်လာမည်ဖြစ်သည့်

ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် အကြံပေးကုမ္ပဏီ၊ မြန်မာနိုင်ငံဘက်နှင့် Preferred Bidder တို့အကြား တင်ဒါရလဒ်ကြေညာနိုင်ရန်အတွက် ပြီးစီးအောင်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ သို့မှသာ နောင်အစိုးရအနေဖြင့် အလွယ်တကူ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

မိမိတို့ လက်ရှိဖော်ဆောင်နေသည့် အထူးစီးပွားရေးဇုန်များသည် ပင်လယ်ကမ်းရိုးတန်း၊ ရေဆိပ်လမ်းကြောင်းများအပေါ်တည်ရှိပြီး မိမိနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်လည်း Connectivity ဆောင်ရွက်ခဲ့ရာ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲနိုင်ရန် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၊ သက်ဆိုင်ရာဇုန်အလိုက် စီမံခန့်ခွဲမှုကော်မတီများကို စနစ်တကျဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ နောင်ပေါ်ထွန်းလာမည့် အစိုးရသစ်လက်ထက်တွင် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် အထူးစီးပွားရေးဇုန်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကိုလည်း ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ ဖြင့် ထုတ်ပြန်ဖွဲ့စည်းခဲ့ပြီး



ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။

ဖြစ်ပါကြောင်း။

အထူးစီးပွားရေးဇုန်သုံးခု လျာထားခဲ့ရာတွင် အောင်မြင်မှုအရှိဆုံးနှင့် လက်တွေ့စတင်ဖော်ထုတ်နိုင်သည်မှာ သီလဝါအထူးစီးပွားရေးဇုန်ပင်ဖြစ်ပါကြောင်း။ သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်(၁) အနေဖြင့် ဟက်တာ ၄၀၀ ရှိသည့် Residential Area နှင့် Commercial Area ကို လုပ်ဆောင်မည်ဖြစ်ပါကြောင်း။

ဆက်လက်၍ သီလဝါအထူး



ဒုတိယဝန်ကြီး ဦးဟံစိန် ရှင်းလင်းတင်ပြစဉ်။

စီးပွားရေးဇုန်၏ ဒုတိယအဆင့်အနေဖြင့် ဟက်တာ ၇၀၀ ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ဟက်တာ ၇၀၀ အကောင်အထည်ဖော်မည့် MoU စာချုပ် လက်မှတ်ရေးထိုးရန်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် အစည်းအဝေးကျင်းပခဲ့ပါကြောင်း။

အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်နိုင်မှုနှင့် ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေမှုအခြေအနေကိုသုံးသပ်ရလျှင် ထားဝယ်အထူးစီးပွားရေးဇုန်၌ Roland Berger ကုမ္ပဏီအနေဖြင့် Project Management Office (PMO) အဖြစ် ဆက်လက်ဆောင်ရွက်ပြီး ကနဦးစီမံကိန်းများပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း၊

သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်အထိ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကုမ္ပဏီ ၄၈ ခုအား ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ကုမ္ပဏီ ၄၆ ခုအား ဖွဲ့စည်းမှတ်ပုံတင်ပေးခဲ့ပါကြောင်း၊ ကုမ္ပဏီ ၄၈ ခု၏ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိပြီဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် လမ်းညွှန်အသုံးပြု ဆောင်ရွက်နိုင်မည့် ဒေသလွှမ်းခြုံပင်မစီမံချက် (Regional Master Plan) ကို CPG အကြံပေးကုမ္ပဏီအုပ်စုမှ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အပြီးသတ် ရေးဆွဲထားရှိပြီးဖြစ်

*စာမျက်နှာ ၉ ကော်လံ ၁*




ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စက်မှုဇုန်စီမံကိန်း လျာထားပုံစံကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကျောက်ဖြူ SEZ)

*စာမျက်နှာ ၈ မှ*

ပါကြောင်း၊ ဒေသလွှမ်းခြုံပင်မစီမံချက် (Regional Master Plan)တွင် ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့ပါဝင်ပြီး ကျောက်ဖြူဒေသတစ်ခုလုံး လွှမ်းခြုံပါဝင်ပါကြောင်း၊ ဒေသလွှမ်းခြုံပင်မစီမံချက် (Regional Master Plan)ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၉/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးမှ အတည်ပြုပြီးဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်တည်နေရာအတည်ပြု တိုင်းတာသတ်မှတ်ကြေညာရန်အတွက် တိုင်းတာပြီးစီးသည့်မြေဧရိယာ ၄၂၈၉ ဒသမ ၃၂ ဧကအား အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီး အတည်ပြုချက်ရရှိသည်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ထားဝယ်၊ သီလဝါနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထားဝယ်စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့က ဇုန်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရေနက်ဆိပ်ကမ်းစီမံကိန်း နမူနာပုံစံကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကျောက်ဖြူ SEZ)



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း ရှင်းလင်းတင်ပြစဉ်။

ယင်းနောက် တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန် တင်ဒါရလဒ်ကြေညာနိုင်ရန်အတွက် ပြီးစီးအောင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မိမိတို့ လက်ရှိဖော်ဆောင်နေသည့် အထူးစီးပွားရေးဇုန်များအားလုံးသည် မိမိနိုင်ငံနှင့် ပြည်သူများအတွက်သာမက ဒေသတစ်ခုလုံးအတွက် အကျိုးရှိမည်ဖြစ်၍ သတ်မှတ်ချိန်များအတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင် ရှင်းလင်းတင်ပြစဉ်။



ဒုတိယဝန်ကြီး ဦးမြင့်သိန်း ရှင်းလင်းတင်ပြစဉ်။

# (၁၆)ကြိမ်မြောက်

# မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ

(၂၉-၃၀.၁၂.၂၀၁၅) နေပြည်တော်

■ *ကျောဖုံးမှ*

မြို့တော်ခန်းမတို့၏ရှေ့၌ရှိကာ ရန်ကုန်မြို့သမိုင်းတစ်လျှောက် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး မြို့နေပြည်သူလူထုအတွက်လည်း အရေးကြီးသည့်နေရာတစ်ခုဖြစ်ခဲ့သည်။

၁၈၅၂ ခုနှစ် ဗြိတိသျှတို့ ရန်ကုန်မြို့ပြပုံစံရေးဆွဲသည့်အခါ ဤနေရာကို မြေလွတ်အဖြစ်ထားရှိခဲ့ပြီး တန့်ခ်စကွဲယားဟု လူသိများခဲ့သည်။ ၁၈၆၇-၁၈၆၈ ခုနှစ်တွင် ရွှံ့ထူထပ်လျက်ရှိသော နေရာဖြစ်နေပြီး မြေဖို့ကာ ပြည်သူများအနားယူသည့်နေရာအဖြစ် ပြောင်းလဲခဲ့သည်။ ထိုစဉ်က ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံ၏ကော်မရှင်နာအမည်ကို အစွဲပြု၍ ဖိုက်စကွဲယားဟု အမည်ပေးခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပြန်လည်ပြုပြင်ခဲ့ပြီး Royal Phillips Corporation ကလည်း ပန်းခြံအတွင်း မီးအလင်းပေးစနစ်များ တပ်ဆင်ပေးခဲ့သည်။ ယခုအခါ မဟာဗန္ဓုလပန်းခြံသည် နိုင်ငံတကာဧည့်သည်များနှင့် မြို့ခံပြည်သူများ လာရောက်အပန်းဖြေရာ နေရာတစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဦးသန့်သော်ကောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

မဟာဗန္ဓုလပန်းခြံ၌ တပ်ဆင်သည့် ကမ္ပည်းပြားအပြင် မြို့တော်ခန်းမ၊ ဧရာဝတီဘဏ်ရုံးချုပ်၊ အာမေနီးယန်းဘုရားကျောင်း၊ ဗဟိုမီးသတ်စခန်း၊ ဗဟိုစာတိုက်ကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အစိုးရပုံနှိပ်စက်၊ လောကနတ်အဆောက်အအုံနှင့် အင်းစိန်ဂိုဏ်အိုင်တို့တွင်လည်း အပြာရောင်ကမ္ပည်းပြားများတပ်ဆင်ပေးလျက်ရှိပြီး ယင်းအတွက် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ Royal Phillips Corporation က အမေရိကန်ဒေါ်လာ ၇၅၀၀၀ ကို ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

*ပြည်သူ့လွှတ်တော်မှ*

**ဖားဆောင်းမြို့နယ်တွင် စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဖားဆောင်းမြို့နယ်သည် ကုန်းလမ်းခရီးဖြင့် ကောင်းမွန်နေပြီး စီးပွားရေးအဓိကကျသည့် မြို့ဖြစ်သော်လည်း မြေအနေအထားအရ စက်မှုဇုန်တည်ထောင်နိုင်ရန် မြေလုံလောက်မှုမရှိသဖြင့် မြို့ပြစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပါက စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခု ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် ပြည်နယ်၏ မြို့တော်ဖြစ်သော လွိုင်ကော်မြို့တွင် စက်မှုရပ်ကွက်အား စက်မှုဇုန်အဖြစ် တိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသောကြောင့် လတ်တလောဆောင်ရွက်ပေးရန် မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် "ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း"နှင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့လာသည့် "ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း"တို့ကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်က အတည်ပြုသည်။

ထို့နောက် လျှပ်စစ်ဝန်ကြီးဌာနက ပေးပို့သည့် "လျှပ်စစ်နည်းပညာများ" နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး လွှတ်တော်အခွင့်အရေးကော်မတီကတင်သွင်းသည့် "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"ကို ပြည်သူ့လွှတ်တော်က ရုပ်သိမ်းကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော "အခြေခံပညာဥပဒေကြမ်း"ကို ပြန်လည်ဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်က ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော "ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်း" ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း" ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း လွှတ်တော်က ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနက "နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း" ကို တင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းပေး တင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

တင်ပြဆောင်ရွက်ခဲ့ပါကြောင်း။

ကျောက်မျက်ရတနာများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေး၊ ဒေသ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးတို့အတွက် သုံးစွဲရမည့် စက်ယန္တရားအရေအတွက်၊ ဝန်ဆောင်မှုတို့ကို ထပ်မံ၍ စနစ်တကျ သတ်မှတ်ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် လည်းကောင်း၊ ရေမဆေးရှာဖွေသူများကို ထိရောက်သော အရေးယူဆောင်ရွက်မှုများပြုလုပ်၍ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက်လည်းကောင်း၊ ရတနာနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ရရှိစေရန်အတွက် အုပ်ချုပ်မှုအာဏာ သက်ရောက်မှုရှိရန်လိုအပ်ပါကြောင်း၊ အုပ်ချုပ်မှုအာဏာသက်ရောက်ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့တို့သည် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားရာ ၎င်းအဆိုနှင့်ပတ်သက်၍ မဲခွဲဆုံးဖြတ်ပြီး အဆိုကိုအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်အခွင့်အရေးကော်မတီ၏ **ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ စိစစ်တင်ပြချက်အစီရင်ခံစာ**ကို ကော်မတီဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦးက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြချက်အစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီးက ဖတ်ကြားတင်သွင်းရာ လွှတ်တော်ကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ထို့ပြင် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်ဆည်တက္ကသိုလ်၌ ကျောင်းသားများ၏ဆိုင်ကယ်များ မကြာခဏခိုးယူခံရ

**စဉ့်ကိုင် ဒီဇင်ဘာ ၂၁**

ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းတက်နေသော ကျောက်ဆည်တက္ကသိုလ်တွင် အဆောင်နေကျောင်းသား ကျောင်းသူများ၏ ဆိုင်ကယ်များ ခိုးယူခံရမှု မကြာခဏ ဖြစ်ပွားနေကြောင်း ကျောင်းသားများ၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော်က ဒီနှစ် ဖိုင်နယ်ကျောင်းသားပါ။ အရင်နှစ်ကလည်း ကျွန်တော်တို့ကျောင်းမှာ ဆိုင်ကယ်တွေ မကြာခဏ အခိုးခံရပါတယ်။ ဒီနှစ်လည်း ဆိုင်ကယ်ပျောက်သွားတဲ့ ကျောင်းသား ကျောင်းသူ အများကြီး ရှိပါတယ်။ အခိုးခံရတဲ့ ဆိုင်ကယ်တွေကတော့ Thai Click တွေများပါတယ်"ဟု နေပြည်တော်မှ လာရောက်၍ ကျောင်းတက်နေသူ ကျောင်းသားတစ်ဦးက ပြောသည်။

ကျောက်ဆည်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၏ ဆိုင်ကယ်များ ခိုးယူခံရကြောင်း သတင်းများ၊ အကူအညီတောင်းခံသော သတင်းများကို လူမှုကွန်ရက် စာမျက်နှာများပေါ်တွင်လည်း တွေ့နေရသည်။ "တချို့ကလည်း ရဲတိုင်တယ်။ တချို့ကျတော့လည်း ရဲမတိုင်ဘူး။ အခိုးခံရတဲ့ ဆိုင်ကယ်တွေတော့ ပြန်ရသံ မကြားရဘူး။ ကျွန်တော်သိရသလောက် အခိုးခံရတဲ့ဆိုင်ကယ်တွေ အတော်များနေပြီ။ ပြီးခဲ့တဲ့ နှစ်လကျော်ကလည်း ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ကို ည ၈ နာရီလောက်မှာ တရုတ်ဆိုက်(တရုတ်ဓာတ်ငွေ့စက်ရုံ)နားမှာ လူသုံးယောက်က ဓားထောက်ပြီး Thai Click တစ်စီး လုယူသွားသေးတယ်"ဟု အဆိုပါကျောင်းသားက ဆက်ပြောပြသည်။

ကျောက်ဆည်တက္ကသိုလ်ကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ရန်ကုန်-မန္တလေးကားလမ်းမဟောင်း အရှေ့ဘက် တောမရွာအနီးတွင် တည်ဆောက်ထားပြီး တောမတက္ကသိုလ်ဟုလည်း လူသိများကာ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ အပါအဝင် ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားလျက်ရှိသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ရေစကြို၌ ခရမ်းချဉ်သီးဈေးနှုန်းများ ပြန်လည်ကျဆင်း

**ရေစကြို ဒီဇင်ဘာ ၂၁**

ပခုက္ကူခရိုင် ရေစကြိုမြို့တွင် ပြီးခဲ့သောရက်များက ဈေးနှုန်းထိုးတက်ခဲ့သော ခရမ်းချဉ်သီးများသည်ယခုရက်ပိုင်းတွင် ဈေးနှုန်းပြန်လည်ကျဆင်းလာကြောင်း သိရသည်။

ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်က တစ်ပိဿာ ၁၆၀၀ ကျပ်နှုန်းအထိ မြင့်တက်ခဲ့ရာမှ ယခုရက်ပိုင်းတွင် ခရမ်းချဉ်သီး အသစ်ပေါ်သောကြောင့် တစ်ပိဿာလျှင် ၃၀၀ကျပ်သို့ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ရေစကြိုမြို့နယ် တောကျောင်းကြီးကျေးရွာနှင့် ချောင်းဦးကျေးရွာများရှိ ခရမ်းချဉ်စိုက်ခင်းများမှ အသီးလှိုင်လှိုင်ပေါ်ကာ ရေစကြိုမြို့ပေါ်ဈေးများသို့ လာရောက် ဖောက်သည်ပေး၍ ရောင်းချသလို ဖောက်သည်ပေး၍မကုန်သော ခရမ်းချဉ်သီးများကို ဈေးတွင်ထိုင်၍ ရောင်းချနေသဖြင့် ဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။



ခရမ်းချဉ်သီးဈေးနှုန်းကျသွားသောကြောင့် ဝယ်ယူစားသုံးသူများအနေဖြင့် ပို၍ဝယ်ယူစားသုံးနိုင်ကြပြီး ရောင်းချသူများအနေဖြင့် ဈေးနှုန်းလျော့ကျသော်လည်း ပို၍ရောင်းချရသောကြောင့် အမြတ်အစွန်းများကာ အဆင်ပြေကြကြောင်း သိရသည်။ ခရမ်းချဉ်သီး ဈေးနှုန်းမြင့်တက်စဉ်က ဝယ်ယူသူနည်းပါးသောကြောင့် ခရမ်းချဉ်သီးများ မိမိလက်ထဲတွင် ပုပ်ရိကုန်သဖြင့် အရှုံးများပြီး ယခုဈေးသင့်သောကြောင့် ဝယ်ယူသူများပြားကာ ပိုမိုတွက်ခြေကိုက်ကြောင်း ခရမ်းချဉ်သီးရောင်းသူတစ်ဦးက ပြောပြသည်။

ရေစကြိုမြို့နယ်တွင် ထိုင်ဝမ်ခရမ်းချဉ်သီးဈေးနှုန်းသည် တစ်ပိဿာ ၃၀၀ ကျပ်ဖြစ်ပြီး ဗမာခရမ်းချဉ်သီးများမှာ ပေါ်ဦးပေါ်ဖျားဖြစ်သည့်အတွက် တစ်ပိဿာလျှင် ၆၀၀ ကျပ်ခန့်ရှိနေကာ ထိုင်ဝမ်ခရမ်းချဉ်သီးနှင့် ဗမာခရမ်းချဉ်သီး နှစ်မျိုးစလုံးကို ဝယ်ယူစားသုံးမှုများကြောင်း သိရသည်။ **နိုင်မိမိကို**



# ပင်လယ်ငါးလုပ်ငန်းဥပဒေအကြောင်း အလုပ်ရုံဆွေးနွေး

**ရေး ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် ရေးမြို့မှ ရေလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်ပတ်သက်သော အချက်အလက်များကို သိရှိစေရန်အတွက် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ရေးမြို့ မြမြင့်မိုရ်ဟိုတယ်၌ ဒီဇင်ဘာ ၂၁ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို CDEC ဖွံ့ဖြိုးရေးပညာ့ရောင်ခြည်နှင့် ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ မြို့နယ်ရှိ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာများမှ ရေလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရေလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့် မွန်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေများအပေါ် နားလည်မှုအခြေအနေ၊ လက်ရှိရေလုပ်ငန်းကဏ္ဍတွင် ဖြစ်တည်နေသော အခြေအနေများ၊ ရေသယံဇာတ အနည်းအများအလိုက် ရေသယံဇာတအပေါ် စီမံခန့်ခွဲမှုများ၊ အသုံးပြုနေသည့် ကိရိယာအမျိုးအစား၊ ငါးဖမ်းကွက်အမျိုးအစားနှင့် နေရာအခြေအနေများ၊ ဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအခြေအနေများ၊ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်မှုအခြေအနေများ၊ တာဝန်ယူမှု တာဝန်ခံမှုအခြေအနေများ၊ အခြားကြုံတွေ့နေရသည့်ပြဿနာများနှင့် အနာဂတ်တွင် ကောင်းမွန်သော ရေလုပ်ငန်းကဏ္ဍ ဖြစ်တည်ရေးစသည့် အကြောင်းအရာများကို အပြန်အလှန် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ကံမနှင့် မင်းတုန်းမြို့များ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရယူသုံးစွဲနိုင်ကြပြီ

**ဝေယံ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ပေသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဓာတ်အားရရှိပြီးသောနေရာများတွင် ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးနှင့် ဓာတ်အားမရရှိသေးသော မြို့၊ ကျေးရွာများတွင် ဓာတ်အားရရှိရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ရာ ယခင်က နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသေးသော ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နှင့် ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသေးသော မြို့များသို့ တိုးချဲ့ဓာတ်အားပေးနိုင်ရန် ဆောင်ရွက်ခဲ့ရာတွင် နောက်ဆုံးဆောင်ရွက်ပြီးသော မြို့များမှာ မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ မင်းတုန်းမြို့နှင့် ကံမမြို့များ ဖြစ်သည်။ မင်းတုန်းမြို့နှင့် ကံမမြို့များသည် ယခင်က ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ညဘက်တွင်သာ အချိန်ပိုင်းဓာတ်အားပေးခဲ့သောမြို့များ ဖြစ်သည်။

မင်းတုန်းမြို့သည် သရက်မြို့၏ အနောက်ဘက် ပုသိမ်-မုံရွာကားလမ်းမပေါ်တွင် တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားသောမြို့ဖြစ်သည်။ မင်းတုန်းမြို့ကို ၁၉၆၀ ခုနှစ်မှစ၍ ၂၅ ကေဗွီအေ စကိုဒါ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် စတင်ဓာတ်အားပေးခဲ့ရာမှ ၁၉၇၉ ခုနှစ်တွင် ၅၈ ဒသမ ၄ ကေဗွီအေ စကိုဒါ ဒီဇယ်ဓာတ်အားပေးစက်၊ ၁၉၈၅ ခုနှစ်တွင် ၁၂၀ ကေဗွီအေ စကိုဒါ ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးနှင့် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်း ၂၅၀ ကေဗွီအေ ကတ်တာပိုင်လာမီးစက် တစ်လုံးတို့ဖြင့် အဆင့်ဆင့်တိုးချဲ့၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ဒီဇယ်ဆီသုံးစွဲနိုင်မှု အခြေအနေအရ ညပိုင်း အချိန် နှစ်နာရီသာ ဓာတ်အားပေးနိုင်ခဲ့ပြီး မြို့ပေါ်ရှိ အိမ်ထောင်စု ၁၂၄၇ စုအနက် အိမ်ထောင်စု ၄၇၃ စုကိုသာ ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

မင်းတုန်းမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် ဥသျှစ်ပင်ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၅ ဒသမ ၄ မိုင် တည်ဆောက်ခြင်း၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ခြောက်မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း လေးမိုင်နှင့် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာလေးလုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ မင်းတုန်းမြို့တွင် ယခုနှစ် နိုဝင်ဘာ ၆ ရက်မှစ၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရယူ အသုံးပြုနိုင်ခဲ့သည်။ ၂၄ နာရီ ဓာတ်အားရရှိခဲ့ပြီး ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်သလို ယခင်က ဓာတ်အားမရရှိသေးသော အိမ်ထောင်စုများသို့လည်း တိုးချဲ့၍ ဓာတ်အားပေးထားနိုင်ပြီဖြစ်သည်။

ကံမမြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိပြီး သရက်မြို့မှ ၃၅ မိုင် ကွာဝေးကာ ဒေသခံပြည်သူများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းကြသည်။ ကံမမြို့ကို ၁၉၅၅ ခုနှစ်မှစ၍ ၂၂ ကေဗွီအေ ဘိုလင်ဒါမီးစက်ဖြင့် စတင်ဓာတ်အားပေးခဲ့ရာ ၁၉၆၈ ခုနှစ်တွင် ၁၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်၊ ၂၀၁၂ ခုနှစ်တွင် ၅၀၀ ကေဗွီအေ အိုလံပီယာ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် အဆင့်ဆင့်တိုးချဲ့၍ ဓာတ်အားပေးခဲ့ပါသည်။ ဒီဇယ်ဆီသုံးစွဲနိုင်မှုအခြေအနေအရ ညပိုင်း အချိန်နှစ်နာရီသာ ဓာတ်အားပေးခဲ့ပြီး မြို့ရှိ အိမ်ထောင်စု ၁၅၂၉ စုအနက် အိမ်ထောင်စု ၈၀၇ စုသို့သာ ဓာတ်အားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ကံမမြို့တွင်လည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိအသုံးပြုနိုင်ရန်အတွက် ဥသျှစ်ပင်ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၆ ဒသမ ၈၅ မိုင် တည်ဆောက်ခြင်း၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၄ မိုင်ကျော်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ငါးမိုင် သွယ်တန်းခြင်း၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာငါးလုံးတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးသဖြင့် ကံမမြို့သည် ဒီဇင်ဘာ ၁၀ ရက်မှစ၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားရရှိပြီဖြစ်ပြီး ယခင်က ဓာတ်အားမရရှိသေးသော အိမ်ထောင်စုများကိုလည်း မီတာများတပ်ဆင်ကာ တိုးချဲ့ဓာတ်အားပေးနိုင်တော့မည်ဖြစ်သည်။



မင်းတုန်း ၆၆/၁၁ ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားရရှိခြင်းဖြင့် မင်းတုန်းနှင့်ကံမမြို့များတွင် မီးလင်းရုံသာမက လျှပ်စစ်ဖြင့် ချက်ပြုတ်ခြင်း၊ သောက်သုံးရေ၊ စိုက်ပျိုးရေများ ရယူနိုင်ခြင်း၊ ဆေးရုံများတွင် အဆင့်မြင့်စက်ပစ္စည်းများ အသုံးပြုလာနိုင်ခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းစသည်ဖြင့် ဘက်ပေါင်းစုံမှ အကျိုးပြုမည်ဖြစ်သည်။ မင်းတုန်းမြို့နှင့် ကံမမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများသည်လည်း ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံမှတစ်ဆင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်သွယ်တန်းကာ ဓာတ်အားရယူသုံးစွဲနိုင်ကြမည်ဖြစ်သည်။

မင်းတုန်းနှင့် ကံမမြို့များသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးနိုင်ပြီးနောက်တွင် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် အသိ၊ သတိနှင့် သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မင်းတုန်းနှင့် ကံမမြို့များတွင် လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်၊ အားအပြည့် ရရှိအသုံးပြုနေနိုင်ပြီဖြစ်၍ မြို့ခံပြည်သူ ကလေးလူကြီးအားလုံး ပျော်ရွှင်နေကြပြီဖြစ်သည်။ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နေပူကျဲကျဲ၊ မိုးရွာထဲ၊ ဗွက်ထဲရွှံ့ထဲ၊ ရေအိုင်ထဲတွင် အပင်ပန်းခံလုပ်ကိုင်ခဲ့ကြသော လျှပ်စစ်ဝန်ထမ်းများအတွက်လည်း ဓာတ်အားသုံးစွဲသူများ၏ ပီတိစကားသံများက အားဆေးတိုက်ကျွေးခြင်းပင် ဖြစ်ပါသည်။

# မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ကန်ဒေါ်လာ ၁၄၆ ဒသမ ၁၁ သန်းရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ယခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ အမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၁၁ သန်းရရှိခဲ့ကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြောသည်။

အဓိကနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်ငန်း၊ လျှပ်စစ်စွမ်းအား၊ အိမ်ခြံမြေလုပ်ငန်းနှင့် အခြားရင်းနှီးမြှုပ်နှံမှုများမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၏ ပထမရှစ်လ (ဧပြီမှနိုဝင်ဘာ )ထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄ သန်း ရရှိခဲ့သည်။

ပထမရှစ်လအတွင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် အသားငါးနှင့်မွေးမြူရေးကဏ္ဍများတွင် ပြုလုပ်ခြင်းမရှိသေးကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြောသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ခြောက်သန်းရရှိရန် ရည်မှန်းချက်ဖြင့် ကာလရှည်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

စာရင်းအင်းကျွမ်းကျင်ပညာရှင်များက မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖွင့်ပေးလိုက်သည့် ၁၉၈၈ခုနှစ် နောက်ပိုင်းကာလမှ ၂၀၁၅ခုနှစ် အောက်တိုဘာအထိ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၀၃ သန်းရရှိခဲ့ကြောင်း ပြောခဲ့သည်။

တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၄ သန်းဖြင့် ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိပြီး စင်ကာပူက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉ သန်းဖြင့် ဒုတိယဖြစ်ကာ ထိုင်းက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ သန်းဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**တင်လင်းအောင်**



ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အထက (၃)တွင် မိုးပွင့်စီမံချက် အပိုင်း(၂)ဖြင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အနောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဝန်ထမ်းများ ဒီဇင်ဘာလ တတိယပတ်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

(မြန်မာ့အလင်း)

## ညအပူချိန်များ

၂၁-၁၂-၂၀၁၅

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ -၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့နှင့် ခန္တီးမြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

## ရေစကြိုမြို့နယ် အထက(ဗလဗ) အာစရိယပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အထက(ဗလဗ)၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း၌ကျင်းပသွားမည်ဖြစ်သည်။

ဗလဗကျေးရွာရှိ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီး ၆၂ ဦးအား တွေ့ဆုံကန်တော့သည့် အာစရိယ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်နိုင်ရန်၊ ဝေးကွာနေကြသော သူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ကြရန်ရည်ရွယ်ကျင်းပခြင်းဖြစ်၍ စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

**ဖိုးသန်း**

# ရေတာရှည်မြို့နယ် ရိုးမတော စဖျင်ချောင်တစ်ဝိုက် စိုက်ပျိုးထားသည့် မြေပဲခင်းများ တောဝက်များဖျက်ဆီး၍ တောင်သူများအခက်ကြုံ

**ရေတာရှည် ဒီဇင်ဘာ ၂၁**



တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမြို့မှအနောက် ၂၃ မိုင်ခန့်အကွာ ရိုးမသစ်တောကြိုးဝိုင်းဒေသရေငန်း ကျေးရွာအုပ်စု မြောင်သာကျေးရွာနေ ဒေသခံတောင်သူများသည် စဖျင်ချောင်ဘေး ဝဲ/ယာ၌ ဆောင်းမြေပဲများ စိုက်ပျိုးလျက်ရှိကာ တောဝက်များ ညစဉ်ဝင်ရောက်စားသောက်ဖျက်ဆီးနေသည့်အတွက် အခက်ကြုံနေကြရကြောင်း ဒီဇင်ဘာ ၂၀ ရက်က အဆိုပါကျေးရွာသို့ ရောက်ရှိစဉ် ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

"ညဦးပိုင်းနဲ့ နံနက်ပိုင်းအရုဏ်တက်ချိန်တွေမှာ လာစားတာများတယ်။ ကျွန်တော်တို့က တဲထိုးပြီး တော့သာ စောင့်နေရတာ၊ အနားကို သွားမကပ်ရဲဘူး။ မလွတ်သာရင် သူသေကိုယ်သေ ပြန်ကိုက်တာ၊ တောဝက်အထီးကြီးတွေ စားရင် တစ်ညကို ပဲဆန်ငါးပြည်စိုက်လောက်ကိုစားတာ၊ ဒါတောင်တောက်လျှောက်စားတာ မဟုတ်ဘူး။ ဘေးပတ်ဝန်းကျင်ကို ပြန်ကြည့်ပြီးမှစားတာ၊ ဝက်မနဲ့ ကလေးအုပ်တွေဆိုရင် ၁၀ ကောင်နဲ့အကောင် ၂၀ ကြားမှာရှိမယ်။ ညပိုင်းလာပြီဆိုရင် တောတိုးသံတွေ ကြားရတယ်။ အဲဒီအုပ်ကျလို့ကတော့ ပဲဆန်သုံးတင်းစိုက်လောက်ကို စားသွားတာ" ဟု မြောင်သာကျေးရွာနေ ကိုကျင်မော်က ၎င်းကြုံတွေ့ရပုံကို ပြောပြသည်။

သစ်တောများ ပြုန်းတီးလာခြင်းနှင့်အတူ တောတွင်း၌ သဘာဝအတိုင်း ကျင်လည် ကျက်စားလျက်ရှိသော တိရစ္ဆာန်များအနေဖြင့် အစားအစာရှားပါးလာခြင်းကြောင့် လူတို့ စိုက်ပျိုးထားသည့် အသီးအပင်များကို ယခင်ကထက် ပိုမိုစားသောက်ကြခြင်းဖြစ်ကြောင်း အဆိုပါကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။ ပဲစိုက်ပျိုးသည့် တောင်သူများသည် တောဝက်များ ဖျက်ဆီးခြင်းအပြင် ငမြောင်တောင်နှင့် ရွက်လိပ်ပိုးများ ကျရောက်ခြင်းကြောင့် ပဲအထွက်နည်းမည်ကို စိုးရိမ်နေရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဦးစီးဌာန တိုင်းရုံးနှင့် ခရိုင်ရုံးသစ်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းရုံးနှင့်ခရိုင်ရုံး အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ဒက္ခိဏ ထွေ/အုပ်ရုံးအနောက်ဘက်ရှိ အဆိုပါရုံးများ ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ တိုင်းဦးစီးမှူး ဦးကိုကိုနိုင်တို့က တိုင်းရုံးကိုဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးက ရုံးအဆောက်အအုံသစ်များ ဆောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရုံးသစ်များဖွင့်ပွဲသို့ တိုင်းနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ကျေးလက်ဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## လှိုင်းအသင့်အတင့်ရှိမည်

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# တောင်သူများ ရွှေဘိုပေါ်ဆန်းစိုက်ပျိုးမှု ယခင်နှစ်ထက် ပိုမိုများပြားလာ

**ရွှေဘို ဒီဇင်ဘာ ၂၁**



ရေရရှိမှုနည်းလမ်း ခြောက်သွယ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း စပါးစိုက်ပျိုးနေကြသော တောင်သူအများစုသည် အထွက်နှုန်းကောင်းသော ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ယခုနှစ် မိုးစပါးရာသီတွင် ပိုမိုစိုက်ပျိုးလာကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်ထံမှ သိရသည်။

"ရွှေဘိုခရိုင်အတွင်း မိုးစပါးဧက ၈၄၀၀၀၀ ကျော် စိုက်ပျိုးထားရာ ရွှေဘိုပေါ်ဆန်းစပါးကို ဧက ၃၂၀၀၀၀ ကျော်စိုက်ထားတာ အခုအောင်မြင်ဖြစ်ထွန်းနေပါပြီ။ မိုးစပါးမှာ သိပ္ပံနည်းကျပေါင်စနစ်ပျိုးထောင် စိုက်တာနဲ့ရိုးရိုးပျိုးထောင် စိုက်တာကုန်ကျစရိတ်က တစ်ဧကကို ကျပ် ၃၃၅၀၀ လောက်ကွာပါတယ်။ ရိုးရိုးပျိုးထောင်စိုက်ရင် ကျပ် ၂၆၀၀၀၀ လောက်ကုန်ပြီး ပျိုးပေါင်နဲ့ စနစ်တကျစိုက်ရင်ကျပ် ၂၂၀၀၀၀ လောက်ပဲ ကုန်ကျပါတယ်။ ရွှေဘိုပေါ်ဆန်းရဲ့အထွက်နှုန်းကို တစ်ဧက တင်း ၆၀ နဲ့ ၈၀ ကြား တွက်ထားပေမယ့် အခုလက်ရှိ ဇန်နဝါရီလထွက်မယ့် ရွှေဘိုပေါ်ဆန်းဟာ တစ်ဧက ၉၅ တင်းကျော်ထွက်ဖို့ရှိပါတယ်" ဟု ၎င်းကပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ၂၀၁၅-၂၀၁၆ မိုးစပါးရာသီတွင် ရွှေဘိုပေါ်ဆန်း ဧက ၈၉၃၈၀၊ ရောမင်း ၇၂၆၄ ဧက၊ မနော်ဟရီ ၇၇၇၂ ဧက၊ ရွှေသွယ်ရင် ၉၀၂၁ ဧကနှင့် ပုလဲသွယ် ရှစ် ဧက စုစုပေါင်း ၁၁၃၄၄၅ ဧကစိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါ စိုက်ဧကများထဲတွင် ရွှေဘိုပေါ်ဆန်းစပါးမျိုး သိပ္ပံနည်းကျစိုက်နည်းစနစ်စံပြကွက်အဖြစ် ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု ကွင်းအမှတ်(၃၃၁၄) ၌ ရွှေဘိုပေါ်ဆန်း ၂၅ ဧကတွင် တစ်နှံပါအောင်စေ့ ၈၆ စေ့ဖြင့် စိုက်ပျိုးမှု ဖြစ်ထွန်းနေရာ တစ်ဧက ၉၅ တင်းထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအောင်မြင်ဖြစ်ထွန်းမှုရာနှုန်းပြည့်ရှိသော ကွင်းအမှတ်(၃၃၁၄) ပိုင် တောင်သူ ဦးဝင်းဘို၏ စံပြကွက်သို့ ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်အဖွဲ့ လာရောက်ကြည့်ရှုစစ်ဆေးစဉ် ပေါ်ဆန်းဖြစ်ထွန်းမှုမှာ အားရစရာကောင်းသလို ပေါ်ဆန်းစပါးကို ကြိုက်နှစ်သက်သော ဆစ်ပိုးကာကွယ်ရေးကို ဘက်စုံသီးနှံဖွံ့ဖြိုးရေးကဏ္ဍဖြင့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများမှ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုမှာကြားသည်။

ရွှေဘိုမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးမျိုးခွဲ ငါး မျိုး ပေါင်း ၁၁၃၄၄၅ ဧကကို ရွှေဘိုမြောင်းမတော်နည်းလမ်း ရှေးအဆက်ဆက်တူးဖော်ခဲ့သော မြောင်းမတော်နည်းလမ်း၊ ဆည်ကန်နည်းလမ်း၊ မြေအောက်ရေနည်းလမ်း၊ ချောင်းမြောင်းရေတင်နည်းလမ်း၊ မိုးကောင်းသောက်နည်းလမ်းစသည့်နည်းလမ်း ခြောက်သွယ်ဖြင့် အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း သိရ သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မြန်မာမှုအနုလက်ရာများဖြင့် တည်ဆောက်ထားသည့် ပုခန်းမြို့ဟောင်း ရှေးဟောင်းကျောင်းတော်ကြီး

**ရဲရဲ(ပျဉ်းမနား)**



ပုခန်းမြို့ဟောင်း ရှေးဟောင်းကျောင်းတော်ကြီးကို တွေ့ရစဉ်။

မြန်မာ့မြို့ပြယဉ်ကျေးမှု စတင်ထွန်းကားခဲ့သော ပျူခေတ်ကာလ၌ ပန်းထိမ်၊ ပန်းပဲ၊ ပန်းပု၊ ပန်းတော့နှင့် ပန်းတမော့စသော ရိုးရာပန်းပညာများစတင်ထွန်းကားနေပြီဖြစ်ကြောင်း ထိုခေတ်၌ တည်ထားခဲ့သောဘုရားပုထိုးကျောင်းတော်ကြီးများ၌ ရေးထိုးခဲ့သည့် ကျောက်စာ၊ ခေါင်းလောင်းစာ၊ မင်စာများနှင့် သွန်းလုပ်ထုဆစ်ခဲ့သော ဆင်းတု၊ ရုပ်တုတော်အပါအဝင် လက်ရာမြောက်လှသည့် ပန်းတော့၊ ပန်းတမော့၊ ကနုတ်ပန်းများက သက်သေပြလျက်ရှိသည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ပုခန်းမြို့ဟောင်း ရှေးဟောင်းကျောင်းတော်ကြီးရှိရာ စာရေးသူ ရောက်ရှိသွားစဉ် ထည်ထည်ဝါဝါခံ့ခံ့ညားညား တည်ဆောက်ထားသည့် ကျောင်းတော်ကြီးအတွင်း ဝင်လာသည်နှင့် ကြီးမားခိုင်ခံ့လှသော ကျွန်းတိုင်ကြီးများနှင့် ပုဂံခေတ်မြန်မာတို့၏ပန်းပညာလက်ရာများဖြင့် ထုဆစ်ထားသည့် ပန်းကနုတ်များကို တွေ့မြင်လိုက်ရသည်။ ကျောင်းတော်ကြီး၏ လုံခြုံရေးအတွက် တာဝန်ယူစောင့်ရှောက်လျက်ရှိသော ပုခန်းမြို့သား ဦးထွန်းကြည်နှင့် တွေ့ဆုံပြီး ကျောင်းတော်ကြီးနှင့်ပတ်သက်၍ မေးမြန်းရာ ယခုလိုပြောကြားခဲ့သည်။

" ကျောင်းတော်ကြီးက ပခုက္ကူမြို့နဲ့ ၁၇ မိုင်အကွာ ရေစကြိုမြို့နယ်ထဲမှာရှိပြီး ကျောင်းတော်ကြီးဆောက်လုပ်ခဲ့တဲ့ အလှူ့ဒါယကာက ကျီဝန်မင်း ဦးဖိုးတုတ်ဖြစ်ပါတယ်။ ကောဇာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ခရစ်နှစ် အေဒီ ၁၈၆၈ ခုနှစ်က မြန်မာလက်သမားဆရာများနဲ့ ဆောက်လုပ်ခဲ့တာပါ။ အဲဒီလို ကျောင်းတော်ကြီးဆောက်လုပ်ရာမှာ ကျွန်းတိုင်ကြီးတွေနဲ့အတူ နံ့သာဖြူ ကရမက်တိုင် နှစ်တိုင်ပါဝင်နေတာတွေ့ရတယ်။ အဲဒီတိုင်နှစ်တိုင်ရဲ့ အထက်အောက် အမြင့်က အတောင် ၃၀ ရှိပြီး လုံးပတ်ကတော့ ၆ ပေ ၅ လက်မ ရှိတယ်။

ကျောင်းတော်ကြီးဆောက်လုပ်ရာမှာ အသုံးပြုခဲ့တဲ့ တိုင်အရေအတွက် စုစုပေါင်းကို ကျောက်၊ မျက်၊ ရွဲ ဟု မှတ်ယူပါတယ်။ ကျောက်၊ မျက်၊ ရွဲမှာ ၂၅၄ တိုင်လို့ သတ်မှတ်သလို ကျောင်းတော်ကြီးဆောက်လုပ်တဲ့ ပုဂံခေတ်မြန်မာလက်သမားခပေးငွေ စုစုပေါင်းကို ကွမ်း၊ သီး၊ တ၊ လုံး၊ ဘိုးဟု မှတ်ယူရပါတယ်။ ဆိုလိုတာက ဘိုး= ၅၊ လုံး= ၄၊ တ= ၇၊ သီး= ၆၊ ကွမ်း=၂ စုစုပေါင်းတန်ဖိုး ၅၄၇၆၂ ိ/-(ငါးသောင်းလေးထောင့်ခုနစ်ရာ ခြောက်ဆယ့်နှစ်ကျပ်) တိတိပေးရကြောင်းကို တွက်ချက်လို့ရပါတယ်။

ကျောင်းတော်ကြီး အကျယ်အဝန်းမှာ အလျား ၂၄ ပင်၊ အနံ ၁၂ ပင် ရှိပါတယ်။ နှစ်စဉ် တပေါင်းလဆန်း ၃ ရက်နေ့ကစပြီး တပေါင်းလပြည့်နေ့အထိ ကျောင်းတော်ကြီးကို မွမ်းမံပြင်ဆင်နိုင်ရန် ပတ်ဝန်းကျင်ရွာတွေနဲ့ လာရောက်လှေ့လာကြတဲ့ ဘုရားဖူးတွေထံက အလှူငွေကောက်ခံပါတယ်။ ကျောင်းတော်ကြီး မွမ်းမံပြင်ဆင် ထိန်းသိမ်းစောင့်ရှောက်မှုအားလုံးကို ပုဂံရှေးဟောင်းထိန်းသိမ်းရေးအဖွဲ့က တာဝန်ယူပါတယ်။ ကျောင်းတော်ကြီး လုံခြုံရေးတာဝန်ယူခဲ့တာ လစာသတ်သတ်မှတ်မှတ်မယူဘဲ ကန်တော့ကြေးနဲ့ တာဝန်ယူခဲ့ပါတယ်။

အရင်က လုံခြုံရေးတာဝန် ယူခဲ့ဖူးသူတွေလည်း ကန်တော့ကြေးနဲ့ တာဝန်ယူစောင့်ရှောက်ခဲ့တာပါ၊ ကျောင်း တော်ကြီးအကြောင်းကို အခုလို ဘုရားဖူးတွေက မေးမြန်းလာတဲ့အခါ မှတ်မိသလောက်ပြောပြခဲ့ပါတယ်" ဟု ကျောင်းတော်ကြီး လုံခြုံရေး တာဝန် ယူထားသည့် ပုခန်းမြို့သား ဦးထွန်းကြည်က ပြောခဲ့သည်။

မုံရွာမြို့မှ ပခုက္ကူမြို့သို့ ဆင်ဖြူရှင်တံတားကြီးဖြတ်ကျော်ပြီးလျှင် ရေစကြိုမြို့နယ် အရောက် ပခုက္ကူမြို့အဝင် ၁၇ မိုင်အကွာတွင် တည်ရှိနေသည့် ရှေးရာဇဝင် ပုခန်းမြို့နှင့် ပုခန်းကျောင်းတော်ကြီးကို ခံ့ခံ့ညားညား ထည်ထည် ဝါဝါတွေ့မြင်ရမည်ဖြစ်၍ ခရီးသွားပြည်သူများအနေဖြင့် ဝင်ရောက် လေ့လာနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။



မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ မိုးရာသီအတွင်း ရေလွှမ်းမိုးမှု မရှိစေရေးအတွက် ဆည်မြောင်း ဦးစီးဌာနမှ ဒီဇင်ဘာ ၁၆ ရက်က စတင်၍ သုဝဏ္ဏဝတီမြို့နှင့် သုံးမိုင်ခန့်အကွာ ညောင်လေးပင် (တောင်သူဦးကြီးများဇရပ်) နေရာ ရေစီးရေလာကောင်းမွန်စေရေးအတွက် အကျယ် ၃၂ ပေ ရှိသော ရေနုတ်မြောင်းကို တူးဖော်ဆောင်ရွက်ခဲ့ရာ ပေ ၁၅၀၀ ခန့် ပြီးစီးနေပြီကို တွေ့မြင်ရစဉ်။

ခွန်(ဝင်းပ)

## တရုတ်-မြန်မာ ကုန်စည်ပြပွဲတွင် မီဒီယာအဖွဲ့များ တွေ့ဆုံပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

(၁၅)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ် ကုန်စည်ပြပွဲတွင်ပါဝင်သတင်းယူကြသော မြန်မာနိုင်ငံမှ သတင်းမီဒီယာအချင်းချင်း နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုတည်တံ့ခိုင်မြဲရေးအတွက် ရင်းနှီးချစ်ကြည်စွာတွေ့ဆုံပွဲကို ဒီဇင်ဘာလ တတိယပတ်က တရုတ်နိုင်ငံ ရွှေလီမြို့ ဂျင်းချိန်ဟိုတယ်မြေညီထပ်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးဝေလင်း၊ မူဆယ်ခရိုင်ဦးစီးအရာရှိ ဦးအယ်စိုးထန်ထူး၊ လားရှိုးချယ်ရီ FM တာဝန်ခံ ဦးလှိုင်ဘွား၊ ဧရာဝတီတိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးထွန်း၊ အတွင်းရေးမှူး ဦးမြင့်ဦး၊ အလုပ်အမှုဆောင်အဖွဲ့ ဦးသိန်းဇော်(ရွှေလီဦး)နှင့် သတင်းထောက်များ တက်ရောက်ကြပြီး တရုတ်နိုင်ငံဘက် ဆင်ဟွာသတင်းဌာနမှ တာဝန်ခံသတင်းထောက်၊ ရွှေလီသတင်းစဉ်မှ သတင်းထောက်၊ ပေါက်ဖော်သတင်းတာဝန်ခံ ယူနန်နေ့စဉ်သတင်းစာ တယ်ဟုန်ဒေသခွဲ သတင်းဖြန့်ချိရေးတာဝန်ခံ၊ တယ်ဟုန်ပြည် ပြည်သူ့အသံလွှင့်ဌာနမှ အသံလွှင့်မှူး တယ်ဟုန်ပြည်နယ်ခွဲ ပြည်ပ ပြန်ကြားရေးဌာနခွဲမှူးနှင့် တယ်ဟုန်သတင်းမီဒီယာအသင်း၊ အတွင်းရေးမှူးတို့ တက်ရောက်ကြသည်။

သတင်းမီဒီယာများ ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေး၊ ဒေသန္တရ ဗဟုသုတဆိုင်ရာ လေ့လာနိုင်ရေး ယနေ့ခေတ် သတင်းမီဒီယာအဖြစ်များကို မိသားစုသဖွယ် အပြန်အလှန်ရင်းနှီးစွာအမြင်ချင်းဖလှယ်ကြကာ နှစ်နိုင်ငံချစ်ကြည်မှုတိုးတက်ခိုင်မာရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

**အေးထွန်း(ဟသ်ာတ)**

## စလင်းမြို့နယ်၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**စလင်း ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဦးစီးဌာနက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာအတတ်ပညာများ တိုးပွားလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စု အုတ်ဖိုကန်ကျေးရွာဓမ္မာရုံ၌ ဆိုင်ကယ်ပြင်သင်တန်းကို အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## စက်မှုလယ်ယာ စနစ်ကျလယ်မြေများ အကောင်အထည်ဖော်ဆောင်ရွက်

**ရေတာရှည် ဒီဇင်ဘာ ၂၁**

လယ်ယာစိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအတွက် အထွက်နှုန်းကောင်းမွန်၍ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် ရင်းနှီးကျွမ်းဝင်စေမည့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၆၅၈)တွင် လယ်မြေ ၁၀၅ ဒသမ ၂၉ ဧကကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)** " လက်ရှိ နွေစပါးစိုက်ပျိုးချိန်အမီ မြေပြုပြင်တာ၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်း တူးဖော်တဲ့ လုပ်ငန်းနဲ့ ကုန်ထုတ်လမ်းဖော်ထုတ်တာတွေ ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဝင်းမွန်က ပြောကြားသည်။

ထို့အတူ တောင်သူများစိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် စက်များငှားရမ်းသုံးစွဲပါကလည်း ဌာနမှ သတ်မှတ်ထားသော သက်သာသည့်နှုန်းထားများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်၍ပြောသည်။

**ကိုလွင်(ဆွာ)**



## မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မံစီ ဒီဇင်ဘာ ၂၁**

၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ နမ့်မဖွဲမြစိမ်းရောင်စီမံကိန်းကျေးရွာသို့ မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေမြင့်နှင့် ရုံးအဖွဲ့ဝန်ထမ်းများက ဒီဇင်ဘာလ ဒုတိယပတ်က နမ့်မဖွဲမြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လစဉ်ဆောင်ရွက်လျက်ရှိသော စာရင်းဇယားများစနစ်တကျထားရှိမှု၊ မှန်ကန်မှု ရှိ/မရှိနှင့်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးနှင့် ကုန်စုံဆိုင်စသည့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပဲစင်းငုံအိတ်များ တင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်၍ ခရီးသည်နှစ်ဦးသေဆုံး

အောင်လံ ဒီဇင်ဘာ ၂၁

**မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် အောင်လံ-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် (၂၄၃/၇)နှင့် (၂၄၄/၀)အကြား ဝွေးချိုကျေးရွာအနီးတွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ဧကရာဇ်ရဲကင်းစခန်းမှ သိရသည်။**



ဖြစ်စဉ်မှာ လှေ့ဝန်းကျေးရွာဘက်မှ အောင်လံမြို့သို့ ဆင်ပေါင်ဝဲမြို့နယ် လှေ့ဝန်းကျေးရွာနေ ဇော်လင်း (၃၅ နှစ်) မောင်းနှင်သည့် 6H/ ---၊ အီဆူဇူးအမျိုးအစား ခြောက်ဘီးယာဉ်သည် ပဲစင်းငုံအိတ် ၄၀ နှင့် ခရီးသည် ယာဉ်မောင်းပါ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၉ ဦး ပေါင်း ၃၅ ဦးအား တင်ဆောင်မောင်းနှင်လာစဉ် အရှိန်လွန်ပြီး တိမ်းမှောက်ခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ဆင်ပေါင်ဝဲမြို့နယ် လှေ့ဝန်းကျေးရွာနေသူများဖြစ်သော ကိုခင်ဇော်(၄၀နှစ်)၊ မသန်းမာ (၃၂နှစ်)တို့မှာ ပွဲချင်းပြီးသေဆုံးသွားပြီး လှေ့ဝန်းရွာနေ မပန်းအိရှယ် (၂၄နှစ်)ပါ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၈ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သည်။

ယခုကဲ့သို့ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်လင်းအား သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# လှိုင်သာယာ (၁၂)ရပ်ကွက်တွင် လူငယ်နှစ်ဦးက အဘွားအိုထံမှ လုယက်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက အမှတ်(၁၂)ရပ်ကွက် ပေါ်ဆန်းမွှေး ၃ လမ်းရှိ အိမ်အမှတ်(၅၇၂/က)တွင် သက်ကြီးရွယ်အိုအဘွားအိုတစ်ဦးတည်းရှိစဉ် လူရွယ်နှစ်ဦးက အိမ်ပေါ်တက်၍ ထုထောင်းချည်နှောင်ကာ ရွှေနှင့် ငွေများ ယူဆောင်သွားကြောင်း သိရသည်။

"နံနက် ၉ နာရီ၌ အဘိုးကြီးက တစ်လမ်းကျော်မှာ နေမကောင်းဖြစ်တဲ့ သူ့တူဆီသွားနေတုန်း လူရွယ်နှစ်ယောက်တက်လာပြီး အဘိုးကြီးဘယ်သွားလဲလို့မေးတယ်။ မရှိဘူးပြောတော့ တစ်ယောက်က အိမ်အဝင်တံခါးနားမှာနေတယ်။ နောက်တစ်ယောက်က အခန်းထဲဝင်သွားတယ်။ အထဲမှာချိတ်ထားတဲ့ အိတ်ကိုယူလာကာ သွန်ချတယ်။ ပိုက်ဆံအိတ်ထဲက ဆွဲကြိုး၊ လက်ကောက်နှစ်ကွင်းနဲ့ ငွေနှစ်သောင်းကိုယူတယ်။ နားထဲကနားကပ်ကို ချွတ်ခိုင်းလို့ ချွတ်ပေးနေခိုက်ကြာတဲ့ဆိုပြီး ဆွဲဖြုတ်တယ်။ ထို့နောက် တဘက်နဲ့ လက်ကိုချည်၊ ခြေထောက်ကို ကြိုးနဲ့ချည်ပြီး ဇက်ကို နှစ်ချက်အုပ်တယ်။ ကျောကို နှစ်ချက်ထောင်းတယ်၊ ပြီးတော့ နှာခေါင်းကို လက်ကိုင်ပဝါနဲ့အုပ်ပြီး တွန်းလှဲလိုက်တယ်။ အဘွားလည်း ဘာမှမသိတော့ဘူး"ဟု အတက်ရောဂါဝေဒနာခံစားနေရသော (၆၅နှစ်)ရှိ အဘွား ဒေါ်တင်ထွေးက ပြောသည်။

အဆိုပါ (၁၂)ရပ်ကွက်တွင် လုယက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး ရပ်ကွက်ရုံးနှင့် ရဲကင်းအနီးတွင်ရှိသော ပေါ်ဆန်းမွှေး ၁ လမ်းတွင်လည်း နိုဝင်ဘာ ၂၃ ရက် ညက မြန်န္ဒာစတိုးဆိုင်ရှေ့တွင် ရပ်နေသော ဆိုင်ပိုင်ရှင် မနွယ်ဝင်း၏ လည်ပင်းမှဆွဲကြိုးကို ဆိုင်ကယ်စီးနှစ်ယောက်က ဖြတ်ယူသွား၍ သောင်ကြီးရဲစခန်း၌ အမှုဖွင့်ထားသည်။ အဆိုပါလမ်းပေါ်တွင် ဒီဇင်ဘာ ၁၉ ရက်ညက စက်ရုံဆင်း မိန်းကလေးတစ်ဦးထံမှ ဆိုင်ကယ်စီးနှစ်ယောက်က ဖုန်းလုသည့်အတွက် ရုတ်ရုတ်သဲသဲဖြစ်ခဲ့ပြီး ယခုနံနက်ပိုင်း လုယက်မှုသည် အိမ်၌သက်ကြီး ရွယ်အိုများသာရှိချိန်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို အဘွားဒေါ်တင်ထွေး၏ ခင်ပွန်းဖြစ်သူ အဘိုးထွန်းအောင်(၇၇နှစ်)က သောင်ကြီးရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**(၁၆၄)**

# ကျောက်ဆင်းတုဘုရားတစ်ဆူ ပျောက်ဆုံး

**တံတားဦး ဒီဇင်ဘာ ၂၁**

ကျောက်ဆည်ခရိုင် ငွေးကုန်းကျေးရွာ မြောက်ဘက်ကပ်လျက်ရှိ ရွာနီးရွှေဆည် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ သိမ်တော်အတွင်း၌ ခေတ္တထားရှိသော ကျောက်ဆင်းတု ဘုရားတစ်ဆူပျောက်ဆုံးနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက မြို့မရဲစခန်းသို့ ဖုန်းဖြင့်အကြောင်းကြားသဖြင့် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်သူရဝင်းနှင့်တပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းခဲ့သည်။

ဖြစ်စဉ်မှာ ငွေးကုန်းကျေးရွာ ရွာနီးရွှေဆည် ဘုန်းကြီးကျောင်းဝင်းအတွင်း သိမ်တော်၌ ခေတ္တထားရှိသော ဉာဏ်တော်နှစ်ပေ ၁၀ လက်မခန့်ရှိတင်ပလ္လင်ခွေ ကျောက်ဆင်းတုဘုရားတစ်ဆူကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီတွင် ကိုရင် ရှင်ပညာသာမိက သိမ်တော်အတွင်း သန့်ရှင်းရေးပြုလုပ်ရန်ရောက်ရှိစဉ် သိမ်တော်အတွင်းမှ ကျောက်ဆင်းတုဘုရား ပျောက်ဆုံးနေသည်ကိုသိရသဖြင့် ကျောက်ဆင်းတုဘုရား ခိုးယူသူအား ဥပဒေအရအရေးယူပေးရန် တိုင်တန်းသဖြင့် တံတားဦးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲတင့်**

# ဆိုင်ကယ်ကို မော်တော်ယာဉ်ကဝင်တိုက်၊ ဆိုင်ကယ်မောင်းသူသေဆုံး

**သုံးခွ ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ဒီဇင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီခန့်က ဆိုင်ကယ်ကို မော်တော်ယာဉ်ကဝင်တိုက်သဖြင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုသန်းအေး(၃၅ နှစ်)ကံမြင့်ကျေးရွာ သုံးခွမြို့နယ်နေသူသည် သုံးခွမှ ကံမြင့်ကျေးရွာသို့ သန်လျင်-သုံးခွကားလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၅၂/၀ အရောက်တွင် မော်တော်ယာဉ်တစ်စီးက ဝင်တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်သူမှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကို သုံးခွမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ဘိန်းစိမ်းနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၈ ရက်က ဝိုင်းမော်မြို့နယ် ဝိုင်းမော်-ကန်ပိုက်တီးသွားကားလမ်း မေခစက်သုံးဆီဆိုင်ရှေ့ ကားလမ်းမပေါ်တွင် ဇော်တောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်းအလေးချိန် ၁ ဒသမ ၆၂၅ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ဒီဇင်ဘာ ၁၉ ရက်က ကွတ်ခိုင်ဘက်မှ လားရှိုးသို့ ဇာနည်ထွန်း မောင်းနှင်လာသော ခရီးသည်တင် မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မသင်းသင်းအေး၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၉၁၂ ကီလိုကို လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်က ဆိပ်မူကျေးရွာဘက်မှ နန့်မှော်ကျေးရွာသို့ မုန်ဘန်လ မောင်းနှင်ပြီး လအောင်လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၄၀၃ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**


**ရွှေထူးလှိုင်** ကျိုက်ထီးရိုး၊ ချောင်းသာ၊ စားတည်းငြိမ်း - ၂၅၀၀၀ိ/-
ကလေး၊ တမူး၊ မိုးလေး (အိန္ဒိယနယ်စပ်)၊ ရိုဒ်ရောက်မှ ဟားခါး (၉) ရက်
(ပုဂံ၊ပုပ္ပါး)(ရွှယ်တော်လေးဆူ(၄)ရက်ခရီး)၊ တောင်ကြီး၊အင်းလေး၊ပင်းတယ(၄)ရက်၊(လှိုင်ကော်(၅)ရက်) (မန္တလေး၊
ကျောက်စိမ်းဘုရား၊မြင်ဦးလွင်၊မုံရွာ(၅)ရက်)၊ မိုးကုတ်ပါ(၇)ရက်၊အားလုံးပါ (၁၀၊၁၂)ရက်) (ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊
ငပလီ)(ထားဝယ်ရှင် ကိုးရှင်မောင်းမကန်၊မှော်ရစ်ဖြိတ်) (ကန်ချနားပူရီ)(လားရှိုးမူဆယ်ရွှေလီ)၊ (ကျိုက်ထီးရိုး ကျိုက္ကဆံ၊
ရက်စံ၊မဲလံဆံတော်ရှင်) (ပြည်အကောက်တောင်)(နဂါးရုပ်တောင်)ဇလွန်ငွေသောင်၊ (ကားစီးလုံးငှားသည်) အိမ်အရောက်ပို့ /ကြို
အမှတ်(၄၄၄/၁)၊မြေနီထပ်၊ရွှေဘုံသာလမ်း၊ Ph:09 450044494,09450044496, 377921



## (ကောဒသမ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၀-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသက် (၆၅)နှစ်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ကြပါရန်နှင့် ရပ်ဝေးရပ်နီးနေ ကျောင်းသားကျောင်းသူဟောင်းများကိုယ်တိုင် ကြွရောက်လှူဒါန်းပါရန် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်-**

**တောင်ကြီးမြို့ - ဦးမော် ဖုန်း-၀၉-၅၂၁၃၂၁၅**
**ရန်ကုန်မြို့ - ဒေါ်သန်းသန်းရီ ဖုန်း-၀၁-၈၆၀၃၁၉၁**
**မန္တလေးမြို့ - ဦးကျော် ဖုန်း-၀၂-၆၄၁၈၉(ရွှေလမင်းကားဂိတ်)**
**ဆားလင်းကြီးမြို့ - ဦးဘိုသောင်း ဖုန်း-၀၉-၂၅၆၁၉၉၁၃၄**



## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက (၂၂) အဋ္ဌမတန်း(B)မှ မဖူးပွင့်ဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော် ၉/ပမန(နိုင်)၁၁၄၆၈၅ ဖြစ်ပါကြောင်း။ **ဦးဇော်**

## ဖခင်အမည်မှန်

အရာတော်၊ အထက၊ နဝမတန်း(F)မှ မလဲ့လဲ့ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းဦး ၅/အရတ(နိုင်)၀၅၈၄၅၄ ဖြစ်ပါကြောင်း။ **ဦးစိုးမင်းဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ခုံအမှတ် စဘ-၂၁၊ မဌေးဌေးခိုင်၏ဖခင် ဦးကျော်ဒင်(ခ)ဦးကျော်တင် ၉/ဝတန(နိုင်)၀၇၈၁၈၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးကျော်ဒင်(ခ)ဦးကျော်တင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်လွင်ဦး ကိုင်ဆောင်ထားသော TANKER CERT/FCATE To 2311215 HTO CDC No 101165 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၀၈၄၉၀**



## ဇေယျမုနိစေတီတော်မြတ်ကြီးနှင့် အရံစေတီများ ထီးတော်သစ်တင်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

မဟာဂန္ဓာရီ ယောက်ကော်အဖေကြီးနှင့် မဟာဂန္ဓာရီ အဓိဋ္ဌာန်ပါရမီရှင်ယောက်ကော် ဦးသိန်းဇော်တို့ကို အမှူးထား၍ ဘုရားဒါယကာ ဦးခင်စိန်-ဘုရားဒါယိကာမ ဒေါ်ခင်စန်းရီ၊ သား ကိုခင်မောင်ဇော် မိသားစုတို့မှ နိဗ္ဗာန်သောင်ကမ်း ရည်မျှော်မှန်း၍ ဇေယျမုနိစေတီတော်မြတ်ကြီးနှင့် စေတီရံများ၏ထီးတော်အသစ်များကို ပြန်လည်တင်လှူပူဇော်မည်ဖြစ်ပါ၍ ခုနစ်ရက်သားသမီး ပါရမီရှင်များဖြင့် ပေါင်းစုကာ 'ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား' ကို အောက်ပါအစီအစဉ်အတိုင်းကြွရောက် ကြည်ညိုပူဇော်နိုင်ကြစေရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အလှူတော်မင်္ဂလာအစီအစဉ်**

| | |
|---|---|
| **အလှူတော်မင်္ဂလာရက်** | - ၁၃၇၇ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၆-၁၂-၂၀၁၅ရက်(စနေနေ့) |
| **အလှူတော်မင်္ဂလာအချိန်** | - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ |
| **အလှူတော်မင်္ဂလာနေရာ** | - 'ယောက်ကော်အဖေကြီး၊ ဇေယျမုနိစေတီတော်' မဟာကံတော်ပွင့်ကုန်း၊(၄၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် |
| **လမ်းညွှန်** | - ၄၉ ၊ ၂၀၂ ကားများစီး၍ ဗိုလ်မှူးဗထူးလမ်း၊ 'ကျန်းမာရေးမှတ်တိုင်' ဆင်းပါ။ |
| **မှတ်ချက်** | - နံနက်၉နာရီတွင် ရွှေထီးတော်များတင်လှူ ပူဇော်ပါမည်။ ဧည့်ပရိသတ်များအား ထမင်းဖြင့် ဧည့်ခံပါမည်။ |

**ဘုရားဒါယကာ ဦးခင်စိန်**
**ဘုရားဒါယိကာမ ဒေါ်ခင်စန်းရီ**
**သား ကိုခင်မောင်ဇော် မိသားစု**



## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ပေါင်မြို့နယ်၊ မုတ္တမ၊ ဆင်ဖြူရပ် အထက(ခွဲ) ပဥ္စမတန်းမှ မောင်ညီညီထက်မျိုးအား မောင်ညီညီဟိန်းဟုပြောင်းလဲခေါ်ပါရန်နှင့် မောင်ညီညီဟိန်း၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင် မှတ်ပုံတင်စာရင်းအရ ၂၅-၁-၂၀၀၅ ဖြစ်ပါကြောင်း။ **မောင်ညီညီဟိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၂၀၄၈၊ F-eiling 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစုတင် ၉/ဝတန(နိုင်)၁၄၄၄၁၇၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (မိတ္ထီလာခရိုင်)**



## ကိုအောင်မျိုးညွန့်(ခ)ကိုဇော်ဇော် ၉/မနတ(နိုင်)၀၉၉၁၃၉နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်ဇင်သူပွင့်(ခ)ဒေါ်ဝါ ၁/ဗမန(နိုင်)၀၄၂၆၇၅မှ ကိုအောင်မျိုးညွန့်(ခ) ကိုဇော်ဇော် ၉/မနတ(နိုင်)၀၉၉၁၃၉ အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းပြတ်စဲပေး စေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ် (၂၂)ဖြင့် တရားစွဲဆိုထားရာ အမှုကိုဆက်လက်စစ်ဆေးနေပါသည်။

ယခုအခါ ကိုအောင်မျိုးညွန့်(ခ)ကိုဇော်ဇော်က ၂၂-၁၂-၂၀၁၅ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ သံ/တောင်ဓမ္မရေ ဝါဆိုကျောင်းတိုက်တွင် ပြုလုပ်မည့် အလှူဖိတ်စာတွင် အလှူ့ဒါယိကာမအဖြစ် ဒေါ်ဇင်သူပွင့်(ခ) ဒေါ်ဝါဟု ထည့်သွင်းရိုက်နှိပ်ဖော်ပြထားသည့်အတွက် ကျွန်မအနေဖြင့် ၎င်းအလှူကိုအသိအမှတ်မပြုပါကြောင်း၊ လက်မခံပါကြောင်း၊ မပတ်သက်ပါကြောင်း၊ သဘောမတူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်သူပွင့်(ခ)ဒေါ်ဝါ ၁/ဗမန(နိုင်)၀၄၂၆၇၅**
**အကွက် ၃၄၅၊ ၃၄၆၊ ၃၈×၃၉လမ်းကြား၊**
**နဂါးလမ်းသွယ်၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးမြို့**

❖ *ကျော်ဖုံးမှ*

"ဒီအမှားက ကျွန်တော့်ရဲ့အမှား သက်သက်သာဖြစ်ပါတယ်။ ဒုတိယရသူရော အနိုင်ရသူပါ မှားယွင်းကြေညာခဲ့တဲ့အတွက် တောင်းပန်ပါတယ်"ဟု မယ်စကြဝဠာဘွဲ့ အခမ်းအနားတင်ဆက်သူ ဟာဗေးက ပြောသည်။ အဆိုပါ မယ်စကြဝဠာဘွဲ့ မှားယွင်းကြေညာခဲ့ခြင်းအပေါ် လူမှုကွန်ရက်အင်တာနက်စာမျက်နှာများတွင် ဝေဖန်ပြောဆိုမှုများ အရှိန်မြင့်တက်ခဲ့သည်။

ယင်းမှားယွင်းမှုအပေါ် ဝေမျှသူအရေအတွက် ၆၂၀၀၀ ရှိခဲ့ပြီး ကောမန့်လုပ်သူ ၁၇၀၀၀ ရှိခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ် မှားယွင်းပြီးနောက် ဖိလစ်ပိုင်နိုင်ငံမှအလှမယ်ပရိသတ်များက အွန်လိုင်းစာမျက်နှာများမှတစ်ဆင့် ဒေါသတကြီးတုံ့ပြန်ပြောဆိုခဲ့ကြသည်။

"ဒီဆုက ဖိလစ်ပိုင်မယ် ဝုဇ်ဘတ်ချ်သာ ရသင့်တာပါ။ ဒါပေမယ့် ကျွန်မခေါင်းပေါ်က သရဖူကို ပြန်ယူသွားတဲ့အတွက် အတော်လေး စိတ်မကောင်းဖြစ်ခဲ့ရပါတယ်" ဟု ဂူတီရက်ဇ်က သတင်းထောက်များကို ပြောသည်။

"မယ်စကြဝဠာ ပြိုင်ပွဲမှာ နောက်ဆုံးအလှမယ် ကြေညာတာ လွဲမှားမှုဖြစ်သွားတယ်။ ပထမဆုံး ကြေညာတာက အခု Winner ပိုင်ရှင်ဖြစ်တဲ့ ဖိလစ်ပိုင်အလှမယ်မဟုတ်ဘဲ ကိုလံဘီယာအလှမယ်ကို ကြေညာလိုက်တယ်။ သရဖူတွေတပ်ပြီး၊ စလွယ်တွေ ဝတ်ပြီးကာမှ ဖိလစ်ပိုင်အလှမယ်လို့ ပြန်ကြေညာလိုက်တာ။ အဲဒီအချိန်မှာပဲ တိုက်ရိုက်ထုတ်လွှင့်မှုက ပြတ်တောက်သွားတယ်။ ရုံထဲမှာတော့ ဘာမှသိပ်မဖြစ်ဘူး။ ရုံအပြင်မှာတော့ ကိုလံဘီယာပရိသတ်တွေ ဂယက်ရိုက်မှုဖြစ်တယ်လို့ သိရတယ်" ဟု အဆိုပါပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်သော မေဘုရင်္ဂါသော်အား စေလွှတ်ခဲ့သည့် Miss Universe Myanmar Organization မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းမယ်စကြဝဠာ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မေဘုရင်္ဂါသော် အပါအဝင် နိုင်ငံပေါင်း ၈၀ မှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အလှမယ် မိုးစက်ဝိုင်က ပထမဆုံးအကြိမ်အဖြစ် စတင်ကာ ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယအကြိမ်ကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် သျှားထွဋ်အိန္ဒြာက သွားရောက်ယှဉ်ပြိုင်ခဲ့ကာ ယခုတတိယအကြိမ်တွင် အလှမယ် မေဘုရင်္ဂါသော်ကို ပြိုင်ပွဲဝင်ရန် ရွေးချယ် စေလွှတ်ခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

## မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၆) ကို လာမည့် ဇန်နဝါရီ ၉ ရက်တွင်ကျင်းပမည်ဖြစ်ပြီး စတင်တာလွှတ်ချိန်မှာ နံနက် ၆ နာရီခွဲဖြစ်သည်။

အဆိုပါမန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၆)တွင် (ကျား၊မ) အလွတ်တန်းပြိုင်ပွဲ၊ (ကျား၊မ) လူသစ်တန်းပြိုင်ပွဲများ ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်၍ ချီးမြှင့်မည့်ဆုငွေများမှာ အလွတ်တန်း(ကျား၊မ)ပြိုင်ပွဲတွင် အဆင့် ၁ မှ ၁၀ အထိ ငွေကျပ် ၁၀ သိန်းမှ တစ်သိန်းအထိ အဆင့်လိုက် ဆုချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ခုနစ်သောင်း ချီးမြှင့်မည်ဖြစ်သည်။ လူသစ်တန်း(ကျား၊မ)ပြိုင်ပွဲအဆင့် ၁ မှ ၁၀ အထိ ငွေကျပ် ၁၅ သိန်းမှ ခြောက်သိန်းအထိ ဆုချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆုများလည်း ချီးမြှင့်မည်ဖြစ်သည်။ မီနီမာရသွန်ပြိုင်ပွဲ (၂၀၁၆)ပြိုင်ပွဲဝင် လျှောက်လွှာများကို တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့နှင့် ဗထူးအားကစားကွင်းတို့အပြင် ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်စည်ပင်ရုံးများ၌လည်း ဝယ်ယူနိုင်သည်။ **တင်မောင်-မန်းကိုယ်ပွား**

# တောင်ငူ၌ မြန်မာ့ရိုးရာ ဒီဇင်ဘာအားကစားပွဲတော်ကျင်းပ



**တောင်ငူ ဒီဇင်ဘာ ၂၁**

တောင်ငူမြို့ (၁၈)ရပ်ကွက် လူမှုရေးအသင်းများက ဦးစီးကျင်းပသော မိသားစု ဒီဇင်ဘာအားကစားပွဲတော်ကို ဒီဇင်ဘာ ၁၉၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် (၁၈)ရပ်ကွက် ပရဟိတ ဘုံဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အားကစားပြိုင်ပွဲများမှာ ရပ်ကွက်အတွင်း မိုက်ခရိုမာရသွန်အပြေးပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ကလေး မီတာ ၅၀ အပြေးပြိုင်ပွဲ၊ သုံးချောင်းထောက် အပြေးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ရေအိုးရွက်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ကလေးခါးကွင်းလှည့်ပြိုင်ပွဲစသည့် အားကစား ၁၁ မျိုးကို ထည့်သွင်းကျင်းပသည်။

မိုက်ခရိုမာရသွန် အပြေးပြိုင်ပွဲတွင် ကလေး၊ လူကြီး၊ လူငယ်များစွာ ပါဝင်ယှဉ်ပြိုင်ကြပြီး တိမ်မြုပ်နေသောအားကစားနည်းများကို လူငယ်များသိရှိစေရန်နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း အားကစားပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းထွန်းက ပြောပြသည်။

အားကစားပြိုင်ပွဲသို့ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်အားကစားမှူး ဒေါ်လှသန္တာနှင့် အားကစားကော်မတီဝင်များ၊ ဝါသနာရှင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများ အားပေးကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **သူရ(တောင်ငူ)**

# ရီးရဲတို့ ဗယ်လက်ကာနိုကို ဂိုးစံချိန်တင်သွင်း အနိုင်ယူ

စပိန်လာလီဂါပွဲစဉ် (၁၆) ဒီဇင်ဘာ ၂၀ ရက် ညပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ဗယ်လက်ကာနိုပွဲတွင် အိမ်ရှင်ရီးရဲတို့ ၁၀ ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရီးရဲအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ဘင်ဇီမာ၊ ဂါရတ်ဘေးလ်၊ စီရော်နယ်ဒို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ တိုနီခရူး၊ မိုဒရစ်၊ မာဆယ်လို၊ ရာမို့စ်၊ ပီပီ၊ ဒန်နီလိုနှင့် ဂိုး-နာဗက်စ်တို့ ပွဲထွက်ခဲ့သည်။ ဗယ်လက်ကာနိုအသင်းမှာ ၄-၂-၃-၁ ပုံစံဖြင့် ဂျာဗီဂါရာ၊ ဂျိဇာဘတ်၊ ဘန်ဂူရာ၊ ဘေးနာ၊ ထရက်ဟိုရက်စ်၊ ပါဘလိုဟာနန်ဒက်ဇ်၊ အမရာ၊ ကက်စ်ထရို၊ တီတို၊ မာတီနက်ဇ်နှင့် ဂိုး-ယိုအယ်ရိုဒရီဂွက်ဇ်တို့ ပါဝင်ခဲ့သည်။




ပွဲစပြီး သုံးမိနစ်တွင် ဒန်နီလိုက ရီးရဲအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၁၀ မိနစ်တွင် ဗယ်လက်ကာနိုအတွက် ချေပဂိုးကို အမရာက သွင်းယူခဲ့သည်။ ၁၂ မိနစ်တွင် ဂျိဇာဘတ်က ဗယ်လက်ကာနိုအတွက် ဒုတိယဂိုးသွင်းယူပြီး ၁၅ မိနစ်တွင် နောက်တန်းကစားသမား တီတိုတိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ ပွဲချိန် ၂၅ မိနစ်တွင် ရီးရဲအတွက် ချေပဂိုးကို ဂါရတ်ဘေးလ်က သွင်းယူခဲ့သည်။ ၂၉ မိနစ်တွင် ဗယ်လက်ကာနိုကွင်းလယ်လူ ဘေးနာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရပြီး ရီးရဲအသင်း ပယ်နယ်တီကန်ခွင့်ရရှိမှုကို စီရော်နယ်ဒိုက သွင်းယူခဲ့သည်။ ၄၂ မိနစ်တွင် ဂါရတ်ဘေးလ်က စတုတ္ထဂိုးသွင်းယူသည်။

ဒုတိယပိုင်းတွင် ရီးရဲအသင်း နှစ်ယောက်အသာဖြင့် ကစားရမှုကြောင့် ၄၈ မိနစ်တွင် ဘင်ဇီမာ၊ ၅၄ မိနစ်တွင် စီရော်နယ်ဒိုနှင့် ၆၁ နှင့် မိနစ် ၇၀ တို့တွင် ဂါရတ်ဘေးလ်က ထပ်မံသွင်းယူခဲ့ပြီး မိနစ် ၈၀ နှင့် ၉၀ တွင် ဘင်ဇီမာကလည်း ထပ်မံသွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ရီးရဲတို့ ၁၀ ဂိုး နှစ်ဂိုးဖြင့် ယခုနှစ်ရာသီ ဂိုးစံချိန်တင်အနိုင်ရရှိခဲ့သည်။ ရီးရဲအသင်းသည် ယခုပွဲအပြီး ရမှတ် ၃၃ မှတ်ရရှိပြီး အဆင့် ၃ တွင် ရပ်တည်နေသည်။ ဗယ်လက်ကာနိုက ၁၄ မှတ်ဖြင့် တန်းဆင်းဇုန်အဆင့် ၁၈ တွင် ရပ်တည်နေသည်။ **သီဟ**

**မွေးနေ့ဆုတောင်း**



ချစ်သူငယ်ချင်း......ကျော်စွာမင်းရဲ(၃၉)နှစ်
မြောက်မွေးနေ့မှစပြီး သာယာချမ်းမြေ့မှုနဲ့
အောင်မြင်မှုများရရှိပိုင်ဆိုင်နိုင်ပါစေ
ဆန္ဒနဲ့ဘဝ ထပ်တူကျပါစေ
ချစ်သူငယ်ချင်း.......ထွန်းထွန်း(ကသာမြေ)

**မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ဘုတလင်မြို့နယ်အတွင်း တည်ဆောက်မည့် 11KV ဓာတ်အားလိုင်းအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၅-၁-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၃၈၃၆၊ ၀၇၁-၂၁၁၈၁၊ ၀၇၁-၂၁၁၅၇**

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၁၉၉၅-၂၀၀၁) သူငယ်ချင်းများသို့**

တို့တစ်တွေ အမိတက္ကသိုလ်ကိုခွဲခွာခဲ့တာ (၁၅)နှစ်ပြည့်ပြီနော်။ ဒါ့ကြောင့် ကျောင်းပြီး(၁၅)နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ ဆရာ၊ ဆရာမကြီးတွေကို ပူဇော်ကန်တော့ရင်းနဲ့ တို့သူငယ်ချင်းတွေ ၁၅-၁-၂၀၁၆ရက် ရေဆင်းမြေမှာ ပြန်လည်ဆုံတွေ့ကြပါစို့။

"၁၅ နှစ်တာ ဝေးခဲ့ကြာလည်း၊ ရင်ထဲတွေးဆ မနေ့ကလို၊ တက္ကသိုလ်ရေး အမိဝမ်းအတွင်းက၊ မွေးဖွားလာကြ မောင်နှမတွေ၊ ရာရှည်နှစ်ပေါင်း ပြန်ဆုံကြောင်းကို တောင်းဆုခြွေတိုင်း၊ ပြည့်ချင်တယ်"

အလှူငွေများကို CB ဘဏ်အကောင့်(၀၃၃၂၀၁၅၀၂၇) (ဒေါ်မေနွယ်စိုး၊ ဦးအောင်ဝင်း၊ ဦးဘုန်းကျော်မြင့်)ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၀၁၇၇၃၈

**နေ့ရက်** - ၁၅-၁-၂၀၁၆ရက်(သောကြာနေ့)
**အချိန်** - နံနက် ၁၀း၃၀နာရီ မှ မွန်းတည့် ၁၂နာရီအထိ
**နေရာ** - ပတ္တမြားရတုခန်းမ(နဝင်းဆောင်ရှေ့)

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၅၂-၂၂၀၁၈၄၈၊ ၀၅၂-၂၂၀၃၁၄ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၂၄-၁၂-၂၀၁၅ရက် နံနက် ၉နာရီ
၃။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၈-၁၂-၂၀၁၅ရက် နံနက် ၉း၃၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ပဲခူးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၄ယ/၆၂၉၄၈၊ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးဟန် ၉/ဝတန(နိုင်)၀၀၇၇၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (မိတ္ထီလာခရိုင်)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်1G/ 2494၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

**ကန့်ကွက်နိုင်ပါကြောင်း**

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅E၊ မြေကွက်အမှတ် V၉၁၊ မြေကွက်တည်နေရာအမှတ်၁၂၊ ထီးတန်း(၃)လမ်း၊ ထီးတန်းစက်မြေရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (ဒေါ်အုန်းလှ) အမည်ပေါက် နှစ်တိုမြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်အုန်းလှထံမှ အရောင်းစာချုပ် (၂၁၂၈/၅-၆-၉၈)ဖြင့် ရရှိသူဦး ကျော်စိန်နှင့်ဇနီး ဒေါ်ထားရီတို့ ကွယ်လွန်သွားသဖြင့် (၁) ဦးတင်လှ ၁၂/ကမတ(နိုင်)၀၀၉၄၂၉၊ (၂) ဦးကျော်မြင့် ၁၂/ကမတ(နိုင်)၀၅၂၄၈၈၊ (၃) ဒေါ်စိန်မြင့် ၁၂/ကမတ (နိုင်) ၀၁၄၁၈၆၊ (၄) ဒေါ်ခင်လှမြင့် ၁၂/ကမတ(နိုင်)၀၁၄၃၁၆၊ (၅) ဒေါ်အေးအေးချို ၁၂/ကမတ(နိုင်)၀၄၆၃၂၉၊ (၆) ဒေါ်အေးအေးမော် ၁၂/ကမတ(နိုင်)၀၁၅၄၀၈တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာများ၊ အိမ်ထောင်စုစာရင်း၊ နှစ်တိုမြေငှားဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ မြို့နယ် ရဲစခန်းထောက်ခံချက်၊ သေစာရင်း၊ အရောင်းစာချုပ်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂/၃၀၁၊ မြေကွက် တည်နေရာအမှတ် ၂၈၄၊ အောင်ရတနာလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးတင်မြင့်) ၁၂/ဒပန(နိုင်)၀၀၃၅၈၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဦးတင်မြင့်(ဖခင်)နှင့် ဒေါ်သောင်းမြင့် (မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်သင်းသင်းဆွေ ၁၂/ဒပန(နိုင်)၀၀၄၇၉၉၊ ဦးအောင်မျိုးဇော် ၁၂/ဒပန(နိုင်)၀၃၆၄၅၂၊ ဦးကျော်သူရ ၁၂/ဒပန(နိုင်)၀၃၆၄၅၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ဦးတင်မြင့်နှင့်ဒေါ်သောင်းမြင့်တို့ ကွယ်လွန်ကြောင်း ဒါးပိန်မြို့နယ် တိုက်နယ်ဆေးရုံ၏ ထောက်ခံချက်၊ လှည်းကူးမြို့နယ်ဒါးပိန်တောင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်များတင်ပြ၍လျှောက်ထားလာသူ ဒေါ်သင်းသင်းဆွေ+(၂) ကိုယ်စား GP ၆၄၁၇/၁၅ ရရှိသူဒေါ်နီလာ ၁၂/ဒပန(နိုင်)၀၀၃၇၅၇က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁ ။ (က) ဤဥပဒေကို **၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ** ဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေအခန်း(၅)ပါ ကုန်သွယ်လုပ်ငန်းခွန် နှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေ အခန်း (၆)ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ဤဥပဒေ ပုဒ်မ ၁၉ ပါ လစာမှဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုး သက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း(၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃ ။ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက် ဖြစ်သည်။

**အခန်း(၃)**

**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄ ။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅ ။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆ ။ (က) သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက် အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှု စာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇ ။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက် အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

**အခန်း(၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈ ။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉ ။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင် လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

**အခန်း (၅)**

**ကုန်သွယ်လုပ်ငန်းခွန်**

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲ ဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနောက်ဆက်တွဲဇယားများ**

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည် ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည် -

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက်ပေါက်ဈေးတန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ် ၃၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၃ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၃၀၁ ကျပ်မှ ကျပ် ၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ် မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၉ ကျပ် |
| | (င) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၄၈ ကျပ် |
| | (စ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူးရောင်းဈေး ၃၀၀၁ ကျပ်နှင့် အထက်ဖြစ်လျှင် | တန်ဖိုး၏ ၁၂၀ % |
| | (ဆ) စီးကရက်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၁၂၀ % |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | ဆေးပေါ့လိပ်။ | | ၆၀ % |
| ၅။ | ဆေးပြင်းလိပ်။ | | ၆၀ % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၆၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၆၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ၆၆ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၅၀၁ မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၇ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၁၀၀၁ မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၉၄ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၂၀၀၁ မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၆၅၆ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၃၀၀၁ မှ ကျပ် ၄၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၉၁၉ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၄၀၀၁ မှ ကျပ် ၅၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၁၈၁ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၅၀၀၁ မှ ကျပ် ၇၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၅၇၅ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုးကျပ် ၇၀၀၁ မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၂၃၁ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၀၀၀၁ ကျပ်နှင့် အထက်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ % |
| | (ည) အရက်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၆၀ % |
| ၉။ | ဘီယာ အမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | ဝိုင်အမျိုးမျိုး။ | | ၅၀% |
| ၁၁။ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | | ၂၅ % |

(ဆက်လက်ဖော်ပြပါမည်)



# အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေး စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရ

သတင်း - မင်းသစ်
ဓာတ်ပုံ - ရဲထွဋ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ ချေးငွေ၊ ကျွမ်းကျင်လုပ်သား၊ လျှပ်စစ်ဓာတ်အားနှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များကြောင့် အဓိကစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း UNIDO ဒေသကိုယ်စားလှယ် Mr. Edward Clarence Smith က ပြောသည်။

ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ စက်မှုဝန်ကြီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံရှိ လူငယ်များနှင့် အမျိုးသမီးများ ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးအတွက် အခွင့်အလမ်းများ၊ အတားအဆီးများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံမှာရှိတဲ့ အသေးစားလုပ်ငန်းတွေက အလွန်သေးငယ်တယ်။ မြန်မာနိုင်ငံနဲ့ပြည်ပနိုင်ငံတွေ ချိတ်ဆက်ပြီး အကန့်အသတ်တွေကို ကျော်လွှားသွားရမယ်။ SME တွေက လုပ်ငန်းအရွယ်အစား သေးငယ်တာကို ရင်ဆိုင်နေရတယ်" ဟု ၎င်းကဆက်လက် သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လုပ်ငန်းလည်ပတ်ရန်အတွက် မြေနှင့် အဆောက်အအုံ အပေါင်ပစ္စည်းထားပြီး ချေးငွေရယူနေရကြောင်း၊ အတိုးနှုန်းနည်းနည်းဖြင့် ငွေချေးနိုင်ရန် ရန်ပုံ ငွေထူထောင်သွားမည် ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လူငယ်နှင့်အမျိုးသမီးများ ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးရရှိမှုတွင် တွေ့ကြုံနေရသည့် အခက်အခဲ အတားအဆီးများ၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်သတင်း အချက်အလက်ရရှိရေးနှင့် ပြည်တွင်း ပြည်ပ ကွန်ရက် အချိတ်အဆက်ရရှိရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

"ချေးငွေကဏ္ဍအားနည်းတယ်။ လုပ်ငန်းလည်ပတ်ရာမှာ အခက်အခဲရှိတယ်။ အိုင်ဒီယာ ဘယ်လောက်ကောင်းကောင်း ငွေကြေးမရရင် အောင်မြင်အောင် မဆောင်ရွက်နိုင်ဘူး။ နည်းစနစ်အသစ်တွေနဲ့ ငွေကြေးထောက်ပံ့ပေးဖို့လိုတယ်" ဟု စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ အနေဖြင့် ငွေကြေးနှင့် နည်းပညာပိုင်း အားနည်းမှုများ ရှိနေကြောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်း ယှဉ်ပြိုင်ရန် အခက်အခဲများရင်ဆိုင်နေရကြောင်း၊ AEC မကြာခင် ဝင်ရောက်လာတော့မည်ဖြစ်သည့်အတွက် ယှဉ်ပြိုင်မှုများ ကြီးထွားလာတော့မည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

"တစ်ဦးချင်း တစ်ယောက်ချင်း သွားနေမယ့်အစား စုပေါင်းပြီးလုပ်ရင် လုပ်ငန်းတွေကြီးထွားလာမယ်။ အတွေ့အကြုံဗဟုသုတတွေ အပြန်အလှန် ဖလှယ်နိုင်မယ်၊ အသေးစားနဲ့အလတ်စားလုပ်ငန်းတွေ နိုင်ငံတကာ ဈေးကွက်မှာ ဝင်ဆံ့နိုင်အောင်ဆောင်ရွက်ပေးနေပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

UNIDO မှ ဆောင်ရွက်နေသည့် မိတ္ထီလာနှင့် ဝမ်းတွင်းရှိ ရိုးရာရက်ကန်း အစုအဖွဲ့နှင့် ပုဂံရှိ ယွန်းလုပ်ငန်းအစုအဖွဲ့ကဲ့သို့ ပထဝီအနေအထားအရ လုပ်ငန်းတူများစုဖွဲ့လျက် ပိုမိုအားကောင်းသော ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိမှုနှင့် နိုင်ငံတကာဒေသအတွင်း ဈေးကွက်ဝင်အရည်အသွေးများ ရရှိရေးအတွက် ဖွဲ့စည်းထားသည့် အစုအဖွဲ့ပုံစံများ၏ အကျိုးရှိ ထိရောက်မှုများအပေါ် စုပေါင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti၊ UNIDO မှတာဝန်ရှိသူများ၊ UMFCCIဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



## သီပေါမြို့နယ်၌ မျိုးသန့်စပါး စံကွက်ရိတ်သိမ်း

**သီပေါ ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးထားသော မော်ဘီ (၂)မျိုးသန့် စိုက်ခင်းစံကွက် ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၉ ရက်က ဘော်ကြိုကျေးရွာအုပ်စု (မော်ကေ) ကွင်းအမှတ်(၁၁၅)၊ ဦးပိုင်အမှတ် (၉၈)ရှိ ဦးစိုင်းကျော်လှ၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဦးမိုးကျော်စွာဝင်းနှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကွင်းတာဝန်ခံများ တက်ရောက်ကြပြီး မော်ဘီ(၂)မျိုးသန့်စိုက်ခင်းမှ တစ်ဧကလျှင် တင်း ၁၁၁ ဒသမ ၃၀ ထွက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လမ်းမတော်မြို့နယ်ရုံး၌ ကျင်းပခဲ့သည်။

တက်ရောက်လာကြသူများက ပြခန်းအတွင်း ပြသထားသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံများ၊ နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### ယာဉ်အန္တရာယ်ကင်းရှင်းရေး သီပေါ၌ အချက်ပြမီးပွိုင့်များ တပ်ဆင်မည်

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်သည် မန္တလေး-လားရှိုး-မူဆယ် သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး ဗဟိုအချက်အချာကျသော မြို့ဖြစ်၍ တစ်နေ့လျှင် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ် ၂၀၀၀ ကျော်ခန့်နှင့် မော်တော်ဆိုင်ကယ်များ စဉ်ဆက်မပြတ်သွားလာလျက်ရှိသည့်အပြင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှာလည်း အဆိုပါလမ်းမကြီးပေါ်၌ တည်ရှိသည်။

ထို့ကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားလျက်ရှိသဖြင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် မိုင်းပွန်လမ်းဖြတ်သန်းသည့် လမ်းကြောင်း၌ အချက်ပြမီးပွိုင့်တပ်ဆင်ရေးအတွက် ဒီဇင်ဘာ ၁၈ ရက်က ရပ်မျဉ်းနှင့်လူကူးမျဉ်းကျားများ ရေးဆွဲလျက်ရှိကြောင်းကို သိရသည်။ **စိုင်း(သီပေါ)**

### ကျိုက်ထီးရိုးဆရာတော်ထံ တိုင်းရင်းဆေးများဆက်ကပ်လှူဒါန်း

ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် ဗုဒ္ဓဝေယျာဝစ္စနှင့် သာသနာတော်အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရေးအတွက် ရင်ပြင်တော်ကျောင်းရှိ သံဃာတော်များအပါအဝင် တောင်ရိုးတောင်တန်းများရှိ သံဃာတော် အရှင်သူမြတ်များက အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျိုက်ထီးရိုးတောင်တန်းကြီးပေါ်ရှိ ရင်ပြင်တော်ကျောင်းတိုက်ကြီးနှင့်အတူ ရသေ့တောင်၊ စကြာတောင်၊ မြစိမ်းတောင်၊ မုဆိုးတောင်တန်းကြီးများ၌ သာသနာပြုလျက်ရှိသော ဘုန်းတော်ကြီးကျောင်းပေါင်း ၅၆ကျောင်းရှိနေကြောင်း ဂေါပကစာရင်းများအရသိရသည်။ အဆိုပါကျောင်းများရှိ ရဟန်းသံဃာများအတွက် ကျန်းမာရေးအထောက်အပံ့ဖြစ်စေရန် ဒီဇင်ဘာ ၁၉ ရက်က မြန်မာတိုင်းရင်းဆေးဝါးများကို စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မောင်မြင့်**

### ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကျင်းပ

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့ အမှတ်(၇) ရပ်ကွက် ခဲအင်းရပ်ကွက် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေနှင့်ရပ်ကွက်နေပြည်သူများ၏ ထည့်ဝင်ငွေများစုပေါင်း၍ ကျောက်မဲမြို့နယ် အမှတ်(၇)ရပ်ကွက် ခဲအင်းရပ်၌ တည်ဆောက်သော ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ကေဗွီအေ ဓာတ်အားခွဲရုံကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ရပ်ကွက်အတွင်းရှိအိမ်ခြေ ၃၀၀ ခန့်သည် လျှပ်စစ်မီး ၂၄ နာရီသုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ သီရိရတနာမြို့မဈေး၌ ဈေးမှတစ်ဆင့်မီးလောင်မှုမဖြစ်ပွားစေရန် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦး၊ မြို့နယ်လျှပ်စစ်မှူး ဦးကျော်စိုးထိုက်၊ မြို့နယ်မီးသတ်စခန်းမှူး ဦးမျိုးဇေယျာဝေနှင့် ဈေးသူ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

### ဟားခါးမြို့နယ် နှီုရ်လောန်းကျေးရွာ၌ နယ်လှည့်အသိပညာပေး

**ဟားခါး ဒီဇင်ဘာ ၂၁**

ဟားခါးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး/ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နယ်လှည့်အသိပညာပေးဟောပြောပွဲနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့နယ် နှီုရ်လောန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဟားခါးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းက အမှာစကားပြောကြားသည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပုမ်ခန့်နွမ်ကစာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း သိကောင်းစရာများ ဟောပြောသည်။ ထို့နောက် လက်တွေ့သရုပ်ပြသကြကာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# မျိုးစေ့ထုတ်ငရုတ်များ ပြည်ပဈေးကွက်သို့တင်ပို့ ဒေသခံများ ဝင်ငွေကောင်း



**ရေတာရှည် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ဆွာချောင်းအနီးတွင် တရုတ်နိုင်ငံမှ မျိုးစေ့ထုတ် ငရုတ်စိုက်ခင်းများမြေငှားရမ်း၍ စိုက်ပျိုးလျက်ရှိရာ ဒေသတွင်းနေထိုင်ကြသူများအနေဖြင့် အလုပ်အကိုင်ရရှိကာ နေ့စဉ်ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။ "ကျွန်တော်တို့က ဒီမှာမြေခုနစ်ဧကငှားပြီး စမ်းသပ်စိုက်ပျိုးတာအောင်မြင်မယ်လို့ထင်တယ်၊ စိုက်ပျိုးတဲ့ငရုတ်မျိုးက အရှည်ရှစ်လက်မ လောက်ရှည်တယ်၊ ရင့်မှည့်တဲ့အသီးတွေကနေ မျိုးစေ့ထုတ်ကာ တရုတ်ပြည်မှာရှိတဲ့ စက်ရုံကို ပြန်ပို့ပြီး ပိုးသတ်သန့်စင်ထုပ်ပိုး၍ ပြည်ပဈေးကွက်ကိုတင်ပို့တာပါ"ဟု စိုက်ခင်းလုပ်ငန်းများဆောင်ရွက်နေသော ကျန်ကျောင်းက ပြောသည်။ အဖိုပင်နှင့်အမပင်သို့ ဝတ်မှုန်ကူးခြင်း၊ အပွင့်များ ခြွေခြင်းနှင့်အခြားစိုက်ခင်းအတွက် လိုအပ်ချက်များအရ ဆွာ၊ တံတားကြီး၊ ကညင်အိုင်၊ ရေနီး၊ သရက်တော၊ အေးသာယာ၊ ဆွာမင်းလမ်းကျေးရွာများမှ ဒေသခံအလုပ်သမားဦးရေ ၃၀၀ ခန့်လုပ်ကိုင်နေကြကြောင်း သိရသည်။ "နံနက် ရှစ်နာရီက နေနေ့လယ်နှစ်နာရီအထိနဲ့ မွန်းလွဲတစ်နာရီကနေ ညနေ လေးနာရီအထိဆင်းရတယ်၊ ယောကျ်ားလေးဆိုရင် ငွေကျပ် လေးထောင်၊ မိန်းကလေး ငွေကျပ်သုံးထောင့်ခြောက်ရာ ညနေအလုပ်သိမ်းတာနဲ့ တစ်နေ့ချင်းရှင်းပေးတာ"ဟု အလုပ်သမတစ်ဦးက ပြောသည်။

ငရုတ်မျိုးစေ့ထုတ် စိုက်ခင်းများအတွက် ငွေကျပ်သိန်းပေါင်း (၁၂၀၀) ကျော် ရင်းနှီးမြှုပ်နှံထားပြီး စိုက်ပျိုးခင်းများ အောင်မြင်ရေးမှာ ရာသီဥတုနှင့်လည်းသက်ဆိုင်ကြောင်း ကျန်ကျောင်းကပင် ဆက်၍ပြောသည်။ ယခုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပါက မြေနေရာများ တိုးချဲ့ငှားရမ်း၍ လုပ်ကိုင်သွားမည်ဖြစ်ကာ ဒေသတွင်းနေထိုင်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်နိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

## မူဆယ်တွင် ဒီဇင်ဘာလ လူထုအားကစားအထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မိုးလုံ လေလုံအားကစားရုံ၌ ဒီဇင်ဘာ ၁၇ ရက်က ဒီဇင်ဘာလလူထုအားကစားအထိမ်းအမှတ်အဖြစ်ခရိုင်/မြို့နယ် အား/ကာကော်မတီ၏ ဦးဆောင်မှုဖြင့် မူဆယ်မြို့ရှိ ကိုယ်ပိုင်အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများမှ ကျောင်းသားကျောင်းသူလေးများက အလေးပြုခြင်း၊ အားကစား အဓိဋ္ဌာန်လေး ချက်ရွတ်ဆိုခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် သရုပ်ပြအစီအစဉ်များ ပြသဖျော်ဖြေရာ MIEC ကိုယ်ပိုင်အထက်တန်း ကျောင်းသား ကျောင်းသူလေးများက ကရာတေးဒိုသရုပ်ပြခြင်း၊ အေရိုးဗစ်ပြသခြင်းအပြင် Mother House၊ ရထိုက်၊ ICTC၊ ကျော်၊ CMA၊ PESE၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက အားကစားသရုပ်ပြကကွက်များ၊ ယဉ်ကျေးမှု ကကွက်များဖြင့် သရုပ်ပြဖျော်ဖြေကြပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို ပထမပွဲစဉ်အဖြစ် MIECကိုယ်ပိုင်ကျောင်းအသင်းနှင့် Mother House အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Mother House အသင်းက ရှစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# ဗီယက်နမ်တွင်ကျင်းပသည့် အာဆီယံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာဓာတ်ပုံပညာရှင်များ ဆုများစွာ ဆွတ်ခူးရရှိ



**မန္တလေး ဒီဇင်ဘာ ၂၁**

နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုဓာတ်ပုံပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုများစွာ ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဗီယက်နမ်နိုင်ငံမှ ကြီးမှူးကျင်းပသည့် အာဆီယံနိုင်ငံများ၏ ဓလေ့ထုံးစံများ ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင် မင်းမင်းထွန်းက ဒုတိယဆု၊ ဇေယျာလင်း တတိယဆုနှင့် အထူးဆုအဖြစ် ဇော်ဇော်ထွန်းတို့ ရရှိကြသည်။

ပြိုင်ပွဲတွင် နောက်ဆုံးဆန်ခါတင်ရရှိသူများအား ဗီယက်နမ်နိုင်ငံသို့ ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင် ကိုးဦးသွားရောက်ခဲ့သည်။

ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်၌ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပရာ ပထမဆုကို ဗီယက်နမ်နိုင်ငံက ရရှိခဲ့ပြီး ဆုကြေးငွေမှာ ပထမဆု အမေရိကန်ဒေါ်လာ ၁၅၀၀၊ ဒုတိယဆု အမေရိကန် ဒေါ်လာ ၁၂၀၀၊ တတိယဆု အမေရိကန် ဒေါ်လာ ၇၀၀ နှင့် အထူးဆု ငါးဆုအတွက် အမေရိကန်ဒေါ်လာ ၅၀၀ စီ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲသည် နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ယခုနှစ်တွင် တတိယအကြိမ်မြောက်ကျင်းပမည့် ပြိုင်ပွဲဖြစ်သည်။ ဒုတိယဆုရရှိသော မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင် မင်းမင်းထွန်း၏ ဆုရဓာတ်ပုံများသည် မြန်မာ့ရိုးရာအလှူပွဲ လှည့်လည်ရာတွင် အသုံးပြုသည့် နွားထွင်းလှည်းယာဉ်များအား ရိုက်ကူးထားသော ဓာတ်ပုံဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### တရားမဝင်လုပ်ငန်းဆောင်ရွက်မှုကို တားမြစ်စေလို

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက် ရတနာလမ်းမကြီးပေါ်ရှိ ပိုင်အိုးနီးယား(ကားအရောင်းပြခန်း)သည် နောက်ဖေးလမ်းကြားကို ဖွင့်ဖောက်လျက် လုပ်ကိုင်လျက်ရှိသည်။

လူနေအိမ်များနှင့် နီးကပ်စွာရှိနေသည့် အဆိုပါမြေကွက်၌ မော်တော်ကားအင်ဂျင်ပြုပြင်ခြင်း၊ ကားဘော်ဒီပစ္စည်းများ ပြုပြင်တပ်ဆင်ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဂဟေဆော်ခြင်း၊ ဆေးမှုတ်ခြင်းများ လုပ်ကိုင်လျက်ရှိရာ အဆိုပါ အနံ့အသက်များနှင့် ဆူညံသံများကို နေ့စဉ်ခံစားနေရ၍ ရပ်ကွက်နေပြည်သူများ၏ အကျိုးအတွက် အဆိုပါလုပ်ငန်းလုပ်ကိုင်မှုကို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### အညော်နံ့များကြောင့် ပတ်ဝန်းကျင်ထိခိုက်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဦးရွှေဂွန်းလမ်းတိုတိုက်အမှတ်(၃၁)၏ ရှေ့တည့်တည့် မီးရထားသံလမ်းဘေး ထမင်းဆိုင်မှ နေ့စဉ် ကြော်လှော်နေသော ညော်နံ့များကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### ပလက်ဖောင်းပေါ်မှဈေးဆိုင် ဖယ်ရှားပေးစေလို

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင် တောင်ရပ်ကွက် နှင်းဆီလမ်းမပေါ်၌ လူများ စင်္ကြံပေါ်၌ လက်ဖက်ရည်ထိုင်ခုံများချထားမှုကြောင့် ခရီးသွားပြည်သူများ သွားလာရာ၌ အန္တရာယ်ဖြစ်ပွားနိုင်သကဲ့သို့ ယာဉ်ပိတ်ဆို့မှုလည်း မကြာခဏဖြစ်ပွားပါသဖြင့် အဆိုပါ လမ်းပေါ်ရှိ ဈေးဆိုင်ကို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**တင်မောင်ဦး(အလုံ)**

### ပိုးသတ်ဆေးအနံ့များကြောင့် ပတ်ဝန်းကျင်ထိခိုက်

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့ (၁၂)ရပ်ကွက် မဥ္ဇူလမ်းနှင့် စည်သူလမ်းရှိ လူနေအိမ်များအနီးတွင် ပိုးသတ်ဆေးများ ရောင်းချနေပါသည်။ ထိုပိုးသတ်ဆေးအနံ့များကို နေ့စဉ်ရှူရှိုက်နေရသဖြင့် ကျန်းမာရေးဓာတ်ခံအားနည်းသည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ပတ်ဝန်းကျင်နေပြည်သူများ စူးရှသည့် အနံ့ကြောင့် ကျန်းမာရေးထိခိုက်လျက်ရှိပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားပေးနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းနှင့် သစ္စာလမ်းကြားရှိ လမ်းများပေါ်၌ မော်တော်ယာဉ်များကို လမ်းပိတ်ဆို့ကာ နေ့ရောညပါ ရပ်နားထားပြီး ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါသောကြောင့် ရပ်ကွက်နေပြည်သူများ သွားလာရေးအတွက် စိတ်အနှောင့်အယှက်များစွာ ဖြစ်နေရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးပါရန် ဒုတိယအကြိမ် တင်ပြအပ်ပါသည်။

**လမ်းနေပြည်သူတစ်ဦး**

### အညော်နံ့ထွက်သော မုန့်ဖိုအား စိစစ်ဆောင်ရွက်ပေးရန်လို

ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် ဘန့်ဘွေးကုန်းလမ်း လူနေရပ်ကွက်ရှိ အိမ်တစ်အိမ်၌ မုန့်ဖိုလုပ်ငန်းလုပ်ကိုင်နေပါသည်။

ယင်းမုန့်ဖိုမှအညော်နံ့များ နေ့စဉ်ထွက်ပေါ်နေသဖြင့် ပတ်ဝန်းကျင်တွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၊ ခွဲစိတ်ထားသည့်လူနာများ၊ နေထိုင်မကောင်းသူများသည် မုန့်ဖိုမှထွက်သော အနံ့များကို နေ့စဉ်ရှူရှိုက်နေရ၍ ကျန်းမာရေး ထိခိုက်လျက်ရှိသဖြင့် အမြန်ဆုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အညော်နံ့မခံနိုင်သူများ**

# ပြင်ဦးလွင်ပန်းပွဲတော် ရက်ကျော်လွန်လျှင်လည်း ပန်းသက်တမ်းကုန်သည်အထိ ဆက်လက်ပြသမည်

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၁**

နှစ်စဉ်ကျင်းပသော ပြင်ဦးလွင်မြို့ ပန်းပွဲတော်၏ ယခုနှစ် (၁၀) ကြိမ်မြောက်ပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်ပြသလျက်ရှိပြီး သတ်မှတ်ထားသည့် ဒီဇင်ဘာ ၃၁ ရက် ကျော်လွန်သွားလျှင်လည်း ပန်းသက်တမ်းကုန်သည်အထိ ရက်ထပ်တိုး၍ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ (၁၀) ကြိမ်မြောက် ပန်းပွဲတော်ကို ဆောင်းရာသီပန်းမျိုးစုံတို့ဖြင့် အဓိကထား၍ ခင်းကျင်းပြသထားပြီး ယခင်နှစ်များကဲ့သို့ပင် လာရောက်ကြည့်ရှုသူများ များပြားလျက်ရှိသည်။ လာရောက်ကြည့်ရှုသူ အလွန် များပြားနေသောကြောင့် ပွဲတော်ကာလအဖြစ် သတ်မှတ်ထားသည့် ဒီဇင်ဘာ ၃၁ ရက် ကျော်လွန်သွားသော်လည်း ပန်းသက်တမ်းကုန်သည်အထိ ရက်ထပ်တိုး၍ ပြသသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ် ပန်းပွဲတော်တွင် ဥယျာဉ်အတွင်းရှိ ပန်းမျိုးစုံအပြင် မြေနှစ်ဇကပေါ်တွင် ပန်းပင်အမျိုးအစား ၄၅ မျိုးကို အပင်အရေအတွက် ၁၇၀၀၀၀ ဖြင့် ပြသထားပြီး ထပ်မံ၍ ပန်းအစစ်နှင့် အတုများ ပေါင်းစပ်ကာ ရုပ်လုံးရုပ်ကြွ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပုံဖော်ပြသထားကြောင်း သိရသည်။




ယခုနှစ်တွင် ပန်းပွဲတော်ကာလအတွင်း အချိန်အခါမဲ့မိုး ရွာသွန်းခဲ့မှုကြောင့် ခင်းကျင်းထားသည့် ပန်းပြကွက်များ ထိခိုက်ပျက်စီးမှု မရှိခဲ့သော်လည်း နေ့စဉ် လူအများလာရောက်ကြည့်ရှုနေမှုကြောင့် ပြသထားသည့် ပန်းများ မတော်တဆ ထိခိုက်ပျက်စီးမှုများ ရှိကြောင်း၊ ထိခိုက်သော ပန်းပြကွက်များကို အလှမပျက်စေရန် တာဝန်ရှိဝန်ထမ်းများက နေ့စဉ်ပြုပြင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

ပန်းပွဲတော်နှင့်အတူ အစဉ်အလာကျင်းပမြဲဖြစ်သော ဂီတပွဲတော်ကိုလည်း ကန်တော်ကြီး နန်းမြင့်မျှော်စင်အနီးတွင် ဒီဇင်ဘာ ၂၅ နှင့် ၂၆ ရက်များ၌ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံကျော် အဆိုတော်များ လာရောက်ဖျော်ဖြေကြမည်ဖြစ်ရာ ပြင်ဦးလွင်ပန်းပွဲတော် အလှအပများကို ကြည့်ရှုလေ့လာရင်း ဂီတပွဲတော်တွင် ဖျော်ဖြေမှုများကိုလည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

**သက်နိုင်(ပြင်ဦးလွင်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များသို့ မီးသတ်ယာဉ် ၂၅ စီး လွှဲပြောင်းပေးအပ်

**မုံရွာ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူခဲ့သော မီးသတ်ယာဉ် ၂၅ စီးကို မြို့နယ်များသို့ ဒီဇင်ဘာ ၁၉ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ရာတွင် မုံရွာခရိုင်အတွင်း မုံရွာမြို့သို့ ငါးစီး၊ ဘုတလင်မြို့သို့ တစ်စီး၊ ရွှေဘိုခရိုင်အတွင်း ရွှေဘိုမြို့သို့ လေးစီး၊ ကန့်ဘလူမြို့သို့ သုံးစီး၊ စစ်ကိုင်းခရိုင်အတွင်း စစ်ကိုင်းမြို့သို့ နှစ်စီး၊ ယင်းမာပင်ခရိုင်အတွင်း ပုလဲမြို့သို့ နှစ်စီး၊ ဆားလင်းကြီးမြို့သို့ တစ်စီး၊ ကလေးခရိုင်အတွင်း ကလေးဝမြို့သို့ တစ်စီး၊ တမူးခရိုင်အတွင်း တမူးမြို့သို့ တစ်စီး၊ ခန္တီးခရိုင်အတွင်း ဟုမ္မလင်းမြို့သို့ တစ်စီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ လေရှီးမြို့၊ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲနှင့် ဆွမ္မရာမြို့နယ်ခွဲများသို့ တစ်စီးစီကို ပေးအပ်ခဲ့ခြင်းဖြစ်ကာ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံ ၂၇၂၅၁ စုံကိုလည်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ရုံးဝင်းအတွင်းကျင်းပသည့် မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**




# သပိတ်ကျင်းမြို့တွင် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးဖွင့်

**သပိတ်ကျင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့၌ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (One stop shop-OSS)ကို ကမ္ဘာအေး မြို့ကွက်သစ်တွင် ဒီဇင်ဘာ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်ရန်၊ အစိုးရဌာနဆိုင်ရာများအပေါ် ပြည်သူများ အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများပြုနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ ရုံးဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးထွန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မေသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ခြင်းဖြင့် ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရသောရုံးကိစ္စများ ဆောင်ရွက်ရာတွင် ဌာနအသီးသီးသို့ အချိန်ကုန်၊ ငွေကုန်ခံကာ သွားရောက်စရာမလိုတော့ဘဲ တစ်နေရာတည်း၌ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ကြိုဆိုထောက်ခံကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**



# ကျောက်ပန်းတောင်းမြို့ မြတ်ရွှေဂူဘုရားကြီး နှစ် (၂၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်မှ သမိုင်းဝင်ရှေးဟောင်းစေတီတစ်ဆူဖြစ်သော မြတ်ရွှေဂူဘုရားကြီး၏ နှစ် ၂၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဒီဇင်ဘာ ၂၆ ရက်မှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြတ်ရွှေဂူဘုရားကြီးကို သက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် မြို့စားမင်းကြီးမဟာသီရိသီဟဗိုလ်က မိမိပိုင်ပစ္စည်းများကိုထုခွဲရောင်းချပြီး ဉာဏ်တော်အမြင့် ခုနစ်တောင်ရှိသော စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ဘုရားပွဲတော်ကို ယခင်က နတ်တော်လပြည့်ကျော် ၈ ရက်မှ ပြာသိုလပြည့်ကျော် ၈ ရက်အထိ တစ်လတိုင်တိုင် ကျင်းပလေ့ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နှစ် ၂၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ဓမ္မသဘင်တရားပွဲများကို နတ်တော်လပြည့်ကျော် ၂ ရက်မှ ၆ ရက်အထိ ယာယီကဇာတ်ရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ မနောမယအရှင်နန္ဒိယ၊ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသနှင့် ဒယ်အိုးဆရာတော် ဉူးသုမင်္ဂလတို့က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကံစမ်းမဲဖွင့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာခြင်းခတ်ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကာ ပွဲတော်အတွင်း ဈေးခင်းရောင်းချမည့် နယ်လှည့်အရောင်းဈေးသည်များအနေဖြင့်လည်း ဂေါပကအဖွဲ့နှင့်ကြိုတင်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

## သတင်းတိုများ

### လူထုအားကစားပြိုင်ပွဲများ သံဖြူဇရပ်၌ကျင်းပ

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သံဖြူဇရပ်မြို့နယ် အား/ကာ ကော်မတီတို့ ဦးစီးကျင်းပသည့် လူထုအားကစားပြိုင်ပွဲများ ဖွင့်ပွဲကို သံဖြူဇရပ်မြို့နယ်အားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ် အား/ကာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်တို့က ပြိုင်ပွဲများကို ဖွင့်လှစ်ပေးခဲ့သည်။ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဘိလိယက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

### ဒီဇင်ဘာအားကစားလ တတိယပတ်လူထုလမ်းလျှောက်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ အားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။ ရမည်းသင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စုရပ်မှ စတင်ကာ ရမည်းသင်းမြို့နယ် ကျွဲတပ်ကျေးရွာ မူလတန်းလွန်ကျောင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး လမ်းလျှောက်ပွဲတွင် ရမည်းသင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ ပါဝင်ခဲ့ကြသည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

### ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်းများပြီးစီး

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မိုးတောင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်၊ စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်နှင့် ဦးမြတ်သူ၊ ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးဖိုးစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကူညီပံ့ပိုးမှုဖြင့် ရှစ်လခန့် ဆောင်ရွက်ခဲ့ကြောင်း ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# မော်ရင်ဟိုနောက်လိုက်ဖို့ နီးလာတဲ့ ဗန်ဟားလ်

ပရီမီယာလိဂ်မှာ ရှုံးပွဲတွေကြောင့် မော်ရင်ဟိုထွက်ခွာအပြီးမှာ မန်ယူနည်းပြ ဗန်ဟားလ်လည်း ထွက်ခွာဖို့ နီးလာပြီလို့ ပြောဆိုနေကြပါတယ်။ စနေနေ့က အိမ်ကွင်းမှာ နော့ဝှစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်အပြီး နည်းပြဗန်ဟားလ်က သူ့အနေနဲ့ နည်းပြအလုပ်မှထွက်ခွာရဖို့ နီးလာပြီလို့ ပြောဆိုလိုက်ပါတယ်။ ဗန်ဟားလ်ရဲ့ မန်ယူအသင်းဟာ ယခုနှစ်ချန်ပီယံလိဂ်မှ ထွက်ခဲ့ရတဲ့အပြင် ခြောက်ပွဲတိတိနိုင်ပွဲမရဘဲဖြစ်ခဲ့ရပါတယ်။ ပရိသတ်တွေက မန်ယူရဲ့ တိုက်စစ်ဟာ အတော်လေးညံ့ဖျင်းနေတယ်လို့ ဆိုပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ အတော်လေးစိုးရိမ်နေရပြီလို့ သိရပါတယ်။ မန်ယူအသင်းအနေနဲ့ တိုက်စစ်အားမှာလည်း မကောင်း၊ ခံစစ်မှာလည်း ရုန်းကန်နေရတဲ့ အနေအထားဖြစ်လာပါတယ်။ ပြိုင်ပွဲတစ်ပွဲရဲ့ အနိုင်အရှုံးမှာ နည်းပြတွေရဲ့ အခန်းကဏ္ဍဟာ အတော်လေးအရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ အလုပ်ဖြုတ်ခံရဖို့နီးလာပြီဆိုတာ လက်ခံပါတယ်လို့လည်း ဗန်ဟားလ်က ဆိုပါတယ်။ လာမယ့်ပြိုင်ပွဲတစ်ပွဲလောက်သာ ဆက်ရှုံးမယ်ဆိုရင် ဗန်ဟားလ်လည်း မော်ရင်ဟိုနောက်ကို လိုက်ရတော့မယ့် အနေအထားရှိပါတယ်။





# ပြိုင်ဆိုင်မှုပြင်းထန်ဦးမယ့် ယူရိုပါလိဂ်ပွဲစဉ်တွေ လာပြီ

**ယူရိုပါလိဂ်ပွဲစဉ်တွေကို ဒီဇင်ဘာ ၂၄ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ နောက်တစ်ဆင့်တက်ရေး အပြိုင်ကြိုးစားကြမယ့် အသင်းတွေကြောင့် စိတ်ဝင်စားစရာကောင်းနေပါတယ်။ ခြေရည်တူအသင်းတွေရဲ့ ပြိုင်ပွဲတွေပါဝင်နေတာမို့ ဒီတစ်ပတ်ပွဲစဉ်တွေကတော့ ပရိသတ်အကြိုက်အားပေးကြရဦးမယ့်ပွဲတွေအဖြစ် စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။**

**ဘီလ်ဘာအိုနှင့် မာဆေးလ်**

ခံစစ်ပိုင်းတောင့်တင်းတဲ့ ဘီလ်ဘာအိုတို့ကတော့ အခုတလော ခြေစွမ်းကောင်းပြန်ရနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ခြေစွမ်းအတက်အကျတော့ရှိနေပေမယ့် ပွဲတိုင်းအမှတ်ရအောင် အားထုတ်နိုင်တာတွေ့ရပါတယ်။ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည် ပြန်လည်မြင့်မားလာတာမို့ မာဆေးလ်တို့ ပွဲကျုပ်ပါလိမ့်မယ်။ မာဆေးလ်တို့ကလည်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိအောင် အားထုတ်နိုင်ခဲ့တာမို့ ဒီပွဲမှာ သရေရလဒ်တွေထွက်ပေါ်သွားနိုင်ပါတယ်။

**ရှော်လ်ကေးနှင့် ရှက်တာဒိုးနက်**

အော့စ်ဘတ်ကို ရှုံးခဲ့ပေမယ့် တရီပိုလင်၊ ဟန်နိုဗာတို့ကို နိုင်ပွဲတွေဆက်တိုက်ရအောင် ကစားခဲ့တဲ့ ရှော်လ်ကေးတို့က အခုပွဲမှာ လူစုံထုတ်ပြီး တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ရှက်တာဒိုးနက်တို့ကတော့ ဝီအက်စ်ဂျီနဲ့ ရီးရဲမက်ဒရစ်တို့ကို ဆက်တိုက်ရှုံးပွဲကြုံထားသလို အခုပွဲမှာလည်း အဝေးကွင်းလည်းဖြစ်တာမို့ ပွဲမချောင်ပါဘူး။ ဒီပွဲမှာ အိမ်ရှင်ရှော်လ်ကေးတို့ အောင်ပွဲခံပါလိမ့်မယ်။

**လာဇီယိုနှင့် ဂလာတာစာရေး**

လောလောဆယ်မှာ အူဒီးနိစ်ကို နိုင်ပွဲရထားလို့ စိတ်ဓာတ်ပြန်လည်တက်ကြွလာတဲ့ လာဇီယိုအဖွဲ့သားတွေဟာ အိမ်ကွင်းမှာ ဂလာတာစာရေးကို အပေါ်စီးက ကစားနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဂလာတာစာရေးတို့က သရေပွဲ၊ ရှုံးပွဲတွေဆက်တိုက်ဖြစ်ပေါ်နေလို့ အခုပွဲမှာ လာဇီယိုကို ခြေကုန်ဖွင့်ကစားမှ ရပါလိမ့်မယ်။ အိမ်ကွင်းမှာ အမှတ်ရအောင် ကစားနိုင်တဲ့ လာဇီယိုတို့ ဒီပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရယူနိုင်မယ့်ပွဲပါပဲ။

**လီဗာပူးနှင့် အော့စ်ဘတ်**

ယူရိုပါလိဂ်မှာ ရလဒ်တွေ မတည်ငြိမ်ဖြစ်နေတဲ့ လီဗာပူးအတွက် ဒီပွဲမှာလည်း စိုးရိမ်စိတ်ကြီးစွာထားပြီး ကစားရဦးမှာဖြစ်ပါတယ်။ အော့စ်ဘတ်တို့ ပုံမှန်ခြေစွမ်းရနေပေမယ့် လောလောဆယ်မှာ ဒေါ့မွန်ကို ရှုံးပွဲကြုံထားတာမို့ ဒီပွဲမှာ ပြင်ဆင်မှုပြုလုပ်ပြီး လီဗာပူးကိုရင်ဆိုင်ပါလိမ့်မယ်။ ဒီပွဲမှာ လီဗာပူးတို့ တစ်မှတ်ရရင် ကျေနပ်စရာရလဒ်အဖြစ် ခံယူရမှာပါ။

**ပေါ်တိုနှင့် ဒေါ့မွန်**

ပေါ်တိုဟာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကို ကြည့်ရင် ချယ်လ်ဆီးအသင်းကိုပဲရှုံးခဲ့ပြီး ကျန်ပွဲစဉ်တွေနိုင်ထားပါတယ်။ ဒေါ့မွန်တို့ကတော့ အော့စ်ဘတ်နဲ့ ဖရန့်ဖတ်အသင်းတွေကို ဆက်တိုက်နိုင်ပွဲတွေရထားတာမို့ အခုပွဲစဉ်မှာတော့ ပေါ်တိုကို ဖိအားပေးကစားပါလိမ့်မယ်။ နှစ်သင်းစလုံးခြေစွမ်းတူညီနေတာမို့ ဒီပွဲရလဒ်က အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**မိုလ်ဒီနှင့် ဆီဗီလာ**

အိုင်းယက်နဲ့ ဖီနာဘာချီအသင်းတွေကို အနိုင်မကစားနိုင်ခဲ့တာမို့ မိုလ်ဒီတို့ ဒီပွဲမှာ အလေးထားကစားပါလိမ့်မယ်။ ဒါပေမယ့် ဆီဗီလာတို့က နိုင်ပွဲတွေဆက်တိုက်ရရှိနေပြီး ခံစစ်ပိုင်းကလည်း အမှားအယွင်းမရှိတာမို့ အခုပွဲမှာတော့ အိမ်ရှင်တို့ အမှတ်ရဖို့တောင်မလွယ်ပါဘူး။ ဆီဗီလာတို့ပဲ ဒီပွဲမှာ အောင်ပွဲခံပါလိမ့်မယ်။

**နာပိုလီနှင့် ဗီလာရီးရဲ**

ရိုးမားကို သရေ၊ ဗီရိုနာအသင်းကို သုံးဂိုးပြတ်နိုင်ပွဲရထားတဲ့ နာပိုလီအသင်းဟာ အခုပွဲမှာ ခြေစွာနေတဲ့ ဗီလာရီးရဲကို ခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ နာပိုလီအသင်းဟာ အိမ်ကွင်းမှာ ကစားအားကောင်းပြီး တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းသေချာနေပါတယ်။ ဗီလာရီးရဲတို့ကလည်း ပွဲတိုင်းခြေစွမ်းပြနေတာမို့ အခုပွဲဟာ အကြိတ်အနယ်ရှိပါလိမ့်မယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပါတယ်။

**စပါးနှင့် ဖီအိုရင်တီးနား**

စပါးရဲ့ ခြေစွမ်းကတည်း အတက်အကျရှိနေပြီး ပွဲတိုင်းအမှတ်ရအောင် ကြိုးစားနေရပါတယ်။ ဖီအိုရင်တီးနားတို့ကလည်း ရှုံးပွဲတွေဆက်တိုက်ဖြစ်ပေါ်နေတာမို့ ဒီပွဲမှာ စပါးတို့ အခြေအနေကောင်းနိုင်ပါတယ်။ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ဖီအိုရင်တီးနားတို့ဟာ အခုပွဲမှာ အမှတ်ရဖို့ မလွယ်ပါဘူး။ စပါးတို့အတွက် နိုင်ပွဲဖြစ်သွားနိုင်ပါတယ်။

မိုးမြင့်လင်းလက်

ကောင်းမြတ်သူ – စုစည်းသည်။

# ထိပ်တန်းကလပ်တစ်ခုမှာ နည်းပြလုပ်ဖို့ရှိတဲ့ မော်ရင်ဟို



မည်သည့် ပြစ်ချက်မျှမရှိဘဲ ချယ်လ်ဆီးက ထွက်ခွာသွားရတဲ့ မော်ရင်ဟိုဟာ ထိပ်တန်းကလပ်တစ်ခုသို့ နည်းပြအဖြစ်ပြန်လာလိမ့်မယ်လို့ ချယ်လ်ဆီးအသင်းအုပ်ချုပ်သူ စတိဗ်ဟော်လန်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ မော်ရင်ဟိုရဲ့ ကိုယ်စားလှယ်ကလည်း နည်းပြမော်ရင်ဟိုဟာ ဥရောပထိပ်သီးအသင်းတစ်သင်းရဲ့ နည်းပြပြန်ဖြစ်လာလိမ့်မယ်လို့ ပြောဆိုလျက်ရှိပါတယ်။ မော်ရင်ဟိုဟာ အချိန်မဆွဲဘဲ တစ်ခုသောအသင်းရဲ့ နည်းပြဖြစ်လာလိမ့်မယ်လို့ ဆိုပါတယ်။ ပေါ်တူဂီနိုင်ငံသား ချယ်လ်ဆီးနည်းပြမော်ရင်ဟိုကို ချယ်လ်ဆီးဘုတ်အဖွဲ့က ရှုံးပွဲတွေ ဆက်နေပြီး တန်းဆင်းဇုန်အနီးရောက်ခဲ့တဲ့အတွက် နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပါတယ်။ လက်ရှိအချိန်မှာ ဂူးဟစ်ဒင့်ကတော့ ချယ်လ်ဆီးအသင်းကို နှစ်ကုန်အထိ နည်းပြလုပ်ခွင့်ရဖို့ ချဉ်းကပ်နေတယ်လို့ ဆိုပါတယ်။ မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလားရယူပေးပြီး ခုနစ်လအကြာမှာ နည်းပြအဖြစ်မှ ထုတ်ပယ်ခံလိုက်ရတာဖြစ်ပါတယ်။

# ဖလားရဖို့ မစဉ်းစားသေးဘူးလို့ လက်စတာနည်းပြဆို

လက်စတာ အသင်းအနေနဲ့ အဲဗာတန်ကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရလိုက်ပြီး ဇယားထိပ်ရောက်ခဲ့ပေမယ့် ဖလားရဖို့ စဉ်းစားထားတာမရှိသေးဘူးလို့ နည်းပြရာနီယာရီက ပြောဆိုလိုက်ပါတယ်။ ရာနီယာရီရဲ့ လက်စတာအသင်းဟာ ခရစ္စမတ်ကာလမှာ ပရီမီယာလိဂ်ရဲ့ဇယားထိပ်မှာ ဆက်လက်ရပ်တည်နိုင်လိမ့်မယ်လို့ ပြောဆိုလိုက်ပါတယ်။ ကျွန်တော်တို့ လက်စတာအသင်းအနေနဲ့ နိုင်ပွဲတွေရနေပေမယ့် ဧပြီလအထိတိုင်အောင် ပရီမီယာလိဂ်ဖလားရဖို့ အခွင့်အလမ်းတွေနဲ့ ပတ်သက်လို့ စဉ်းစားလို့ရမှာ မဟုတ်ပါဘူးလို့ နည်းပြရာနီယာရီက ပြောဆိုလိုက်ပါတယ်။ လက်စတာအသင်းဟာ လွန်ခဲ့တဲ့ ခြောက်ပွဲမှာ ငါးပွဲအနိုင်ရပြီး ပရီမီယာလိဂ်ဇယားထိပ်ကို တက်လာခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက်အထိတိုင် ဇယားထိပ်မှာရှိနေမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ လက်စတာတိုက်စစ်မှူးဟာပရီမီယာလိဂ်မှာ ဂိုးအများဆုံးနဲ့ ၁၅ဂိုးသွင်းယူပေးထားပါတယ်။



# ရတနာပုံခေတ် အမြောက်စက်ရုံများ

— မောင်သာ(ရှေးဟောင်းသုတေသန) —



မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့၏ ကျူးကျော်စစ်ပွဲများကို နှစ်ကြိမ်တိုင်ရင်ဆိုင်ခဲ့ရပြီး အောက်မြန်မာပြည်ကို ဆုံးရှုံးလက်လွှတ်ခဲ့ရပြီးသည့်နောက် မိမိတို့နိုင်ငံကို ကာကွယ်နိုင်ရန်နှင့် ခေတ်မီနိုင်ငံတစ်ခုဖြစ်လာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ထိုသို့ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် ခရစ်နှစ် ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း ရတနာပုံနေပြည်တော်တွင် စက်ရုံ အလုပ်ရုံများ ထူထောင်ခဲ့သည်။

ထိုအချိန်သည် ကုန်းဘောင်ခေတ်၏ ဒသမမြောက်ဘုရင်ဖြစ်သူ မင်းတုန်းမင်း(၁၈၅၂-၁၈၇၈) လက်ထက်ဖြစ်ကာ စက်ရုံများကို မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသားက အဓိကဦးစီးဆောင်ရွက်ခဲ့သည်။ မြန်မာမှတ်တမ်းများတွင် ရတနာပုံခေတ်တွင် တည်ထောင်ခဲ့သော စက်ရုံပေါင်း ၅၀ ရှိသည်ဟုဆိုသော်လည်း ဗြိတိသျှမှတ်တမ်းများတွင် စက်ရုံကိုးရုံအကြောင်းကိုသာ မှတ်တမ်းပြုစုထားသည်။

ဗြိတိသျှတို့က အထောက်အထားများဖြင့် ပြုစုထားသော ရတနာပုံခေတ်စက်ရုံများဖြစ်သည့် အမြောက် သေနတ်စက်ရုံ၊ ရက်ကန်းစက်ရုံ၊ သဘော်စက်ရုံ၊ လွှစက်ရုံ၊ သံစက်ရုံ၊ သကြားစက်ရုံ၊ မဲနယ်စက်ရုံ၊ သံဖိုရုံများအနက် အမြောက် သေနတ်စက်ရုံများသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အမြောက်နှင့် လက်နက်များ ထုတ်လုပ်ခဲ့သည်။ ဗြိတိသျှပြည်သိမ်းတပ်က ရတနာပုံနေပြည်တော်ကို ၁၈၈၅ ခုနှစ်က သိမ်းပိုက်ခဲ့ချိန်တွင် ယင်းစက်ရုံမှ ထုတ်လုပ်ခဲ့သည့် အမြောက်စိန်ပြောင်း၊ ရှေ့ထိုးနောက်ထိုး သေနတ်ကြီးငယ် ၁၈၀၀ ကျော်ကို သိမ်းယူဖျက်ဆီးခဲ့သည်။ ရတနာပုံခေတ် အမြောက်စက်ရုံမှ ထုတ်လုပ်ခဲ့သော မြန်မာ့အမြောက်ငယ်များကို မန္တလေး၊ စစ်ကိုင်း၊ အင်းဝဒေသများတွင် ယနေ့တိုင်မြင်တွေ့နိုင်သည်။

ဦးမောင်မောင်တင်ပြုစုသည့် ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် ရတနာပုံအမြောက်သေနတ်စက်ရုံ နှစ်ရုံကို ဖော်ပြထားသော်လည်း ရတနာပုံနေပြည်တော်တွင် အမြောက်သေနတ်စက်ရုံ လေးရုံရှိခဲ့သည်။ အမြောက်စက်ရုံများသည် နန်းမြို့အတွင်း၌ နှစ်ရုံရှိ၍ နန်းမြို့အပြင်ဘက်တွင် မြို့မြောက်ပြင် အမရစံခေါင်ရပ်၊ ရွှေတစ်ချောင်းကမ်းပါး၌တစ်ရုံနှင့် မြို့အနောက်ပြင် သင်္ဂဇာချောင်းဘေး၌တစ်ရုံ ရှိခဲ့သည်။ အမရစံခေါင်ရပ်၊ ရွှေတစ်ချောင်းကမ်းပါးရှိ စက်ရုံကို အိမ်ရှေ့စံ ကနောင်မင်းသားကြီး မကွယ်လွန်မီ တည်ဆောက်ခဲ့သည်။ ထိုစက်ရုံ၏ လုပ်ငန်းအရပ်ရပ်ကို ကနောင်မင်းသား၊ မြတောင်ဝန်ကြီး၊ ဗန်းမော်အတွင်းဝန်နှင့် သားတော်မင်းသားကြီးတို့က ကြီးကြပ်ကွပ်ကဲခဲ့ကြသည်။

အမြောက်သေနတ်စက်ရုံအပါအဝင် ရတနာပုံခေတ်တွင် တည်ထောင်လည်ပတ်မည့် စက်ရုံများကို ဦးစီးဆောင်ရွက်နိုင်ရန် မြန်မာပညာတော်သင်လူငယ်များကို အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ အိန္ဒိယနိုင်ငံများသို့ ၁၈၆၃ ခုနှစ်မှ စတင်စေလွှတ်ခဲ့သည်။ ယင်းပညာတော်သင်များအနက် မောင်မြနှင့် မောင်တရုတ်ဖြူတို့သည် အင်္ဂလန်နိုင်ငံ ဝူးလ်ဝိချ်လက်နက်တိုက်၌ ယမ်း၊ သေနတ်နှင့် တူဆန် လုပ်ကိုင်နည်းပညာများကို သင်ယူခဲ့ကြသည်။ ၁၈၇၀ ပြည့်နှစ်တွင် ပြင်သစ်ရောက် ပညာတော်သင် မောင်မြူးသည် အင်္ဂလန်သို့သွားရောက်ကာ မောင်မြ၊ မောင်တရုတ်ဖြူတို့နှင့်အတူ သေနတ်လက်နက် ခဲယမ်းမီးကျောက် လုပ်ကိုင်နည်းအတတ်ပညာများကို သင်ယူခဲ့ပြီး ၁၈၇၄ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ပညာတော်သင်မောင်မြူးသည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် သံချက်ဝန်ထောက် မင်းကြီးမင်းလှမဟာစည်သူအဖြစ် ထင်ရှားခဲ့သည်။

မင်းတုန်းမင်းကြီးနှင့် ကနောင်မင်းသားတို့သည် မြန်မာလူငယ် ၂၀ တို့အား ၁၈၆၉ ခုနှစ်မှ ၁၈၇၂ ခုနှစ်အတွင်း ကော့စ်ပူရီ သေနတ်အလုပ်ရုံနှင့် ဖို့ဒ်ဝီလျံလက်နက်တိုက်များသို့ စေလွှတ်ကာ သေနတ်၊ အမြောက်နှင့် လက်နက် ကိရိယာဆိုင်ရာ အလုပ်များကို သင်ယူစေခဲ့သည်။ ထိုသို့ မြန်မာလူငယ်မျိုးဆက်သစ်များအား ပျိုးထောင်နေချိန် ၁၈၆၄ ခုနှစ်တွင် လက်နက်စက်ရုံ၌ ပြင်သစ်လူမျိုး ကလာနက်ဆိုသူကဦးစီးလျက် ကြေးသွန်းအမြောက်များ သွန်းလုပ်ခဲ့သည်။ မြန်မာဘုရင်အစိုးရက အောက်မြန်မာပြည် ရန်ကုန်မြို့ သဘော်ကျင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အင်္ဂလိပ်လူမျိုး ဘယ်ရီကို စစ်ဘက်ဆိုင်ရာ အင်ဂျင်နီယာအဖြစ် ခန့်ထားခဲ့သည်။

ဤသို့ဖြင့် ရတနာပုံ အမြောက်သေနတ်စက်ရုံတွင် နိုင်ငံခြားသားများနှင့် မြန်မာပညာတော်သင်လူငယ်များက အမြောက်နှင့် သေနတ်များကို ထုတ်လုပ်ခဲ့ကြသည်။ ရတနာပုံ အမြောက်နှင့် သေနတ်စက်ရုံများအနက် ကနောင်မင်းသား ကြီးကြပ်သည့် အမြောက်စက်ရုံသည် ၁၈၆၂ ခုနှစ်တွင် ကောင်းစွာလည်ပတ်နေပြီဖြစ်သည်။ ယင်းစက်ရုံတွင် သေနတ်ဟောင်းများကို ပြင်ဆင်ခြင်း၊ သေနတ်သစ်များပြုလုပ်ခြင်း၊ အမြောက်ဟောင်းများကို မြောင်းများ ပြန်လည်ထွင်းခြင်း၊ အမြောက်ဆန် သွန်းလုပ်ခြင်းများကို ပြင်သစ်လူမျိုး ကလာနက် ဦးဆောင်ကာ ဆောင်ရွက်ခဲ့သည်။

လက်နက်စက်ရုံများ ထူထောင်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် ဦးဆောင်ကြိုးပမ်းနေသူ အိမ်ရှေ့စံ ကနောင်မင်းသားသည် လုပ်ငန်းများအောင်မြင်ရန် စီမံဆောင်ရွက်နေစဉ် ၁၈၆၆ ခုနှစ်တွင် နန်းတွင်းပုန်ကန်ထကြွမှုအတွင်း လုပ်ကြံခံခဲ့ရသည်။

ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် အမြောက်စက်ရုံနှင့်စပ်လျဉ်း၍ "ရွှေမြို့တော်ကြီးမြောက်ပြင် အမရစံခေါင်ရပ် ရက်ကန်းစက်ရုံ အရှေ့မြောက်ကကပ်လျက် အမြောက်လက်နက် လုပ်ဆောင်သည့် စက်ရုံတော်ကြီးမှာ ဘဝရှင်မင်းတရားကြီးညီတော် ဥပရာဇာအိမ်ရှေ့မင်း ရှိတော်မူစဉ်က တည်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းစက်ရုံတော်ကြီးအတွင်း မြေပုံလုပ်သည့်ဌာန၊ ပွတ်စက်၊ ရွှေပေါ်စက်၊ ဖောက်စူးစက် အမျိုးမျိုးများနှင့် သံရည်ကျိုစက်၊ ဟန်ဘီးအကြီးအကျယ်နှင့်တကွ မီးအိုးကြီး၌ မီးတံခါးတပ်ဆင်လျက် ပြည့်စုံစွာရှိသည့်အတိုင်း ယမ်းတောင့်ထိုး အမြောက်အမျိုးမျိုး၊ ရေမြုပ်ဗုံးအမျိုးမျိုးကို ကောင်းမွန်စွာလုပ်ဆောင်နိုင်သည်။ သို့ရာတွင် အိမ်ရှေ့မင်းမရှိသည့်နောက် ဘုရင်မင်းမြတ်နှင့်တကွ မှူးတော်မတ်တော်ကြီးများက ဂရုမစိုက်သဖြင့် အကျိုးမများလှချေ"ဟု ရေးသားထားသည်။ နန်းတွင်းမညီညွတ်မှုများကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် များစွာနစ်နာခဲ့ရပေသည်။

အမရစံခေါင်ရပ်ရှိ အမြောက်စက်ရုံနှင့် ကပ်လျက်ရှိသည့် သေနတ်လုပ်စက်ရုံတော်တွင် သေနတ်ပြောင်းပေါက်ဖောက်သည့် တွင်စက်၊ သေနတ်ပြောင်းကို ရိုက်ဘတ်မြောင့်ဖြစ်စေရန် ဖောက်သည့် တွင်စက်၊ ပြောင်းအထူအပါး သွေးစက်၊ ပြောင်းဆုံစက်ဝက်အူလိမ်မှစ၍ အရပ်ရပ်ကိရိယာများပြုလုပ်သည့်စက်၊ အရပ်ရပ် သေနတ်ကိရိယာအသီးသီး တစ်မျိုး၊ တစ်မျိုးလုပ်ဆောင်သည့် စက်များ စသည်ဖြင့် ပြည့်စုံစွာရှိကြောင်း ရွှေနန်းသုံးဝေါဟာရ အဘိဓာန်စာအုပ်တွင် ဖော်ပြထားသည်။

ယင်းသေနတ်စက်ရုံ၏ စက်စွမ်းအားသည် ရက်သတ္တပတ် တစ်ပတ်လျှင် သေနတ်အလက် ၂၀၀၀ ထုတ်လုပ်နိုင်သည်ဟု ဆိုသော်လည်း သီပေါမင်းအုပ်ချုပ်ခဲ့သည့် ခုနစ်နှစ်တာကာလအတွင်း ဗထက်ခြိုက်ခေါ် နောက်ထိုးသေနတ် ၅၀၀ ကျော်သာ ထုတ်လုပ်နိုင်ခဲ့သည်။ အမြောက်သေနတ်စက်ရုံများတွင် အင်္ဂလန်၊ ပြင်သစ်၊ အီတလီနှင့် ဆွစ်ဇာလန်နိုင်ငံလုပ် စက်များကို တပ်ဆင်ခဲ့သည်။

**၁၈၇၁ ခုနှစ် ဇန်နဝါရီလတွင် နန်းတွင်းအမြောက်စက်ရုံမှ ယမ်းတောင့်ထိုး ကျည်မွှေအမြောက်နှစ်ခုကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ ယင်းအမြောက်ငယ်များသည် ၁၈ ပေါင် အမြောက်ဆံကို အသုံးပြုကာ ပစ်ခတ်နိုင်ခဲ့သည်။ ထိုအခြေအနေများကြောင့် ဗြိတိသျှကိုယ်စားလှယ်အရေးပိုင်က ဗြိတိသျှအစိုးရထံသို့ ၁၈၇၁ ခုနှစ် ဖေဖော်ဝါရီလတွင်တင်သွင်းသော အစီရင်ခံစာတွင် "မြန်မာဘုရင်အစိုးရသည် နိုင်ငံခြားသားအတတ်ပညာရှင်များ၏ အကူအညီဖြင့် ယင်းစက်ရုံများမှ အလိုရှိရာ အမြောက်၊ သေနတ်၊ လက်နက်များကို မထုတ်လုပ်နိုင်စရာ အကြောင်းမရှိပါ"ဟု ရေးသားတင်ပြခဲ့သည်. . .**

မြန်မာဘုရင် အစိုးရသည် ၁၈၆၇ ခုနှစ်မှ ၁၈၇၁ ခုနှစ်အတွင်း အင်ဖီးလ်ရိုင်ဖယ်သေနတ်များ၊ ဆနိုက်ဒါ ရိုင်ဖယ်သေနတ်များ၊ ယမ်းတောင့်များ၊ ကျည်မွှေအမြောက်များနှင့် ယမ်းတောင့်လုပ်စက်များကို ပြည်ပမှ ဝယ်ယူရန်ကြိုးပမ်းခဲ့ရာ ဗြိတိသျှတို့က အပြင်းအထန်ပိတ်ပင်ခဲ့သည်။ ယင်းသို့ပိတ်ပင်မှုများကြောင့် မြန်မာတို့သည် လက်နက်စက်ရုံများကို မိမိတို့ကိုယ်တိုင် တည်ထောင်ခဲ့ကြပြီး ၁၈၇၁ ခုနှစ်တွင် ရတနာပုံနေပြည်တော်တွင် လက်နက်စက်ရုံလေးရုံ တည်ဆောက်နိုင်ခဲ့သည်။ ၁၈၇၁ ခုနှစ် ဇန်နဝါရီလတွင် နန်းတွင်းအမြောက်စက်ရုံမှ ယမ်းတောင့်ထိုး ကျည်မွှေအမြောက်နှစ်ခုကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ ယင်းအမြောက်ငယ်များသည် ၁၈ ပေါင် အမြောက်ဆန်ကို အသုံးပြုကာ ပစ်ခတ်နိုင်ခဲ့သည်။

ထိုအခြေအနေများကြောင့် ဗြိတိသျှကိုယ်စားလှယ်အရေးပိုင်က ဗြိတိသျှအစိုးရထံသို့ ၁၈၇၁ ခုနှစ် ဖေဖော်ဝါရီလတွင်တင်သွင်းသော အစီရင်ခံစာတွင် "မြန်မာဘုရင်အစိုးရသည် နိုင်ငံခြားသား အတတ်ပညာရှင်များ၏ အကူအညီဖြင့် ယင်းစက်ရုံများမှ အလိုရှိရာ အမြောက်၊ သေနတ်၊ လက်နက်များကို မထုတ်လုပ်နိုင်စရာ အကြောင်းမရှိပါ"ဟု ရေးသားတင်ပြခဲ့သည်။

မြန်မာတို့သည် သေသပ်ကောင်းမွန်သော နှစ်ချက်ပေါက် ၁၂ ချက်ထွက် နောက်ထိုးကြေးသွန်းအမြောက်တစ်ခုကို ၁၈၇၁ ခုနှစ် မတ်လတွင် အောင်မြင်စွာပြုလုပ်နိုင်သဖြင့် အလားတူ အမြောက်နှစ်လုံးကို ဆက်လက်သွန်းလုပ်ခဲ့ကြသည်။ ဤသို့ဖြင့် ၁၈၇၁ ခုနှစ် နိုဝင်ဘာလတွင် အမြောက် ၁၂ လက်အထိ ပြီးစီးလုနီးပါးအဆင့်သို့ ရောက်ရှိခဲ့သည်။ ၁၈၇၂ ခုနှစ်တွင် ရိုင်ဖယ်အမြောက်ငယ် နှစ်လက်၊ လေးပေါင် ငါးပေါက်ကျည်ဝင် ကြေးအမြောက်၊ သံအမြောက်များ အပါအဝင် လက်နက်ကြီးငယ် ၂၀ ထုတ်လုပ်ခဲ့ကာ သေနတ်အဟောင်း ၁၇ လက်ကို နောက်ထိုးခါးချိုးသေနတ်များအဖြစ်သို့လည်းကောင်း၊ အမြောက်ဟောင်း ၄၂ လက်ကို ခေတ်သုံးယမ်းတောင့် နောက်ထိုးရိုင်ဖယ်များအဖြစ်လည်းကောင်း ပြုပြင်နိုင်ခဲ့သည်။

ထိုစဉ်က နန်းမြို့ အမြောက်စက်ရုံတွင် အိန္ဒိယအလုပ်သမား ၁၂ ဦး အပါအဝင် အမှုထမ်း ၁၀၀ ရှိခဲ့သည်။ မြန်မာတို့၏ အမြောက်နှင့် သေနတ်များ ထုတ်လုပ်နေမှုကို စိုးရိမ်မကင်းဖြစ်ခဲ့သည့် ဗြိတိသျှနိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဝန်ရှင်တော်မင်းကြီးသည် ရတနာပုံနေပြည်တော်ရှိ ဗြိတိသျှကိုယ်စားလှယ်အား ရတနာပုံအမြောက်လက်နက်စက်ရုံမှ အမြောက်နှင့် လက်နက်များ ထုတ်လုပ်နေမှုကို အသေးစိတ်အစီရင်ခံစာ ရေးသားပေးပို့ရန် ညွှန်ကြားခဲ့သည်။ ထို့ကြောင့် မြန်မာတို့၏အမြောက်လက်နက်များ ထုတ်လုပ်နေမှုကို ရတနာပုံနေပြည်တော်ရှိ ဗြိတိသျှအစိုးရကိုယ်စားလှယ် အရေးပိုင်သည် မကြာခဏသွားရောက်ကြည့်ရှု၍ အစီရင်ခံစာများ ရေးပို့ခဲ့သည်။

ယင်းစက်ရုံများမှ ထွက်ရှိလာသော အမြောက်နှင့် သေနတ်များကို စီမံခန့်ခွဲရန် လက်နက်တိုက်ဝန်က တာဝန်ယူရသည်။ လက်နက်တိုက်ဝန်သည် လက်နက်တိုက်တော်တွင် ထားရှိသော ဗုံး၊ အမြောက်၊ စိန်၊ မြတပူသေနတ်များနှင့် နန်းစဉ်အမြောက်၊ ဆင်တင် လှေတင် အမြောက်၊ ခေါ်လုံ့အမြောက်ကိရိယာများကို ကျိုးပဲ့ခြင်းမရှိစေရန်၊ ခဲယမ်းများ ပြည့်စုံနေစေရန်၊ အမြောက်သေနတ်ပစ်ခတ်မှု လေ့ကျင့်မှုနှင့် အဝေးသို့ စစ်ချီရာတွင် ထုတ်ယူရသော ယမ်းများ ယုတ်လျော့မှုမရှိစေရန် ကြီးကြပ်ရသည်။ ထိုစဉ်က မန္တလေးတောင်အရှေ့ဘက်ရှိ စက်ကတုတ်တွင် အမြောက်နှင့် သေနတ် ပစ်ခတ်လေ့ကျင့်မှုများကို ပြုလုပ်ခဲ့သည်။

နယ်ချဲ့ရန်ကို ကာကွယ်နိုင်ရန် ရတနာပုံခေတ် မြန်မာတို့၏ ရတနာပုံအမြောက်နှင့် သေနတ်စက်ရုံများက လက်နက်များ မည်သို့ပင်ထုတ်လုပ်ခဲ့သော်လည်း မြန်မာတို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်ရန် ကြံရွယ်ခဲ့သည့် နယ်ချဲ့အား အကြောင်းအမျိုးမျိုးကြောင့် ထိရောက်စွာ မတွန်းလှန်နိုင်ခဲ့ပါချေ။ နန်းတွင်းမညီညွတ်မှုများသည်လည်း စည်းလုံးမှုအင်အားကို ပျက်ပြားစေခဲ့သဖြင့် နယ်ချဲ့ကိုတွန်းလှန်နိုင်မည့် အင်အားများကို လျော့ပါးစေခဲ့သည်။ မည်သို့ပင်ဖြစ်စေ တစ်ချိန်သောကာလက မြန်မာတို့၏ ကျူးကျော်သူနယ်ချဲ့အား တားဆီးတွန်းလှန်ရန် ကြိုးပမ်းခဲ့သည့် ရတနာပုံခေတ် အမြောက်စက်ရုံများသည် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် စွမ်းအားကို တစ်စိတ်တစ်ပိုင်း ဖော်ညွှန်းလျက် ရှိနေပါပေသည်။ ။

**ကိုးကား**

**ရွှေနန်းသုံးဝေါဟာရ အဘိဓာန်(ဦးမောင်မောင်တင်)**

**ကုန်းဘောင်၏ နောက်ဆုံးအားမာန်(မကြန်)**

# ဘားအံမြို့မှ သမိုင်းဝင် မဟာဆဒ္ဒန် သဘာဝလိုဏ်ဂူတော်

ကရင်ပြည်နယ် ဘားအံမြို့တွင် သဘာဝလိုဏ်ဂူ များစွာရှိသည့်အနက် ဘားအံမြို့၏တောင်ဘက် မိုင် ၂၀ ခန့်တွင်ရှိသော မဟာဆဒ္ဒန်လိုဏ်ဂူတော်သည် ကျော်ကြားသော လိုဏ်ဂူတစ်ဂူဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းဘဝက ဖြစ်စဉ်များအလားကျောက်တောင် ကျောက်တုံးများက သဘာဝအတိုင်း သဏ္ဌာန်တူဖြစ်ပေါ်နေသော သမိုင်းဝင် မဟာဆဒ္ဒန်လိုဏ်ဂူတော်သို့ ရပ်ဝေးရပ်နီးမှ ရဟန်းရှင်ပြည်သူများလာရောက်လျက်ရှိပါသည်။

ဆဒ္ဒန်လိုဏ်ဂူတော်သည် ဘားအံမြို့မှ ၁၃ မိုင်ခန့်အကွာ ဘားအံ-ကော့ကရိတ် လမ်းမကြီးပေါ်ရှိ အိန္ဒုကျေးရွာမှတစ်ဆင့် တောင်ဘက်သို့သွားရသော ကော့မူးတာကျေးရွာအုပ်စု ကော့ဝါးဆူးကျေးရွာအနီးတွင် ရှိသည်။ ဇွဲကပင်တောင်တန်းနှင့် ဆက်စပ်လျက်ရှိသော လိုဏ်ဂူတစ်ခုဖြစ်ပြီး မိုးတွင်းကာလတွင် ရေပတ်လည်ဝိုင်းလျက်ရှိသောကြောင့် ယခုအခါ နွေမိုးဆောင်းသွားလာနိုင်သော ကားလမ်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ ဝိုင်းဝန်း၍ ဖောက်လုပ်ထားပြီး ဖြစ်သည်။

ဆဒ္ဒန်ဂူသည် ဘားအံမြို့ ရသေ့ပျံကျေးရွာတွင်ရှိသော ရသေ့ပျံဂူတော်ကဲ့သို့ တိုးလျှိုပေါက်ဂူဖြစ်သည်။ ဂူပေါက်ဝသည် မြေပြင်မှ အမြင့်ပေ ၅၀ ခန့်ရှိသဖြင့် အုတ်လှေကားများဖြင့် တက်ရောက်နိုင်သည်။ ဂူဝင်ဝ၏အပေါ် အမြင့်ပေ ၂၀ ခန့်တွင် ရှေးဟောင်း ကျောက်ကပ်အုတ်ခွက်ဘုရား အရေအတွက်ထောင်ဂဏန်းကို ကပ်လှူထားခဲ့ဖူးသော အရာများကိုတွေ့ရပြီး လက်ရှိအချိန်တွင်မူ အမြင့်ဆုံးတွင်ရှိသော လေးဆူ၊ ငါးဆူခန့်သာ ကျန်ရှိတော့သည်ကိုတွေ့ရသည်။

ပေ ၁၀၀ ခန့်ကျယ်သော ဂူဝမှဝင်လိုက်လျှင် ကျယ်ဝန်းသောဂူကြီးထဲတွင် လျောင်းတော်မူဘုရား၊ တင်ပျဉ်ခွေဘုရား၊ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ၊ ကိုးတောင်ပြည့်ရှေးဟောင်းသမိုင်းဝင်စေတီတော်နှင့် သမိုင်းဖြစ်စဉ်ရုပ်တုများကို ဖူးမြော်တွေ့နိုင်သည်။ ထိုမှတစ်ဆင့် တစ်ဖက်ဂူဝသို့ တိုးလျှိုပေါက်သွားနိုင်သည့် အရှည်မိုင်ဝက်ခန့်ရှိသော ဂူပေါက်ဝကိုတွေ့နိုင်သည်။ အဆိုပါဂူပေါက်သည် အုပ်စုလိုက် တစ်ပြိုင်တည်းသွားလာနိုင်သည့် အကျယ်အဝန်းရှိသည်။ အလင်းရောင် လုံလောက်မှုမရှိသော်လည်း ဂေါပကအဖွဲ့က လျှပ်စစ်မီးများထွန်းပေးထားသဖြင့် သွားလာရန် အဆင်ပြေသည်။

ဂူအတွင်းပိုင်းသို့ တဖြည်းဖြည်းဝင်ရောက်သွားသည်နှင့် ရောဂါပျောက်ကင်းစေသော ကျောက်သွေးကန်၊ လိုဏ်ဂူအမိုး မျက်နှာကြက်တွင် အရောင်နှင့် သဏ္ဌာန်မျိုးစုံရှိသော ကျောက်ပန်းဆွဲများနှင့် ကျောက်မိုးမျှော်များကိုမြင်တွေ့နိုင်ပြီး ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းဘဝက ဖြစ်စဉ်များကဲ့သို့ ကျောက်တုံး ကျောက်သားများက သဘာဝအတိုင်းဖြစ်ပေါ်နေသည်ကို စိတ်ဝင်စားဖွယ်လေ့လာနိုင်သည်။ စွယ်တော်ဖြတ်သော လွှကြီးနှင့်တူသည့် ကျောက်လွှကြီး၊ မုဆိုးက လွန်နှင့်ဖောက်သည့် မိုးတည်





ပေါက်ခေါ်သော ဂူအတွင်းပိုင်းသို့ အလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းစွာရရှိသည့် ပထမမြားပေါက်၊ ဆဒ္ဒန်ဆင်မင်း၏ သမီးတော်စံမြန်းရာ ဂူနေရာသဏ္ဌာန်၊ ကျောက်ပြားကြီးတစ်ချပ်ပေါ်တွင် ဆင်မင်း၏ အူခွေများပုံသဏ္ဌာန်၊ စပါးစေ့နှင့် တူလှသော ဂဝံကျောက်များရှိသည့် စပါးကျီတောင်ဟုခေါ်သောနေရာများကို တွေ့နိုင်သည်။ စပါးကျီတောင်မှ စပါးစေ့ပုံကျောက်များကို ဆန်စပါးပေါများရေးနှင့် လာဘ်လာဘတိုးရေးအတွက် အဆောင်အဖြစ် ဘုရားဖူးများက ယူဆောင်သွားလေ့ရှိကြသည်။

ထိုမှတစ်ဆင့်ပြန်ထွက်လျှင် ဒုတိယမြားပေါက်နှင့် နီးလာသဖြင့် အလင်းရောင်ပြန်ရရှိလာပြီး ကျောက်စိမ့်ရေကျရာမှ ဖြစ်ပေါ်လာသော ဆင်ကြီးတစ်ကောင် နှာမောင်းထောင်နေသောသဏ္ဌာန်ဖြင့် အောက်ခြေတွင် သမီးတော်ကိုဂှက်သော အပေါက်ရှိသည့် ကျောက်မိုးမျှော်၊ ခမောက်သဏ္ဌာန်ရှိသော မုဆိုးကျောက်ခမောက်၊ မြေတွင် စိုက်ဝင်နေသော ကြေမွနေသည့် ဆဒ္ဒန်ဆင်မင်းအံသွားနှင့်တူသောကျောက်များ၊ ကွမ်းဆေးလက်ဖက်ထည့် ကျောက်ခွက်၊ ကျောက်ပျဉ်နှင့် ကျောက်စိမ့်ရေပေါက်များကို တွေ့ရသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့်ဆက်သွားလျှင် အလင်းရောင်ကောင်းစွာရရှိသော မုဆိုး၏ဒုတိယမြားပေါက်နေရာသို့ ရောက်ရှိသည်။ ဒုတိယမြားပေါက်နေရာတွင် အမြင့်ပေ ၃၀၊ အချင်းပေ ၅၀ ခန့်ရှိ ကျောက်မိုးမျှော်တိုင်ကြီးကို တွေ့နိုင်ပြီး ဆင်တိုင်ဟုခေါ်ဝေါ်ကြသည်။ အဆိုပါဆင်တိုင်၏ ထိပ်တွင် ဉာဏ်တော်သုံးတောင်ရှိ စေတီတည်ထားပြီး ဆုတောင်းပြည့်စေတီဟု ခေါ်ကြသည်။ **(ဝဲပုံ)** အဆိုပါနေရာသည် ဘုရားဖူးလာရောက်သူများနှင့် ပြည်ပမှ လေ့လာရေးအတွက်လာရောက်သော ခရီးသည်များအတွက် လှပသောမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးရန် အကောင်းဆုံးတစ်နေရာလည်း ဖြစ်ပေသည်။

အဆိုပါနေရာမှ ရှေ့ကိုက် ၅၀ ခန့်ဆက်သွားလျှင် ထွက်ပေါက်ဂူသို့ ရောက်ရှိသည်။ ထွက်ပေါက်ဂူမှ မြေပြင်သို့ရောက်ရန် အမြင့်ပေ ၁၀၀ ခန့် ဆင်းရပေသည်။ မြေပြင်တွင် လွမ်းစေတီနှင့် ဇရပ်တစ်ဆောင်တည်ထားပြီး အလောင်းတော်ဆင်မင်းနှင့် အခြွေအရံများ ရေချိုး၊ ရေကစားသည်ဟုဆိုသည့် ကြီးမားသောရေအိုင်ကြီးတစ်အိုင်ကို တွေ့နိုင်သည်။ ရေအိုင်ကြီး၏ မြောက်ဘက်တွင် ရေအိုင်နှင့်ထိစပ်နေသော အမြင့်ပေ ၂၀၀ ခန့်ရှိ တောင်စွယ်ကြီးတစ်ခုရှိသည်။

ထိုတောင်အောက်တွင် အကျယ်ပေ ၁၀၀ ခန့်၊ အမြင့် ငါးပေခန့်ရှိ ဂူပေါက်ကြီးတစ်ခုရှိသည်။ တစ်ဖက်ဂူပေါက်ဝသို့ ရေဖြတ်ကျော်သွားသော ဂူပေါက်ကြီးဖြစ်သည်။ အဆိုပါ တောင်အောက်လိုဏ်ခေါင်း ရေကျော်ဂူပေါက်ကြီးတစ်လျှောက် ဖြတ်သန်းကြည့်ရှုရန် အငှားပို့သောလှေများရှိသည်။ ထူးဆန်းအံ့သြပြီး ရင်ထိတ်စွာ သွားလာရသဖြင့် ခရီးသွားလာရောက်လည်ပတ်သော ဧည့်သည်များအတွက် စိတ်ဝင်စားစရာ နေရာတစ်ခုလည်းဖြစ်သည်။

ဘားအံမြို့သို့ လာရောက်လည်ပတ်ကြသူများအနေဖြင့်လည်း သဘာဝကျောက်များက အလောင်းတော် ဆဒ္ဒန်ဆင်မင်းဘဝက ဖြစ်စဉ်များကဲ့သို့ ဖြစ်ပေါ်နေသည့် မဟာဆဒ္ဒန်လိုဏ်ဂူတော်သို့ လာရောက်ကာ ဘုရားဖူးရင်း လေ့လာနိုင်ကြမည်ဖြစ်ပါသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# မိုးညှင်း ဆင်းကေရီ(၃)စပါးမျိုးကို တောင်သူများအပြိုင်အဆိုင်ဝယ်ယူ

**မိုးညှင်း ဒီဇင်ဘာ ၂၁**

ကချင်ပြည်နယ်အတွင်း မြို့နယ်များမှ စပါးစိုက်တောင်သူများအနေဖြင့် မိုးညှင်း ဆင်းကေရီ(၃)မျိုးစပါးများကို အထွက်နှုန်းနှင့် စပါးအရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးရန် အပြိုင်အဆိုင် ဝယ်ယူလာကြကြောင်း သိရသည်။

မိုးညှင်းမြို့နယ်တွင် ဆင်းကေရီ(၃)မျိုးစပါးများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)၊ ကချင်ပြည်နယ် စိုက်ပျိုးရေးသုတေသနခြံ(မိုးညှင်း)နှင့် မျိုးစပါးစိုက်ပျိုးထုတ်လုပ်သော အကျိုးဆောင်တောင်သူများက ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ဆင်းကေရီ(၃)မျိုးစပါးများသည် အထွက်နှုန်းနှင့် အရည်အသွေးကောင်းခြင်း၊ စား၍ကောင်းခြင်းနှင့် ဈေးကွက်တွင် ဈေးကောင်းရခြင်းတို့ကြောင့် မိုးညှင်းမြို့နယ်သာမက နယ်မြေချင်းထိစပ်နေသော မိုးကောင်းနှင့် အင်းတော်မြို့နယ်များနှင့် အခြားမြို့နယ်များမှ တောင်သူများကပါ ဆင်းကေရီ(၃)စပါးကို စိုက်ပျိုးရန် စိတ်ဝင်စားမှုများလာကြခြင်းဖြစ်သည်။




၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီ၌ ဆင်းကေရီ(၃)မျိုးစပါး တင်း ၁၀၀၀ ကျော်ကို စိုက်ပျိုးရေးသုတေသနခြံ(မိုးညှင်း)နှင့် အကျိုးဆောင်တောင်သူနှစ်ဦးက မိုးညှင်းမြို့နယ်နှင့် အခြားမြို့နယ် ၁၀ ခုရှိ ကျေးရွာ ၃၀ ခန့်သို့ ဖြန့်ဖြူးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကောလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကလည်း ကောလင်းမြို့နယ်အတွင်းမှ တောင်သူများ စိုက်ပျိုးရန်အတွက် မျိုးစပါးတင်း ၄၀၀ ကို ယခုနှစ်တွင် ဝယ်ယူခဲ့ကြောင်း သိရသည်။ "မိုးညှင်းက စိုက်ပျိုးထုတ်လုပ်တဲ့ ဆင်းကေရီ(၃)မျိုးစပါးက အရည်အသွေးပိုကောင်းလို့ ပဒုမ္မာ၊ ကျွန်းအိုး၊ ဖလဲနဲ့ ရွှေကျောင်ကုန်းကျေးရွာတွေက တောင်သူတွေက အကြိုက်တွေ့နေပါတယ်" ဟု ကောလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးက ပြောသည်။

ကချင်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းကလည်း မိုးညှင်း ဆင်းကေရီ(၃)မျိုးစပါး တင်း ၁၅၀ ကိုဝယ်ယူပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များ၌ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ စိုက်ပျိုးထားသော စပါးများကို မရိတ်သိမ်းရသေးသော်လည်း အပင်အား၊ အသီးအားကောင်းသဖြင့် အထွက်နှုန်းကောင်းနိုင်မည်ဖြစ်ကြောင်း ကုန်သည်ကြီးများအသင်း အတွင်းရေးမှူးဦးသန်းထိုက်က ပြောကြားသည်။

ကချင်ပြည်နယ်၏ ဒေသရေမြေနှင့် သင့်လျော်ပြီး စိုက်ပျိုးသူ၊ ဖြန့်ဖြူးရောင်းချသူ၊ စားသုံးသူများအားလုံး၏ အကြိုက်နှင့် လျော်ညီသော မိုးညှင်း ဆင်းကေရီ(၃) စပါးသည် ဧည့်မထ မျိုးအုပ်စုဖြစ်သည်။ ဆင်းကေရီ(၃) မျိုးစပါး၏ အရည်အသွေး လက္ခဏာများမှာ



| | | |
|---|---|---|
| ၁။ | မျိုးအမည် | ဆင်းကေရီ(၃) |
| ၂။ | မျိုးနံပါတ် | RD 23 B |
| ၃။ | မူရင်းဒေသ | ထိုင်း |
| ၄။ | ထုတ်ဝေသည့်ခုနှစ် | ၁၉၈၅ |
| ၅။ | မျိုးအုပ်စု | ဧည့်မထ |
| ၆။ | အသက်(ရက်) | ၁၂၅-၁၃၀ |
| ၇။ | အပင်အမြင့် | ၃ ဒသမ ၅ မှ ၄ ပေ |
| ၈။ | အနှံပါပင်ပွား | ၁၀-၁၂ |
| ၉။ | အနှံအရှည် | ၁၁ ဒသမ ၆ လက်မ |
| ၁၀။ | တစ်နှံပါအသီးလုံးပေါင်း | ၁၅၈ |
| ၁၁။ | အစေ့ (၁၀၀၀) အလေးချိန် | ၂၇ ဒသမ ၉ |
| ၁၂။ | ဆန်ထွက်ရာခိုင်နှုန်း | ၅၂ |
| ၁၃။ | အမိုင်လိုရာခိုင်နှုန်း | ၁၈ ဒသမ ၉ |
| ၁၄။ | ဆန်ရည်ဆန်သား | ကြည်လင် |
| ၁၅။ | အလင်းရောင်တုံ့ပြန်မှု | မရှိ |
| ၁၆။ | ထွက်နှုန်း(တစ်ဧက/တင်း) | ၈၀ မှ ၁၀၀ |

တို့ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသန(မိုးညှင်းခြံ)မှ မန်နေဂျာ ဦးမြင့်သောင်းက ရှင်းပြသည်။

ဒေသတွင်း ဆန်စားသုံးမှုအတွက် လုံလောက်စွာ ထုတ်လုပ်နိုင်နေပြီဖြစ်သည့် မိုးညှင်းမြို့နယ်တွင် စိုက်ပျိုးရေးသုတေသန(မိုးညှင်းခြံ)၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်း၍ အရည်အသွေးကောင်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးလာနိုင်စေရန်နှင့် ဒေသတွင်းမှ တောင်သူများအနေဖြင့် ပိုလျှံသောဆန်များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချကာ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးအခြေအနေများ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိသည်။ **သတင်း-မိုးအောင်(ကချင်မြေ)**

# နတ်ပွဲများ မရှိတော့သော နတ်တော်လနှင့် မြတ်ပန်းသဇင်

ဒေါက်တာမောင်ဖြေ

ဟေမန္တဆောင်းရာသီသို့ ဝင်ရောက်စ အခါသမယပင် ဖြစ်၏။ မိုးရာသီတို့ ကုန်ခဲ့ပြီ ဖြစ်သော်လည်း ကောင်းကင်ဝယ် အညို တစ်ဖြာ၊ အပြာတလှည့်၊ အဝါတစ်ကန့်၊ အကန့်လိုက်ဆင်သော တိမ်တိုက်များကြောင့် မိုးသားတို့ကလည်း မငြိမ်မသက် လှုပ်ရှားတတ်ကြ၏။ “နတ်တော်ရောက်ငြား မိုးသားမငြိမ် ဆင်ရာတိမ်”ဟူ၍ ရှေးမြန်မာတို့က မိုးလက်ာဖြင့် မှတ်သားခဲ့ကြသည်။ “စခန်းမှုကြည်လင်၊ တောင်လည်းသာမော၊ တောလည်းပျိုနု၊ မြအထုမှာ၊ ပုလုကွေးလွေး၊ ငှက်တဝေးလည်း ချစ်ရေးကြင်လို့”ဟူ၍ နတ်တော်လ၌ သာယာသော တောတောင်ရေမြေတို့တွင် ကျေးငှက်သာရကာတို့၏ ပျော်မြူးကြသည်ကို စာဆိုတော်မယ်ခွေက အဲချင်းဖြင့် စပ်ဆိုထား၏။

ရှေးခေတ်က စစ်ဘက်အင်္ဂါပြည့်စုံစေရန် ဆင်တပ်၊ မြင်းတပ်စသည်တို့က အဓိက ဖြစ်၏။ ဆင်တပ်၊ မြင်းတပ်ပြည့်စုံသော တိုင်းပြည်က စစ်ရေးစစ်ရာတွင် အသာရရန် များ၏။ သို့ဖြစ်၍ မြန်မာဘုရင်တို့သည် နတ်တော်လတွင်ဆင်ဖမ်းပွဲကို တခမ်းတနား ကျင်းပခဲ့ကြောင်းကို တောင်ငူခေတ်က ပေါ်ထွန်းခဲ့သော စာဆိုရှင်မင်းဇေယျရန္တမိတ်က “နတ်လသဘင်၊ ဖျင်လည်ရှုံထမ်း၊ ဘွဲ့တပ်မည်ပေး၊ ဆုန်းရေတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရှူ၊ နန်းရတုကို’ ဟူသော စာနှုကဗျာဖြင့် ဖွဲ့ဆိုခဲ့၏။

**နတ်တော်လ**

နတ်တော်လတွင် နတ်များကို ပူဇော်ပွဲကျင်းပသည့်အလျောက် ဤသည်ကိုအစွဲပြုပြီး မြန်မာမှုတွင် “နတ်တော်လ”ဟု အန္ဓတ္ထသညာ ခေါ်ဝေါ်သမုတ်ခဲ့ကြခြင်းဖြစ်၏။ နတ်ဟူသောဝေါဟာရသည် ပါဠိဘာသာ နာထပုဒ်မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရ ဖြစ်သည်။ (နာတ=နာထ= နာတ်= နတ်)အဓိပ္ပာယ်မှာ ကိုးကွယ်ရာဟု ဆိုလို၏။ တော်ဟူသော ပေါရာဏစကားမှာ “အိုးကြီးဒေါမား၊ တော်ကားအရှင်”ဟူသော ပေါရာဏလင်္ကာအရ အရှင်သခင်၊ ကြီးကဲသူ၊ မြင့်မြတ်သူဟု အဓိပ္ပာယ်ရ၏။ မြန်မာစာပေတွင် ရတနာသုံးပါးနှင့်သော်လည်းကောင်း၊ မင်းမိဖုရားနှင့်သော်လည်းကောင်း၊ စပ်လျဉ်းရာ၌ “တော်”ကို သုံးလေ့သုံးထရှိ၏။ ထို့ကြောင့် နတ်တော်လဟူသည် အရှင်နတ်မင်း(နတ်တော်)များကို ပူဇော်ပသသောလဟု ဆိုလို၏။

ပူဇော်ပသခြင်းနှင့်ပတ်သက်၍ နတ်တော်အကြောင်းကို ဝေါဟာရလီနတ္ထဒီပနီ ဆရာကြီးက နှစ်မျိုးဖွင့်ဆိုထား၏။ ပထမတွင် “ဂေါဇာနေမင်း ဗြိစ္ဆာချင်း၍. . .”အစချီသော ဟိတကာရီကျမ်းလင်္ကာကို ကိုးကားခြင်းဖြစ်သည်။ “သဇင်ပွင့်ပေါ် လနတ်တော်ကား ပူဇော်ကြီးစွာ မင်းဆရာတို့ မဟာပိန္နဲ ရွှေညဲကြည်ငင်”ဟူသော ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီ လူးတားကို ထောက်ခြင်းဖြင့် ကမ္ဘာဦးကာလက နတ်တော်လတွင် နတ်ကို ပူဇော်ပသလေ့ရှိကြသည်ဟု ဖွင့်ဆိုရသည်။ တစ်ဖန် ပုဂံခေတ် သေလည်ကြောင်မင်းလက်ထက်မှစ၍ ပုဂံမင်းအဆက်ဆက်တို့သည် မဟာဂီရိနတ်မောင်နှမကို ပုပ္ပားတောင်သို့ တက်ပြီး နှစ်စဉ်ပူဇော်ပသလေ့ရှိသည်ဟု နောက်တစ်မျိုးက ဆိုပြန်သည်။ ယင်းသို့ ပြဆိုချက်များအရ နတ်ပူဇော်ပွဲ ကျင်းပသောလ ဖြစ်သောကြောင့် မြန်မာမှုတွင် နတ်တော်လဟု အမည်ပေးခဲ့ကြခြင်းဖြစ်၏။

နတ်တော်လကို ပုဂံခေတ်ထိုး ကျောက်စာတို့တွင် နတ္တာဝဝ်၊ နတ်တော်၊ နတ္တဝ်၊ နတ်တင်ဟု အမျိုးမျိုးရေးခဲ့ကြ၏။ အဓိပ္ပာယ်မှာ နတ်များကို ပူဇော်ပသသောလဟု ဆို၏။ နတ်တော်လဟူသည် နတ်ကိုအကြောင်းပြု၍ ပေါ်ပေါက်လာသည်ဟုဆို၏။ ဤလတွင် နတ်တို့ပျော်မြူးလေ့ရှိ၍ “နတ်ပျော်လ”ဟု ခေါ်ဆိုရာမှ နတ်တော်လဖြစ်လာသည်ဟု ဆို၏။

နတ်တော်လသည် ရာသီအလို “ခနု”ခေါ် ဆိုသည်။ မိဂသီနက္ခတ်နှင့် စမ်းယှဉ်ပြည့်ကာ ပြုဗ္ဗာသဠ်နက္ခတ်နှင့် နေမင်းတို့ ယှဉ်၏။ ဟသ်ာတာရာ ထွန်းပလျက် ရာသီရုပ်မှာ မြန်မာအယူအဆအရ အထက်ပိုင်းလူ၊ အောက်ပိုင်းမြင်းပုံသဏ္ဌာန်ရှိပြီး လေးလက်နက်စွဲကိုင်ထားသော ယောကျ်ားရုပ်ဖြစ်သည်။ အနောက်တိုင်းနက္ခတ်ပညာရှင်များက အရှေ့ပိုင်းလူ၊ နောက်ပိုင်းမြင်းပုံသဏ္ဌာန်ရှိသည်ဟု ယူဆကြသည်။

**မြတ်ပန်းသဇင်**

နတ်တော်လ၏ ရာသီပန်းမှာ သဇင်နှင့် ဂမုန်းပန်းဖြစ်သည်။ အချို့က နတ်တော်လတွင်ပွင့်သော နတ်ပန်းဟု အဆိုရှိသည်။ သဇင်ပန်းသည် တောတောင်အတွင်း၌သာ ပေါက်၍ တောတွင်းပန်းဖြစ်၏။ သို့သော် ထီးနန်းသုံးဖြစ်၍ တော်ဝင်ပန်းဟု သတ်မှတ်ကြ၏။ ရှေးခေတ်ကဆိုလျှင် သဇင်ပန်းကို နန်းတော်သူ၊ နန်းတော်သားတို့က အသုံးပြုပြီးမှသာ ပြည်သူလူထုက ဆွတ်ယူပန်ဆင်ခွင့်ရသည်။

ဆယ့်နှစ်လရာသီတွင် ဖူးပွင့်ဝေဆာနေသောပန်းတို့ကို ကြည့်ခြင်းအားဖြင့် ဤလ ဤရာသီသည် မည်သည့်လရာသီဖြစ်သည်ကို သိနိုင်သည်။ “ရာသီမသိ ပန်းနှင့်ညှိ”ဟု အဆိုရှိသည်။ သို့ဖြစ်၍ သဇင်ပန်းကိုမြင်လျှင် နတ်တော်ရောက်ပြီဟု ဆိုရမည်။ “မြတ်ပန်တော်ပန်း ခိုင်လုံးလန်းကို ဟိုလောင်းပန်းပွင့် ဘယ်ဂုဏ်ကြောင့်ဝင့်မတုန်း. . ဘုန်းနှင့်ကံနှင့် ရွှေသဇင်”ဟူ၍ သဇင်ပန်းကို စာဆိုရှင်ဦးတိုးက ရာမရကန်တွင် တခမ်းတနား ချီးမွမ်းဖွဲ့နွဲ့ခဲ့သည်။ ဆယ့်နှစ်လရာသီတွင် ပွင့်သောပန်းများကို အခြောက်ခံ အမှုန့်ပြု၍ ပျားရည်နှင့် ရောစပ်မှီဝဲက ဆေးဖက်ဝင်သည်။ ပန်းပေါင်းတစ်ထောင်၊ ပန်းပေါင်းတစ်ရာ စသည်ဖြင့် တင်စားခေါ်ဝေါ်သည့် ဆေးဖြစ်သည်။ နှလုံးတုန် ရင်ခုန်မူးဝေခြင်းကို သက်သာစေသည်။ ကျန်းမာရေးကို ကောင်းမွန်စေသည်ဟု ဆေးကျမ်းအချို့တွင် ဆိုထားသည်။

**မင်းမဟာဂီရိနတ်ပွဲ**

မင်းမဟာဂီရိနတ်သည် မြန်မာလူမျိုး အများစု၏အိမ်တွင် ကြွက်မြီးပါသော အုန်းသီး၌ ရှာနီ၊ ရှာဖြူတို့ကိုပတ်၍ ကိုးကွယ်သည့် နတ်မောင်နှမဖြစ်၏။ အိမ်တွင်းနတ်ဟူ၍ ခေါ်သည်။ မောင်တော်နတ်သည် ပုပ္ပားတောင်ကြီး၌ ကနားရ၍ နေသည်ကို အစွဲပြုပြီး မင်းမဟာဂီရိဟု ခေါ်၏။ ပါဠိဘာသာဖြင့် (မဟာ=ကြီးသော+ဂီရိ=တောင်)ဖြစ်သည်။ နှမတော်နတ်အား မြန်မာဘာသာဖြင့် တောင်ကြီးရှင်ဟု ခေါ်ကြသည်။ အိမ်တွင်းတွင် အုန်းသီးချိတ်စွဲ၍ ကိုးကွယ်ခြင်းကြောင့် အိမ်တွင်းမင်းမဟာဂီရိဟု ခေါ်သည်။ မဟာဂီရိနတ်ဖြစ်ရခြင်းမှာ စကားပင်တွင် ချည်နှောင်၍ ဖိုကျင်ထိုးပြီး အသတ်ခံရခြင်းဖြစ်၍ မီးကိုအလိုမရှိ။ မီးရောင်ကိုပင် အမြင်မခံလို။ မီးရောင်မထိရောင် ကာဆီးထားရ၏။ အုန်းသီးစိမ်းရေသည် မီးလောင်ခံရသူတို့ကို အပူသက်သာစေ၏။ ယင်းအဓိပ္ပာယ်ဖြင့် မဟာဂီရိနတ်ကို အုန်းသီးစိမ်းဖြင့် ပူဇော်ပသထားခြင်း ဖြစ်၏။ ထို့ပြင် ကျွဲ၊ နွား၊ ဆိတ် သေရည်စသည်တို့ဖြင့် ပူဇော်ပသကြ၏။

ဘုရင့်နောင်လက်ထက်တွင် နတ်ကိုးကွယ်ပသမှုတို့သည် အလွန်ကြမ်းတမ်းလာ၍ မင်းမိန့်ဖြင့် နှိမ်နင်းတားမြစ် ဖျက်ဆီးယူရသည်။ ထိုအချိန်ကစပြီး မဟာဂီရိနတ်မောင်နှမကို သက်သတ်လွတ်အာဟာရများဖြင့် ပူဇော်ပသရ၏။ နောက်ပိုင်းတွင် နတ်တော်လ၌ မဟာဂီရိနတ်မောင်နှမအား ပူဇော်ပသမှုသည် တစ်စတစ်စ မှေးမှိန်လာသည်။ ဒုတိယအင်းဝခေတ်နောက်ပိုင်းတွင် မြန်မာဘုရင်များသည် နတ်တော်လကျရောက်သည့်အခါ မဟာပိန္နဲနတ်ကိုသာ ရထားတင်ဆွဲစေပြီး ရာသီပွဲအဖြစ် ပြောင်းလဲကျင်းပသည်ဟု ခန့်မှန်းရ၏။

**မဟာပိန္နဲနတ်ပူဇော်ပွဲ**

မဟာပိန္နဲနတ်မင်းသည် နတ်ကြီးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ပရမီသွာနတ်မင်းကြီး၏ မိဖုရား ဟာရိနီမည်သော ဥမ္မာဒေဝီမှဖွားမြင်သော သားဖြစ်၏။ ဖခင်ပရမီသွာနတ်မင်းနှင့်တူ၏။ ကွဲပြားခြားနားစေလို၍ လည်ပင်းတွင် ဆည်းလည်းဆွဲထား၏။ ဆန္ဒကုမာရဟုလည်း ခေါ်၏။ ဥဒေါင်းယာဉ်ကို စီး၏။ ဇမ္ဗူဒီပါ တောင်မျက်နှာအရပ်တွင်လည်းကောင်း၊ မြောက်မျက်နှာအရပ်ဖြစ်သော စိန့်တိုင်းတွင်လည်းကောင်း နေသည်ဟု လောကပညတ္တိကျမ်း၌ ဆိုသည်။ တန်ဆောင်မုန်းလတွင် မွေးဖွား၍ အစွယ်တစ်ချောင်းရှိကြောင်း၊ ဆင်မျက်နှာနှင့်တူကြောင်း၊ လုံ့လက်နက်စွဲကိုင်ကြောင်း၊ ဥဒေါင်းယာဉ်ရှိကြောင်း၊ နတ်စစ်သူကြီးဖြစ်ကြောင်း သက္ကတအဘိဓာန်၌ ဖွင့်ထားသည်။ အမရကောသအဘိဓာန်ကျမ်းတွင် မဟာပိန္နဲနတ်မင်းကို တစ်ခမ်းတစ်နား ပူဇော်ပသလေ့ရှိသည်ကို ပြဆိုထားသည်။ နတ်တော်လဆန်း ၁၃ ရက်နေ့တွင် မဟာပိန္နဲနတ်ရုပ်တုအစဉ်ထားသောဇရပ်တွင် အတီးအမှုတ်၊ အကအခုန်တို့ဖြင့် သဘင်ခံကြ၍ နတ်တော်လပြည့်နေ့ရောက်သည့်အခါ မဟာပိန္နဲနတ်ရုပ်တုတော်ကို အဖိုးတန်ရတနာများဖြင့် စီခြယ်ထားသော ပြာသာဒ်တွင် ဒေါင်းယာဉ်ပျံပေါ်သို့တင်၍ နန်းတော်ထဲသို့ ပင့်ဆောင်ကြသည်။

နန်းတော်ထဲတွင် ဘုရင်နှင့်တကွ နန်းတော်သူ၊ နန်းတော်သားတို့က နွားနို့၊ ထောပတ်စသော အချိုအစိမ့်တို့ဖြင့် ပူဇော်ပသ၏။ ရွှေ၊ ငွေစသော ရတနာများကိုလည်း နတ်ပွဲတွင် ဖြန့်ကြဲလှူဒါန်း၏။ တိုင်းပြည်သာယာဝပြောရန်အတွက် ဆုမွန်ကောင်းများကိုလည်း တောင်း၏။ လပြည့်ကျော် ၁ ရက်နေ့တွင် မင်းညီမင်းသား၊ မင်းမြေး၊ မှူးမတ်တို့အိမ်များသို့ လှည့်လည်ပင့်ဆောင်အပူဇော်ခံကြသည်။

ဘိုးတော်မင်းတရား မေးလျှောက်၍ ပထမ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြေဆိုတော်မူသည့် အမေးတော်ဖြေကျမ်းတွင် မဟာပိန္နဲနတ်ပူဇော်နည်းကို ပဉ္စဒေဝတာကျမ်း၊ တန္တြသာရကျမ်းတို့နှင့်အညီ ပြဆိုထားကြောင်း တွေ့ရှိရသည်။ ယင်းမဟာပိန္နဲပူဇော်ပွဲမှာ ရိုးရာပွဲတစ်ခုဖြစ်သည်။ နှောင်းလူတို့ ဗဟုသုတဖြစ်ဖွယ် ဖော်ထုတ်ပါ၏။ သို့သော် ဗုဒ္ဓဘာသာကျမ်းဂန်များအရ ဖြစ်ပေါ်လာသော(ဝါ)ဓမ္မကြောင်းနွယ်သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်မျိုး မဟုတ်ပါ။ ဟိန္ဒူ၊ ဗြဟ္မဏပုဏ္ဏားတို့က ဘုရင်မင်းမြတ်များ၏ လောကီအကျိုးအတွက်ရည်ရွယ်ပြီး လောကီကျမ်းများအရ စီမံခဲ့ကြသော ပူဇော်ပွဲမျိုးသာ ဖြစ်သည်။

**ပထမ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြေဆိုတော်မူသည့် အမေးတော်ဖြေကျမ်းတွင် မဟာပိန္နဲနတ်ပူဇော်နည်းကို ပြဆိုထားကြောင်း တွေ့ရှိရသည်။ မဟာပိန္နဲပူဇော်ပွဲမှာ ရိုးရာပွဲတစ်ခုဖြစ်သည်။ နှောင်းလူတို့ ဗဟုသုတဖြစ်ဖွယ် ဖော်ထုတ်ပါ၏။ သို့သော် ဗုဒ္ဓဘာသာကျမ်းဂန်များအရ ဖြစ်ပေါ်လာသော(ဝါ)ဓမ္မကြောင်းနွယ်သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်မျိုး မဟုတ်ပါ။ ဟိန္ဒူ၊ ဗြဟ္မဏပုဏ္ဏားတို့က ဘုရင်မင်းမြတ်များ၏ လောကီအကျိုးအတွက်ရည်ရွယ်ပြီး လောကီကျမ်းများအရ စီမံခဲ့ကြသော ပူဇော်ပွဲမျိုးသာ ဖြစ်သည်. . .**

ဘိုးတော်မင်းတရားလက်ထက်တွင် အဂ္ဂမဟာရာဇဂုရု ဗြဟ္မဏပုဏ္ဏားဆရာကြီးက မဟာပိန္နဲနတ်မင်းကို နတ်တော်လတွင် ပူဇော်ပသခြင်းမှာ ရာဇမတ္တဏ်ကျမ်းထွက်နှင့် မညီ၍ တန်ဆောင်မုန်းလထဲ၌ ကျင်းပစေရန် အမိန့်တော်ထုတ်ပေးရန် လျှောက်ထားဖူး၏။ အမေးတော်ဖြေကျမ်းတွင်လည်း မောင်းထောင်သာသနာပိုင်ဆရာတော်ကြီးက တန်ဆောင်မုန်းလပြည့်နေ့တွင် ပူဇော်ပသအပ်ပေသည်ဟု ဘိုးတော်မင်းတရားအား အဆုံးအဖြတ်ပေးခဲ့၏။ ဘုရင်မင်းမြတ်က ဤအတိုင်း အမိန့်ထုတ်ပြန်ရန် သက်ဆိုင်ရာသို့ လွှဲအပ်ခဲ့၏။

သက္ကရာဇ် ၁၁၇၃ ခု သီတင်းကျွတ်လပြည့်ကျော် ၇ ရက်တွင် နာခံတော် ဇယသင်္ခယာက ထိုသို့အမိန့်ထုတ်ပြန်လိုက်သော်လည်း ကြာမြင့်ခဲ့သော အစဉ်အလာကြောင့် ပြည်သူများက နတ်တော်လကိုသာ စွဲလမ်းနေကြသည်။ အမိန့်ကတစ်မျိုး၊ ပြည်သူပြုလုပ်ပုံမှာ တစ်ဖုံဖြစ်နေသည်မှာ ပဒေသရာဇ်ခေတ်ကုန်ဆုံးသည်အထိပင်ဖြစ်သည်။

ယခုအချိန်တွင်မူ နတ်တော်လသည် နတ်ပူဇော်ပွဲများ မရှိတော့သောလ ဖြစ်နေချေပြီ။ တောင်ပြိုးနတ်ပွဲ၊ ရတနာဂူပွဲ၊ ရိုးရာနတ်ပွဲများသာ ရှိတော့သည်။ ယင်းနတ်ပွဲများမှာ နတ်တော်လရာသီပွဲမှ သီးခြားပြုလုပ်သောပွဲများသာဖြစ်ပေသည်ဟု မှတ်ယူရာ၏။ ။

## ပွင့်လင်းရာသီရောက်လာ၍ လှိုင်လင်မြို့နယ်၌ စတီးလ်၊ သံပန်းနှင့် တံခါးလုပ်ငန်းများ တွင်ကျယ်လာ

**လှိုင်လင် ဒီဇင်ဘာ ၂၁**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် နေအိမ်များအသစ်ဆောက်ခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်မှုများလာသည်နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့၌ စတီးလ်နှင့် သံပန်း တံခါးလုပ်ကိုင်သူများမှာလည်း လုပ်ငန်းများ တွင်ကျယ်လာကြောင်း သိရသည်။

လှိုင်လင်မြို့တွင် နေအိမ်များဆောက်ရာ၌ ဝရန်တာလက်ရန်းများကို ခေတ်နှင့်အညီ စတီးလ်သံတိုင်များဖြင့် ပြုလုပ်လာကြပြီး ခြံစည်းရိုးများကိုလည်း အုတ်တံတိုင်းကာရံကာ ဝင်းတံခါးများအဖြစ် စတီးလ် သို့မဟုတ် သံပန်းတံခါး၊ သံတိုင်များဖြင့် ပြုလုပ်မှု များလာသည်ကို တွေ့ရသည်။ ထို့အပြင် ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများတွင်လည်း စတီးလ်နှင့် သံပန်းများကို အသုံးပြုတည်ဆောက်မှု များလာသဖြင့် စတီးလ်နှင့် သံပန်းလုပ်ငန်းရှင်များထံတွင် နေ့စဉ် အပ်ထည်များ များပြားလျက်ရှိကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

## ကွမ်းခြံကုန်းမြို့နယ်၌ အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး

**ကွမ်းခြံကုန်း ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့မရပ်ကွက် အရှေ့ကျောင်းကြီးတိုက် ဘုန်းတော်ကြီးကျောင်း၌ ဝိတိုရိယ ကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်မှုဖောင်ဒေးရှင်းအဖွဲ့နှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များဖြစ်သော မြို့မပိုင်းလူမှုရေးအဖွဲ့နှင့် သဒ္ဓါဖြူလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ဒေသခံပြည်သူများအား ဒီဇင်ဘာ ၁၉ ရက်က အခမဲ့ဆေးဝါး ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝိတိုရိယ ကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်မှု ဖောင်ဒေးရှင်း (မိုဘိုင်း)အဖွဲ့မှ ဒုဥက္ကဋ္ဌ ဒေါက်တာဦးတင်မင်းနှင့် ဒေါက်တာဦးကျော်ဇင်ဝင်းတို့ ဦးဆောင်ပြီး အထူးကုသမားတော် ဆရာဝန်ကြီး ရှစ်ဦး၊ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီး ခုနစ်ဦး၊ သွားအထူးကုဆရာဝန်ကြီး ၁၀ ဦးနှင့် မျက်မှန်ကျွမ်းကျင် ၁၀ ဦး ပါဝင်သောအဖွဲ့က ဆေးကုသခဲ့ခြင်းဖြစ်ကာ မြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာရှင် ၄၀၀ ကျော်နှင့် မျက်စိဝေဒနာရှင် ၂၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိန်တိုး(ကွမ်းခြံကုန်း)**



## ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်အတွင်း အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/အချုပ်သားများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာအကျဉ်းထောင်/စခန်းများအရောက် မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၅ ရက်မှ ၈-၁-၂၀၁၆ ရက်ထိ
တင်ဒါ(၁)စောင် တန်ဖိုး(၁၀၀၀၀ိ/-)
အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး

၃။ **အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်မည့်နေ့ရက် အချိန်နှင့်နေရာ** - ၁၄-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)
၁၀း၀၀ နာရီ
အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ၀၅၇-၂၄၁၉၉/၀၅၇-၂၆၉၈၁၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ မော်လမြိုင်မြို့
(ခ) ၀၅၇-၂၄၇၃၈/၀၅၇-၂၄၇၃၉၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မော်လမြိုင်မြို့

**တင်ဒါစိစစ်ရေးအဖွဲ့**
**မွန်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး ကွက်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများရှိ အကျဉ်းသား၊ အချုပ်သားနှင့် ရဲဘက်များစားသုံးရန် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ရောင်းချရမည့်ရက်** - ၁-၁-၂၀၁၆ ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - တိုင်းဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၁-၂၀၁၆ ရက်၊ ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်အချိန်** - ၁၄-၁-၂၀၁၆ ရက် နံနက် ၁၁ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - တိုင်းဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင်ကျပ် (၁၅၀၀၀ိ)နှုန်းဖြင့် တိုင်းဦးစီးမှူး၊ အကျဉ်းဦးစီးဌာနတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၄၁၊ ၀၅၉-၂၃၅၉၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## ကလေးတက္ကသိုလ်
## နဝမအကြိမ်ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

၁။ ကလေးတက္ကသိုလ် နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ခွင့် လျှောက်ထားကြသော ကျောင်းသား ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ပထမရက် ပထမပိုင်း ၉-၁-၂၀၁၆ ရက် (စနေနေ့) နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)**

မဟာသုတေသနဘွဲ့(၂၀၁၃-၁၄) - ဒဿနိကဗေဒ၊ ဓာတုဗေဒ
မဟာဝိဇ္ဇာဘွဲ့(၂၀၁၃-၁၄) - အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ
မဟာသိပ္ပံဘွဲ့(၂၀၁၃-၁၄) - သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၂၀၁၃-၁၄) - အင်္ဂလိပ်စာ
သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၁၃-၁၄) - သတ္တဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ
ဝိဇ္ဇာဘွဲ့(၂၀၁၄-၁၅) - သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ
သိပ္ပံဘွဲ့(၂၀၁၄-၁၅) - သတ္တဗေဒ၊ ရုက္ခဗေဒ

*** အစမ်းလေ့ကျင့်မည့်ရက် ၈-၁-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ**

**ဒုတိယပိုင်း ၉-၁-၂၀၁၆ ရက် (စနေနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀ နာရီ)**

မဟာသိပ္ပံဘွဲ့(၂၀၁၃-၁၄) - ဓာတုဗေဒ၊ ရူပဗေဒ
ဝိဇ္ဇာဘွဲ့(၂၀၁၄-၁၅) - အင်္ဂလိပ်စာ
သိပ္ပံဘွဲ့(၂၀၁၄-၁၅) - ဓာတုဗေဒ၊ ဘူမိဗေဒ

*** အစမ်းလေ့ကျင့်မည့်ရက် ၈-၁-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီ**

**ဒုတိယရက် တတိယပိုင်း ၁၀-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း နံနက် ၉း၀၀ နာရီ**

မဟာသုတေသနဘွဲ့(၂၀၁၄-၁၅) - ဓာတုဗေဓ၊ ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့(၂၀၁၄-၁၅) - အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ
မဟာသိပ္ပံဘွဲ့(၂၀၁၄-၁၅) - ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၂၀၁၃-၁၄) - ပထဝီဝင်၊ ဒဿနိကဗေဒ
သိပ္ပံဘွဲ့(၂၀၁၄-၁၅) - ရူပဗေဒ

*** အစမ်းလေ့ကျင့်မည့်ရက် ၈-၁-၂၀၁၆ ရက် (သောကြာနေ့) မွန်းလွဲ ၂း၀၀နာရီ**

**စတုတ္ထပိုင်း ၁၀-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)**

သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၁၃-၁၄) - သင်္ချာ၊ ဓာတုဗေဒ၊ ဘူမိဗေဒ
ဝိဇ္ဇာဘွဲ့(၂၀၁၄-၁၅) - မြန်မာစာ၊ ပထဝီဝင်
သိပ္ပံဘွဲ့(၂၀၁၄-၁၅) - သင်္ချာ

*** အစမ်းလေ့ကျင့်မည့်ရက် ၈-၁-၂၀၁၆ ရက် (သောကြာနေ့) မွန်းလွဲ ၂း၀၀နာရီ**

၂။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့်လက်မှတ်များကို ဘွဲ့ကြေး ငွေသွင်းပြေစာတင်ပြပြီး အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကျင်းပရက်** - ၉-၁-၂၀၁၆၊ ၁၀-၁-၂၀၁၆
**ဘွဲ့ဝတ်စုံများငှားရမ်းခွင့်ထောက်ခံစာများနှင့် တက်ရောက်ခွင့်ပြုလက်မှတ်များ ထုတ်ပေးမည့်ရက်** - ၇-၁-၂၀၁၆၊ ၈-၁-၂၀၁၆

၃။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း-၀၇၃-၂၁၄၆၇၊ ၀၉-၂၀၀၆၀၉၄၊ ၀၉-၄၀၀၀၄၃၂၆၁၊ ၀၉-၉၇၈၉၁၂၁၀၅၄၊ Email:kalayuniversity1993@gmail.com ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ကလေးတက္ကသိုလ်**

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန
## မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့
## (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်၊ ပြည်နယ်/ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်/ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လမ်းခင်းပစ္စည်းများ ဝယ်ယူရန် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လိုအပ်သောစက်/ယာဉ်ယန္တရားများ ငှားရမ်းခြင်းအတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါဝယ်ယူနိုင်သည့်ရက်** - ၂၁-၁၂-၂၀၁၅ ရက် (တနင်္လာနေ့)
**နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊

(ခ) **တင်ဒါလျှောက်လွှာပိတ်/ဖွင့်မည့် နေ့ရက်/အချိန်/နေရာ** - ၆-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
နံနက် ၁၀း၀၀ နာရီ
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၈၀၈**

## ဒဂုံတက္ကသိုလ်
## (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်ပါသည်။

**၁။ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၇-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း-နံနက် ၉း၀၀ နာရီ**

မဟာသုတေသနဘွဲ့ - မနုဿဗေဒ၊ ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့ - ပထဝီဝင်
မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ
ဝိဇ္ဇာဘွဲ့ - မြန်မာစာ၊ ရသစာပေ၊ မနုဿဗေဒ
သိပ္ပံဘွဲ့ - သင်္ချာ၊ ဘူမိဗေဒ၊ Biotechnology

**ညနေပိုင်း-မွန်းလွဲ ၂း၀၀ နာရီ**

မဟာသုတေသနဘွဲ့ - ဓာတုဗေဒ
မဟာဝိဇ္ဇာဘွဲ့ - သမိုင်း
မဟာသိပ္ပံဘွဲ့ - သတ္တဗေဒ
ဝိဇ္ဇာဘွဲ့ - မြန်မာမှုပညာ၊ အင်္ဂလိပ်စာ
သိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ၊ အဏုဇီဝဗေဒ

**အစမ်းလေ့ကျင့်ရန် ၂၃-၁-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီ**

**၂။ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၈-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)**
**နံနက်ပိုင်း-နံနက် ၉း၀၀ နာရီ**

မဟာသုတေသနဘွဲ့ - ဥပဒေပညာ
မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ
မဟာသိပ္ပံဘွဲ့ - ရူပဗေဒ
ဝိဇ္ဇာဘွဲ့ - ပထဝီဝင်
သိပ္ပံဘွဲ့ - ရူပဗေဒ
ဘွဲ့လွန်ဒီပလိုမာဘွဲ့ - (Geographic information System)

**ညနေပိုင်း-မွန်းလွဲ ၂း၀၀ နာရီ**

မဟာသုတေသနဘွဲ့ - သင်္ချာ
မဟာဥပဒေဘွဲ့ - ဥပဒေပညာ
မဟာဝိဇ္ဇာဘွဲ့ - ရှေးဟောင်းသုတေသနပညာ၊ ဒဿနိကဗေဒ
မဟာသိပ္ပံဘွဲ့ - သင်္ချာ၊ ဘူမိဗေဒ
ဝိဇ္ဇာဘွဲ့ - သမိုင်း၊ ရှေးဟောင်းသုတေသနပညာ
သိပ္ပံဘွဲ့ - ဓာတုဗေဒ
ဘွဲ့လွန်ဒီပလိုမာဘွဲ့ - (Computer Science)

**အစမ်းလေ့ကျင့်ရန် ၂၃-၁-၂၀၁၆ ရက်၊ မွန်းလွဲ ၁း၀၀ နာရီ**

**၃။ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့)**
**နံနက်ပိုင်း-နံနက် ၉း၀၀ နာရီ**

မဟာသုတေသနဘွဲ့ - အရှေ့တိုင်းပညာ၊ သတ္တဗေဒ
မဟာဝိဇ္ဇာဘွဲ့ - မနုဿဗေဒ၊ စိတ်ပညာ
မဟာသိပ္ပံဘွဲ့ - ရုက္ခဗေဒ
ဝိဇ္ဇာဘွဲ့ - နိုင်ငံတကာဆက်ဆံရေးပညာ၊ အရှေ့တိုင်းပညာ၊ စိတ်ပညာ၊ ဒဿနိကဗေဒ
သိပ္ပံဘွဲ့ - သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဇီဝဓာတုဗေဒ

**အစမ်းလေ့ကျင့်ရန် ၂၄-၁-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီ**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၂၀-၁-၂၀၁၆ ရက်မှ ၂၁-၁-၂၀၁၆ ရက်ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**(သက်လွင်)**
**ဌာနမှူး-သင်တန်းရေးရာဌာန**
**ဒဂုံတက္ကသိုလ်**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
## ရိက္ခာဆန်ဝယ်ယူရေး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/အချုပ်သားများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန် ၆၉၆၉ အိတ်အား သက်ဆိုင်ရာအကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၅ ရက်မှ ၈-၁-၂၀၁၆ ရက်ထိ
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၄-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ၁၂း၀၀နာရီ
**တင်ဒါဖွင့်ဖောက်မည့်နေရာ** - မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မကွေးမြို့

၂။ အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဖုန်း-၀၆၃-၂၅၀၁၆ (မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး)
(ခ) ဖုန်း-၀၆၃-၂၈၃၈၆၊ ၀၆၃-၂၈၃၈၇၊ ၀၆၃-၂၈၃၈၈ (မကွေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန)

**တင်ဒါစိစစ်ရေးအဖွဲ့**
**မကွေးတိုင်းဒေသကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မန္တလေး)
## အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ ၂၀၁၂-၂၀၁၃/၂၀၁၃-၂၀၁၄/၂၀၁၄-၂၀၁၅ ပညာသင်နှစ်များအတွက် M. C. Sc/ M. C. Tech. ဘွဲ့သင်တန်း၊ B. C. Sc.(Hons:)/ B.C.Tech (Hons:) ဘွဲ့သင်တန်း၊ B. C. Sc/ B. C. Tech. ဘွဲ့သင်တန်း စာမေးပွဲအောင်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(မန္တလေး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော(၂"×၁.၅")အရွယ် ဓာတ်ပုံ(၃)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် **၂၂-၁-၂၀၁၆ ရက်** နောက်ဆုံးထား၍ ကျောင်းသားရေးရာဌာနတွင် လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ကျပ်-၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ကျပ်-၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန်ယူရန် လျှောက်ထားသူများသည် မူလဘွဲ့(ယခင်နှစ်)လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို **တစ်နှစ်ကြာမှသာ** ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် လျှောက်လွှာနှင့်အတူ ပူးတွဲ၍ စာတိုက်ငွေပို့လွှာ (postal money order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"** ဟုဖော်ပြပြီး၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့် လ၊ နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် လျှောက်လွှာနှင့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

**ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ- ကွန်ပျူတာတက္ကသိုလ်(မန္တလေး)**
**နေ့ရက်- ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်မှ ၇ ရက်ထိ**

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များ ၀၉-၂၀၅၉၆၀၄၊ ၀၉-၆၅၂၅၃၀၄၊ ၀၉-၂၀၁၆၂၃၉ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**(ဒေါက်တာမာမာသင်း)**
**မော်ကွန်းထိန်းအဆင့်-၁**
**ကွန်ပျူတာတက္ကသိုလ်(မန္တလေး)**

## အသိပေးကြေညာချက်

၁။ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ဈေးမြေနေရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အောင်မြင်ပြည့်စုံကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော အဆင့်မြင့် ရေကျော်ဈေးသစ်စီမံကိန်းမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါတိုက်ခန်း ၁၃ ခန်းကို ကြိုတင်ရောင်းချပေးရန်ရှိသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနတွင် လွတ်လပ်စွာလျှောက်ထားဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) တတိယထပ်၊ စတုတ္ထထပ်နှင့် ပဉ္စမထပ်တွင် တစ်ခန်းလျှင် ၁၆၁၅ စတုရန်းပေအကျယ်ရှိ တိုက်ခန်း(၃)ခန်း၊ ၂၃၂၄ စတုရန်းပေအကျယ်ရှိ တိုက်ခန်း(၃)ခန်း၊ ၂၁၁၄ စတုရန်းပေအကျယ်ရှိ တိုက်ခန်း(၃)ခန်း၊
(ခ) တတိယထပ်နှင့် စတုတ္ထထပ်တွင် တစ်ခန်းလျှင် ၁၅၂၉ စတုရန်းပေအကျယ်ရှိ တိုက်ခန်း(၂)ခန်း၊
(ဂ) စတုတ္ထထပ်နှင့် ပဉ္စမထပ်တွင် တစ်ခန်းလျှင် ၁၈၅၀ စတုရန်းပေအကျယ်ရှိ အခန်း(၂)ခန်း၊

၂။ တိုက်ခန်းများကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **လျှောက်လွှာ စတင်ထုတ်ပေးမည့်ရက်** - ၂၂-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့)
(ခ) **လျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၃၁-၁၂-၂၀၁၅ ရက် (ကြာသပတေးနေ့) ညနေ ၁၅း၀၀ နာရီ
(ဂ) **တိုက်ခန်းဖိုးငွေပေးသွင်းမှု** - တိုက်ခန်းဝယ်ယူခွင့်ရရှိသည့်နေ့တွင် တိုက်ခန်းတန်ဖိုး၏ ၅၀% ပေးသွင်းရန်ဖြစ်ပြီး ကျန် ၅၀%ကို ၂၀၁၆ ခုနှစ် မတ်လ(၁၅)ရက်၌ နောက်ဆုံးထားပေးသွင်းရမည်။
(ဃ) **ရောင်းချမှုအစီအစဉ်** - ဦးရာလူစနစ်ဖြင့် အခန်းအရေအတွက်များများ ဝယ်ယူသူများကို ဦးစားပေးရောင်းချမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဈေးများဌာန၊ ဖုန်း-၀၁-၃၇၆၇၀၈ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ ဈေးများဌာန**

## ရိက္ခာဆန်ဝယ်ယူရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ လွိုင်ကော်အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သည့် ရိက္ခာဆန် ၂၅၂၉ အိတ်အား ဝယ်ယူရန်ရှိပါသည်။

အိတ်ဖွင့်တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရောင်းချသွားပါမည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ် ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ လွိုင်ကော်အကျဉ်းထောင် ဖုန်း-၀၈၃-၂၁၀၀၉ နှင့် ကယားပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ ဖုန်း-၀၈၃-၂၄၀၀၇၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချသည့်ရက်** - ၂၈-၁၂-၂၀၁၅ရက်၊ ၀၉း၀၀ နာရီ
**တင်ဒါပုံစံအရောင်းပိတ်ရက်** - ၈-၁-၂၀၁၆ ရက်၊ ၁၆း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၁၄-၁-၂၀၁၆ရက်၊ ၀၉း၀၀ နာရီ

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှု အောက်ရှိ အကျဉ်းထောင်များအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော ဧည့်မထ (၂၅%)ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ အောက်ပါအတိုင်း ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | စစ်တွေအကျဉ်းထောင် | ၆၁၇၃ အိတ် |
| (ခ) | ဘူးသီးတောင်အကျဉ်းထောင် | ၆၁၀၄ အိတ် |
| (ဂ) | ကျောက်ဖြူအကျဉ်းထောင် | ၂၁၆၅ အိတ် |
| (ဃ) | သံတွဲအကျဉ်းထောင် | ၁၇၆၉ အိတ် |
| | **စုစုပေါင်း** | **၁၆၂၁၁ အိတ်** |

၂။ တင်ဒါပေးသွင်းသူသည် တင်ဒါအာမခံစပေါ်ငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ကို Payment Order Cheque(PO Cheque) အား ဘဏ်တွင်ပြုလုပ်၍ တင်ဒါလျှောက်လွှာပုံစံနှင့်အတူ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး၊ စစ်တွေမြို့သို့ ပေးအပ်ရမည်။
၃။ တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၁-၁-၂၀၁၆ ရက်မှ ၈-၁-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်းလာရောက်ဝယ်ယူနိုင်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၅။ အိတ်ဖွင့်တင်ဒါဖွင့်မည့်အချိန်မှာ ၁၄-၁-၂၀၁၆ ရက် ၀၉း၀၀ နာရီဖြစ်ပါသည်။
၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၄၃-၂၁၀၄၀၊ ၀၄၃-၂၃၄၁၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## မိတ္ထီလာတက္ကသိုလ်
## (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား
## ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မိတ္ထီလာတက္ကသိုလ်(၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခွင့်အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ၂၈-၁၂-၂၀၁၅ ရက်မှစ၍ မိတ္ထီလာတက္ကသိုလ်တွင်ရယူပြီး ၈-၁-၂၀၁၆ရက် ညနေ ၄နာရီတွင် အိတ်ဖွင့်ကြေညာမည် ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၀၆၄-၂၃၉၄၆၊ ၀၉-၂၅၆၀၀၂၃၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျင်းပပြုလုပ်မည့်ရက်-**

| | |
|---|---|
| ၂၂-၁-၂၀၁၆ (နံနက်ပိုင်း/မွန်းလွဲပိုင်း) | အစမ်းလေ့ကျင့်ခြင်း |
| ၂၃-၁-၂၀၁၆ (နံနက်ပိုင်း/မွန်းလွဲပိုင်း) | ဘွဲ့နှင်းသဘင်အခမ်းအနား |
| ၂၄-၁-၂၀၁၆ (နံနက်ပိုင်း/မွန်းလွဲပိုင်း) | ဘွဲ့နှင်းသဘင်အခမ်းအနား |

ကျင်းပပြုလုပ်မည့်နေရာ မိတ္ထီလာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ(အသစ်)

**ဓာတ်ပုံနှင့်ဗီဒီယိုတင်ဒါရွေးချယ်ရေးအဖွဲ့**
**မိတ္ထီလာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မိတ္ထီလာတက္ကသိုလ်
### နည်းပြ/သရုပ်ပြ လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာတက္ကသိုလ်တွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ(လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးများလစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင်ရယူ၍ တင်သွင်းလျှောက်ထားနိုင်ပါသည်။
(၁) ပထဝီဝင် (၂)ဓာတုဗေဒ (၃)ရူပဗေဒ (၄)သင်္ချာ (၅)ဘူမိဗေဒ
၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသန ဘွဲ့ရရှိပြီးသူဖြစ်ပါက အသက်(၄၀)ထက် မကျော်လွန်သူ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက (၄၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) လျှောက်ထားသည့် တက္ကသိုလ်တွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၃။ လျှောက်လွှာများကို မိတ္ထီလာတက္ကသိုလ်၊ သင်တန်းရေးရာဌာနသို့ ၁၅-၁-၂၀၁၆ရက်(သောကြာနေ့)အရောက် နောက်ဆုံးထားပြီး လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)သို့လည်းကောင်း၊ မိတ္ထီလာတက္ကသိုလ်သို့လည်းကောင်း ၁၅-၁-၂၀၁၆ ရက်အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်ပေးပို့ရမည်။
၄။ စာမေးပွဲဝင်ကြေးကို မိတ္ထီလာမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်း၍ လျှောက်လွှာနှင့်အတူ ငွေသွင်းပြီးကြောင်း ချလန်(သို့မဟုတ်) ငွေပို့လွှာဖြတ်ပိုင်းကို ပူးတွဲတင်ပြရမည်။
၅။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ စာမေးပွဲဝင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထား၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ထောက်ခံစာမိတ္တူ၊ အသက် အထောက်အထားအတွက် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲစခန်းမှ ထောက်ခံစာမူရင်းကို ပူးတွဲတင်ပြရမည်။
၆။ သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီသော(သို့မဟုတ်) မပြည့်စုံသော(သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၇။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိတ္ထီလာတက္ကသိုလ်တွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်လျှင် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။
၈။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။
၉။ ရေးဖြေနှင့် လူတွေ့ဖြေဆိုရမည့် အသေးစိတ်အချိန်စာရင်းကို မိတ္ထီလာတက္ကသိုလ် သင်တန်းရေးရာဌာနတွင်လည်းကောင်း၊ ရုံးချိန်အတွင်း ဖုန်း-၀၆၄-၂၃၉၄၆သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မိတ္ထီလာတက္ကသိုလ်**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကင်းသာ(၁/၂)ကျောက်ထုတ်စခန်း တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများစားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်နှင့်အချိန်** | - | ၈-၁-၂၀၁၆ရက် ရုံးချိန်အတွင်းဖြစ်ပါသည်။ |
| ၃။ | **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** | - | ၁၄-၁-၂၀၁၆ရက် ၀၉း၀၀နာရီ ဖြစ်ပါသည်။ |

၄။ တင်ဒါတစ်စုံလျှင် ငွေကျပ် ၁၅၀၀၀ိ/-(ကျပ်တစ်သောင်းငါးထောင်)နှုန်းဖြင့် ၂၂-၁၂-၂၀၁၅ရက်မှ ၈-၁-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးရှိ အကျဉ်းဦးစီးဌာန ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၆၇-၅၀၀၁၉၃၊ ၀၆၇-၅၅၀၂၀၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
### မန္တလေးခရိုင်တရားရုံး၌
### ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇၃

| | | |
|---|---|---|
| ဒေါ်ပွင့်ရွှင်ချင်း | **နှင့်** | ဦးတောက်ရုံကွက် |
| **တရားလို** | | **တရားပြိုင်** |

ဦးတောက်ရုံကွက်၊ ရပ်ကွက်(၃)၊ ကွတ်ခိုင်မြို့ (ယခုနေရပ်လိပ်စာမသိ) မှ သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြေဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းငွေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ဦးဇော်မင်းအေး ၁၃/ကလန(နိုင်) ၀၀၃၆၉၆
## (Fucture) ကုမ္ပဏီဒါရိုက်တာ မင်းကျန်စစ်(၁၇)သိစေရန်

လူကြီးမင်းနှင့် လူကြီးမင်း၏ညီဖြစ်သူ ဦးအောင်ကြည်အေးတို့သည် ကျွန်ုပ်၏မိတ်ဆွေများပိုင်ဆိုင်သော တော်ဝင်စံသူထိုက်ကုမ္ပဏီ၊ ၇၄လမ်း၊ ၃၁×၃၂ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ရှိ တာဝန်ရှိလူကြီးမင်းများထံ လာရောက်၍ လူကြီးမင်းမှ မင်းကျန်စစ်ကုမ္ပဏီထံမှရရှိထားသော တောင်ကြီးမြို့ (MKS 17 Block D8-D9) (၄ခန်းတွဲ၅ထပ်) အဆောက်အအုံအား ဆောက်လုပ်ပိုင်ခွင့်ကို ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းညှိနှိုင်းချက်အရ လူကြီးမင်း၏ဂုဏ်သိက္ခာကို အလွန်တရာယုံကြည်စိတ်ချပါသဖြင့် ၉-၅-၂၀၁၅ရက်တွင် အဆိုပါဆောက်လုပ်ခွင့်အား ညှိနှိုင်းဈေးဖြင့် စာချုပ်စာတမ်းချုပ်ဆိုကာ ဝယ်ယူခဲ့ပြီး အဆိုပါ အဆောက်အအုံနှစ်လုံးနှင့် ပတ်သက်သော မင်းကျန်စစ်ကုမ္ပဏီမှ ထုတ်ယူရန်ငွေများ ထုတ်ယူခွင့်ကိုပါ တော်ဝင်စံသူထိုက်ကုမ္ပဏီက လူကြီးမင်းထံမှ လွှဲပြောင်းလက်ခံရယူခဲ့ပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် တော်ဝင်စံသူထိုက်ကုမ္ပဏီမှ တာဝန်ရှိလူကြီးမင်း တစ်စုံတစ်ယောက်မသိရှိဘဲ၊ မပါရှိပါဘဲ မိမိတစ်ဦးတည်း၏ သဘောဆန္ဒအလျောက် စာချုပ်ပါကတိကဝတ်များကို ဖောက်ဖျက်ကာ လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိကြောင်း အသိပေးအကြောင်းကြားလိုက်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဤအကြောင်းကြားသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကြီးမင်းရောင်းချထားသော အဆောက်အအုံနှင့်ပတ်သက်၍ မင်းကျန်စစ်ကုမ္ပဏီမှ ငွေကြေးတစ်စုံတစ်ရာ ထုတ်ယူသုံးစွဲခဲ့ပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေများပိုင်သော တော်ဝင်စံသူထိုက် ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးဦးထံသို့ဖြစ်စေ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏အခွင့်ရကိုယ်စားလှယ်သော်လည်းကောင်း လာရောက်တွေ့ဆုံရှင်းလင်းရန် အသိပေးအကြောင်းကြားလိုက်သည်။ အကယ်၍ ဤညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်ဇော်အောင် (စဉ်-၉၅၇၄)**
**LL.B, D.B.L, D.I.L, Dip.T.Med**
**တရားလွှတ်တော်ရှေ့နေ**

## ထားဝယ်သဇင်ပန်း

ပန်း/စိုက်ပြီး သဇင်တိုင်/ တိုင်လွတ်
၅၃၅၊ သုမင်္ဂလာလမ်း၊
(၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊
**ဖုန်း-၀၁-၅၆၀၅၆၇၊၀၉-၂၅၂၆၉၀၄၀၀**

## အိမ်နှင့်ခြံငှားမည်

ကမ္ဘောဇလမ်းမ၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်ရှိ နှစ်ထပ်တိုက်အပါ ခြံဝင်းကျယ်၊ လုံလောက်သော ကားပါကင်နေရာ ငှားရန်ရှိသည်။
စားသောက်ဆိုင်၊ ဟိုတယ်၊ ရုံးခန်းလက်ခံသည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၇၈၂၅၁၁၇၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/ ၉၄၅၃၅ Luojia ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းအောင် ၉/ သစန (နိုင်) ၀၀၆၂၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၈

| | | |
|---|---|---|
| ဒေါ်ငြိမ်းချမ်းဖြူ | **နှင့်** | ၁။ ဒေါ်ချစ်ချစ် |
| | | ၂။ ဒေါ်ခင်သန်းဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း ၂၀၊ အမှတ် ၆၀၇/ကနေ ဒေါ်ချစ်ချစ်
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ၁၉ လမ်း၊ အမှတ် ၆၅၄/ခနေ ဒေါ်ခင်သန်းဝင်း (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

တရားလို ဒေါ်ငြိမ်းချမ်းဖြူက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မောင်ဆွေ)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အများပြည်သူသိရှိစေရန်ကြေညာချက်

နန်းရတနာဦး အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အမှတ် ၀၀၁၃/၂၀၁၂ ဖြင့် လိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခဲ့ရာ ယခုအခါတွင် ဒါရိုက်တာအဖွဲ့ဝင် နှစ်ဦးမှာ အခြားဒေသသို့ ပြောင်းရွှေ့သွားသဖြင့် လုပ်ငန်းပိတ်သိမ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသောကြောင့် ငွေရေးကြေးရေးအဖွဲ့ဝင်များအနေဖြင့်ပေးရန်၊ ရရန်များကို ကုမ္ပဏီတည်ရှိရာ အမှတ် ၃၈၊ ၁၄လမ်း၊ အမှတ် ၆ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီးသို့ ၂၅-၁၂-၂၀၁၅ ရက် နောက်ဆုံးထားဆက်သွယ်ကြပါရန် အကြောင်းကြားကြေညာအပ်ပါသည်။

**ခင်ခင်ညိုဝင်း**
**မန်နေဂျင်းဒါရိုက်တာ**
**နန်းရတနာဦးကုမ္ပဏီလီမိတက်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၂၀) ယုဇနလမ်း၊ ပ-ထပ်၊ (၂)လွှာ၊ (ခေါင်းရင်း+ခြေရင်း)ရှိ တိုက်ခန်းအား ရောင်းသူ ဒေါ်မြင့်မြင့်သန်း(၁၀/ ကဖန(နိုင်)၀၀ ၆၅၁၀)ထံမှ ကျွန်မ၏မိတ်ဆွေဒေါ် ခင်ဖြိုးသန်း(၁၂/မဂဒ(နိုင်)၀၉၂၆၂၄)ကစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဝယ်ယူသောတိုက်ခန်းနှင့်ပတ်သက်၍ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုအပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ် တင်နီလာထွန်း (LL.B,D.B.L) | ဒေါ် ခင်မိုမိုဝင်း(LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်- ၂၉၆၆၁ | စဉ်-၄၁၂၅၇ |

ဖုန်း ၀၉-၄၃၀၇၀၄၁၇

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ ဇော်ဂျီလမ်း၊ မြေကွက်အမှတ် ၁၁၉၀၊ မြေဧရိယာ(၄၀×၆၀)ပေရှိ ဒေါ်လှထွေး ၁၂/သဃက(နိုင်)၁၀၀၂၈၃ အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်သူ ဒေါ်အေးအေးမြင့် ၁၂/ရကန(နိုင်)၀၁၈၈၉၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမင်းခန့် LL.B (စဉ်-၂၃၄၁၇) (အထက်တန်းရှေ့နေ)**
**အမှတ် ၂၂၂၊ တုသိတာ(၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၇၃၃၆၈**

# ၉၀% YIS ကျောင်းနှင့် ILBC ကျောင်းအနီး

အဝတ်လှော်ပေးရန်မလို

၁၀% ငွေချေစနစ်

UBC CONDOMINIUM

လစဉ် (ဝေသိန်း) ခန့်

25/26/27-Dec 2015

လှည်းတန်းစင်တာ

DEVELOPED BY i GREEN





## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၉၂၃၁ Lifan 200 ZH သုံးဘီးယာဉ် လက်ဝယ်ရှိသူ Shwe Hlaing Htoo Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၆၂၉၉၂ လော့ဂျာ 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာ ၉/မထလ(နိုင်)၂၅၀၁၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၃၇၉၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## Fullerton Finance (Myanmar) Company Limited

### (ဖူလတန်ဖိုင်းနက်စ်(မြန်မာ)ကုမ္ပဏီလီမိတက်) ၏ ရှယ်ယာရှင်များ ပြောင်းလဲကြောင်း အများပြည်သူသိရှိစေရန် ကြေညာချက်

ဖူလတန်ဖိုင်းနက်စ်(မြန်မာ) ကုမ္ပဏီလီမိတက်သည် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း International Finance Corporation (IFC) အား ရှယ်ယာရှင်အဖြစ် လက်ခံလိုက်ကြောင်း ငွေရေးကြေးရေးကြီးကြပ်ရေးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၂၈)ရက် ရက်စွဲပါစာအမှတ်-ငကစ၊ ကက-၆(ရ၄၊၂၀၁၅)အရ အများပြည်သူများ သိရှိစေရန်နှင့် ဖူလတန်ဖိုင်းနက်စ်(မြန်မာ)ကုမ္ပဏီလီမိတက်မှ ငွေကြေးဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့် အသင်းသားများ သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ဖူလတန်ဖိုင်းနက်စ်(မြန်မာ) ကုမ္ပဏီလီမိတက်၏ ရှယ်ယာရှင်များမှာ Fullerton Financial Holdings မှ (၇၀)ရာခိုင်နှုန်း၊ Capital Diamond Star Group (CDSG) နှင့် International Finance Corporation (IFC) တို့မှ (၁၅)ရာခိုင်နှုန်းစီ ထည့်ဝင်ထားကြောင်း ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့


## PMP

တက္ကသိုလ်ဝင်တန်း မြန်မာစာသင်ရိုးကုန် ဒေါက်တာခင်ဆန်းဦး

သဒ္ဒါ၊ ကဗျာ၊ စကားပြေ၊ ရေသည့်ပြဇာတ်၊ စာစီစာကုံး တိုတိုပြည့်စုံစွာ ဖော်ပြထားပါသည်။

ထွက်နေပါပြီ

## PMP

အတန်းတင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား/သူများလေ့ကျင့်ရန်အတွက်

- အဋ္ဌမတန်း ဘာသာစုံ နမူနာနှင့် ခန့်မှန်းမေးခွန်း (၅)စုံ
- စတုတ္ထတန်း ဘာသာစုံ နမူနာနှင့် ခန့်မှန်းမေးခွန်း (၅)စုံ
- စတုတ္ထတန်း လူမှုရေးဘာသာ ဓမ္မဓိဋ္ဌာန်မေးခွန်းများ

ထွက်နေပါပြီ

ဖြန့်ချိရေး ။ ။ PMP -၀၉ -၄၂၅၃၂၈၄၃၃
စာပေလောက (၆)၊ ၀၉ - ၇၃၀၁၉၆၆၅
စာအုပ်ဆိုင်များနှင့် City Mart အရောင်းဆိုင်များတွင် ရရှိနိုင်ပါသည်။

## PMP

အဋ္ဌမတန်းကျောင်းသား/ကျောင်းသူများအတွက်

- (ပထဝီဝင်) ဓမ္မဓိဋ္ဌာန်မေးခွန်းများ
(လေ့ကျင့်ရန် ဓမ္မဓိဋ္ဌာန်မေးခွန်းတိုးမြေပုံနှင့်ကွန်တိုများပါဝင်ပါသည်။)
(သေချာပေါက်အမှတ် ၄၀)
- (သမိုင်း) ဓမ္မဓိဋ္ဌာန်မေးခွန်းများ
- (ပထဝီဝင်) သရုပ်ပြပုံများနှင့် မြေပုံရေးဆွဲနည်းများ
- (သချ်ာ) မှတ်မှတ်သားသားအဓိကအချက်များ

ထွက်နေပါပြီ

ဖြန့်ချိရေး ။ ။ PMP -၀၉ -၄၂၅၃၂၈၄၃၃
စာပေလောက (၆)၊ ၀၉ - ၇၃၀၁၉၆၆၅
စာအုပ်ဆိုင်များနှင့် City Mart အရောင်းဆိုင်များတွင် ရရှိနိုင်ပါသည်။

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

## အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

# ရွှေအသည်း

အမှတ်တံဆိပ်

## အသည်းအားဆေး

အသည်းရောဂါ ဘီပိုး၊ စီပိုးကို နှိမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး






- ❋ အသည်းရောဂါ ဘီပိုး၊ စီပိုးကို လျော့နည်းတားဆီးနှိမ်နင်းနိုင်ကြောင်း၊ ရောဂါပိုးရှာမတွေ့နိုင်သော အနေအထားသို့ ရောက်ရှိသွားကြကြောင်းကို ဖော်ပြသည့် Case Study သုတေသနအား တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းခဲ့ပါသည်။
- ❋ အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေပြီး အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။
- ❋ အသည်းပျက်စီးမှုကို ကာကွယ်ထားခြင်းကြောင့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။ အသည်းခြောက်နေသူများအတွက် ပိုမို၍အသည်းခြောက်ခြင်းမှ လျော့နည်းသက်သာလာစေပါသည်။
- ❋ Antioxidant Action ရှိကြောင်း သုတေသနပြုလုပ်တွေ့ရှိရပါသည်။
- ❋ Sub-acute Toxicity Test ကို စမ်းသပ်ထားပြီးဖြစ်ပါသည်။
- ❋ ဤဆေးသည် အမှန်တကယ်ဆေးစွမ်းအာနိသင်ထက်မြက်ကြောင်းကို ခိုင်မာသောအထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းများကို ဂုဏ်သိက္ခာမြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသနညီလာခံများတွင် တင်သွင်းနိုင်ခဲ့ပါသည်။
- ❋ နာတာရှည်အသည်းရောဂါရှိသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး/ရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရာ တိုင်းရင်းဆေးဖြစ်ပါသည်။

*Reference :*

(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ကြေးမုံသတင်းစာ၊ ဇွန် ၂၂ ၊ ၂၀၁၃

(တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာစာပေနှင့်ဆေးဝါးများကြော်ငြာစိစစ်ရေးအဖွဲ့၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၀၉၆/၀၉၁၃)

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမထွေထွေမှုအမှတ် -၂၀၂

ဦးအီဗရာဟင်ဘိုင်(ခ)ဦးဇော်မင်း **လျှောက်ထားသူ**

ကွယ်လွန်သူ အစ္စလာမ်ဘာသာကိုးကွယ်သည့် နိုင်ငံသားပြုလက်မှတ်အမှတ် ၁၂၀/၄၉ ကိုင်ဆောင်သူ ဦးဂျီအမ်စီမိုဒန်နှင့် ဒေါ်အရှာဘီတို့ ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈ လမ်း၊ အမှတ် ၆၁ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၅စီ၁)၊ မြေကွက်အမှတ် Southern 1/2 of V 79၊ မြေဧရိယာအကျယ် (၁၂၁/၂ပေ×ပေ ၅၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၈)ထပ်အဆောက်အအုံ၏ အပေါ်ဆုံးထပ်ရှိ (၈)လွှာ၊ (၁၂၁/၂ပေ×ပေ ၅၀)အကျယ်အခန်းတစ်ခန်း (အစိုးရသို့ သုံးလတစ်ကြိမ် အခွန်ထမ်းဆောင်ရသည့် စက္ကာတာမြေအမျိုးအစား)၊ အမှတ် ၆၁၊ ၂၈ လမ်း၊ ပန်းဘဲတန်းမြို့နယ်ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့နှင့်စပ်လျဉ်း၍ ဤရုံးတော်၏ တရားမအထွေထွေမှုအမှတ် ၂၀၂ တွင် ၁၁-၁၁-၂၀၁၅ ရက်စွဲဖြင့် အမွေထိန်းလက်မှတ်စာရသူ လျှောက်ထားသူမှာ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇ အရ စီမံခွင့်ကို လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုအပေါ် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၆ ရက် (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိကနေရာတကျလွှဲအပ်ထားသည့် ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်၍ ခိုင်လုံသောအထောက်အထားများ တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးကိုကို)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကြော်ငြာစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈)
### မြိတ်မြို့နယ်တရားရုံးတော်၌
### ၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ် ၇၇

ဦးမောင်ကျင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းရီ) လင်အန်ကင်(ခ)ရှိဟူးဘုရားကျောင်း အမှုဆောင်အဖွဲ့ တလိုင်းစုရပ်၊ မြိတ်မြို့ **နှင့်** ၁။ ဦးဘွန်လိုက် ကမ်းနားလမ်း၊ တလိုင်းစုရပ်၊ မြိတ်မြို့ ၂။ ဦးဝင်းကိုကို လင်အန်ကင် (ခ) ရှိဟူးဘုရားကျောင်း အလက(၂)ကျောင်းလမ်း၊ ဝဲဘက်(မြောက်ဘက်)မြေညီထပ်အခန်း (၂)လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့

**တရားလို** **တရားပြိုင်များ**

သက်ဆိုင်သူများသိစေလိုက်ပါသည်။ အထက်အမည်ပါ တရားလိုက တရားပြိုင်များအပေါ် မြိတ်မြို့၊ နောက်လယ်ရပ်၊ (၂)လမ်းရှိ လင်အန်ကင်(ခ)ရှိဟူးဘုရားကျောင်း မြေညီထပ်၊ ဝဲဘက်(မြောက်ဘက်)တံခါး(၂)ပေါက်၊ ထပ်ခိုးအပါအဝင် အခန်းမှဖယ်ရှားပေးမည်ဟု ဝန်ခံကတိပြုပြီး အိမ်ခန်းငှားခလည်းမပေးသည့် အိမ်ငှားအား နှင်လိုမှု (သို့မဟုတ်) ခွင့်ပြုချက်ဖြင့် နေသူအားဖယ်ရှားထွက်ခွာစေလိုမှု စွဲဆိုထားရာအဆိုပါအမှုနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ မည်သူမဆို အမှုတွင်အမှုသည်အဖြစ်ပါဝင်နိုင်ကြောင်းနှင့် အဆိုပါအမှုကို ဤရုံးတော် က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်(၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ချိန်းဆိုထားပြီးဖြစ်ရာ ယင်းနေ့ရက်တွင် ဤရုံးတော်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ-၈အရ အကြောင်းကြားဆင့်ဆိုလိုက်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းတင့်)**
**မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

## ကြော်ငြာစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်းဥပဒေ ၈)
### မြိတ်မြို့နယ်တရားရုံးတော်၌
### ၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ် ၇၈

ဦးမောင်ကျင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းရီ) လင်အန်ကင်(ခ)ရှိဟူးဘုရားကျောင်း အမှုဆောင်အဖွဲ့ အလက(၂)ကျောင်းလမ်း၊ တလိုင်းစုရပ် မြိတ်မြို့။ **နှင့်** ဒေါ်အေးဝင်း ၃ လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့။

**တရားလို** **တရားပြိုင်**

သက်ဆိုင်သူများသိစေလိုက်ပါသည်။ အထက်အမည်ပါ တရားလိုက တရားပြိုင်များအပေါ် မြိတ်မြို့၊ နောက်လယ်ရပ်၊ (၂)လမ်းရှိ လင်အန်ကင်(ခ)ရှိဟူးဘုရားကျောင်း မြေညီထပ်၊ ယာဘက်(တောင်ဘက်)တံခါး(၂)ပေါက်၊ ထပ်ခိုးအပါအဝင် အခန်းမှဖယ်ရှားပေးမည်ဟု ဝန်ခံကတိပြုပြီး အိမ်ခန်းငှားခလည်းမပေးသည့် အိမ်ငှားအား နှင်လိုမှု (သို့မဟုတ်) ခွင့်ပြုချက်ဖြင့် နေသူအားဖယ်ရှားထွက်ခွာစေလိုမှု စွဲဆိုထားရာအဆိုပါအမှုနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ မည်သူမဆို အမှုတွင်အမှုသည်အဖြစ် ပါဝင်နိုင်ကြောင်းနှင့် အဆိုပါအမှုကို ဤရုံးတော်က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ချိန်းဆိုထားပြီးဖြစ်ရာ ယင်းနေ့ရက်တွင် ဤရုံးတော်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ-၈အရ အကြောင်းကြားဆင့်ဆိုလိုက်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းတင့်)**
**မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ရွှေလဝန်းလမ်း၊ အမှတ် ၂၂၊ (၇) ထပ်တိုက်၏ (၆/အေ)လွှာ ခေါင်းရင်းခန်းတိုက်ခန်းနှင့်ပတ်သက်၍**

## အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါတိုက်ခန်းကို ပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဒေါ်ခင်နွဲ့အုန်း ၁၂/သကတ(နိုင်)၁၀၅၄၂၈ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ဖော်ပြပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူများ၏ ညွှန်ကြားချက်ဖြင့်-**
**ဦးခင်မောင်ဦး LL.B, D.B.L**
**(စဉ်-၉၇၂၉) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဆကာရပ်ကွက်၊ ရန်ရှင်းလမ်း၊ အမှတ် (၄၅၂) နေ ဦးခင်မောင်ဆွေတင့်၊ ဒေါ်စန်းဝင်းတို့၏သမီးဖြစ်သူ မကြူကြူခိုင်သည် မိဘများသဘောမကျသည့် လူမျိုးခြားနှင့်လိုက်သွားပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့် လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါကြောင်း သိစေအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးခင်မောင်ဆွေတင့် ၁၄/ဟသတ(နိုင်)၀၃၂၅၂၆**

## ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် -၂၁၀

**ကွယ်လွန်သူဖြစ်ကြသည့် ၁။ ဒေါ်ငြိမ်းငြိမ်း၊ ၂။ ဒေါ်တင်ကြည်၊ ၃။ ဒေါ်ခင်ညွန့်တို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ၆၁/၂မိုင်၊ ပြည်လမ်း၊ အမှတ် ၃၂/င၌ နေထိုင်ခဲ့ကြသော ကွယ်လွန်သူ ၁။ ဒေါ်ငြိမ်းငြိမ်း၊ ၂။ ဒေါ်တင်ကြည်၊ ၃။ ဒေါ်ခင်ညွန့်တို့၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးအေးအောင် (အခွင့်ရကိုယ်စားလှယ် ဦးသောင်းစိုးနိုင်)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၁၁ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ၁။ ဒေါ်ငြိမ်းငြိမ်း၊ ၂။ ဒေါ်တင်ကြည်၊ ၃။ ဒေါ်ခင်ညွန့်တို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် (၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၀ ရက် (၁၃၇၇ ခုနှစ် ပြာသိုလဆန်း ၁၁ရက်) နံနက် ၁၀နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးအေးအောင် (အခွင့်ရကိုယ်စားလှယ် ဦးသောင်းစိုးနိုင်)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ကြည်စိန်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သာယာဝတီမြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီး(၂)ရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၉၆

၁။ ဒေါ်ဝင်းကြည်
၂။ ဦးမောင်မောင်လှ
**နှင့်**
၁။ ကိုကျော်စွာဝင်း
၂။ ဦးမြင့်စိုး
၃။ ဦးသိန်းနိုင်
၄။ ဒေါ်ညိုညိုသန်း
၅။ ကိုကျော်ကျော်နိုင်
၆။ မသီရိ
၇။ ဒေါ်တင်တင်ချို

**တရားလိုများ** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ငဖြူကလေးကျေးရွာ၊ အရှေ့ ၃ လမ်း၊ အမှတ် ၁၆၇ နေ (၁)တရားပြိုင် ကိုကျော်စွာဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသောစာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးလင်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာယာဝတီမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၅၂၈၃၀ Honda Dream 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးရှင်း ၆/မမန(နိုင်)၁၇၄၁၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/3966 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၁၅၃၉ Toyota Alphard MOH-10 Micro/Bus(4X2) R ယာဉ်လက်ဝယ်ရှိသူ ဦးထင်အောင်လင်း ၁၃/ကမန(နိုင်)၀၀၁၂၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကျောက်မဲမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6941 Nissan Vanelte P/U(4X2))R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောခင်ခင် ၁၂/ဥကမ(နိုင်)၂၅၂၁၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/က၊ လေဆိပ်ဝန်းကျင်၊ မြေကွက်အမှတ် ၂၃၂/ခ၊ ဧရိယာ ၀ ဒသမ ၀၃၅၈ဧကသည် နှစ် ၆၀မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးစိုးနိုင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်(၇၃၄၆/၂၀၁၅)တင်ပြ၍ ဒေါ်နန်းထွေးခမ်း ၁၃/မဆတ(နိုင်)၀၄၉၈၀၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဒ-၈)၊ ဦးပိုင်အမှတ်(၇၈)၊ ၃၈×၃၉ ကြား၊ ၆၅×၆၆ ကြားရှိ ဦးမောင်စိုးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကိုကိုလေး ၉/မရမ(နိုင်) ၀၃၀၆၁၉ မှ မြို့ကွက်သစ် နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုး ပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကျေးဇူးရှင် မြတ်ဖခင်ကြီး၏ (၁)နှစ်ပြည့် ကျေးဇူးဆပ် ဆွမ်းကပ်လှူဒါန်း**
**ကချင်ပြည်နယ်၊ ဟိုပင်မြို့၏ သာသနာ့အကျိုးတော်ဆောင်၊**
**ဘုရားကျောင်း ရဟန်းဒါယကာကြီး**
## မြန်မာသမားတော်ကြီး ဆရာကြီးဦးအောင်ညိန်း (ဒ·ဘ·ဗ)
**(ဥက္ကဋ္ဌ-မလွန်ဆန်လှူအသင်းထောက်)**
**အောင်ဝိဇ္ဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၏ ဖခင်ကြီး**
**အသက် (၉၁)နှစ်**

ကျေးဇူးရှင် မြင်းမိုရ်တောင်ဦးမကကျူးသည့် မြတ်ဖခင်ကြီးသည် ၂၂-၁၂-၂၀၁၄ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျေးဇူးကို အောက်မေ့သတိရသောအားဖြင့် ဒီဇင်ဘာ ၂၂ ရက် ယနေ့တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ် စသည့်လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းရခြင်း ကုသိုလ်ကောင်းမှုတို့ကို ရောက်ရှိစံစားနေသောဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပါစေခြင်းအကျိုးငှာ

ကျေးဇူးရှင်ဖခင်ကြီးအတွက် အမျှ - အမျှ - အမျှ ပေးဝေပါ၏။
သာဓု - သာဓု - သာဓု ခေါ်ဆိုနိုင်ပါစေသော်

**အောင်ဝိဇ္ဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမိသားစု**
**ဟိုပင်မြို့၊ ကချင်ပြည်နယ်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတိုင်း ဒါယိကာမကြီး**
## ဒေါ်ခင်ညွန့်(ခ)ဒေါ်ကြည်ညွန့်(ခ)ဟိုကွေ့ဟွား
**ဗန်းမော်-မန္တလေး**
**အသက် (၉၀)**

မန္တလေးမြို့၊ အမှတ် ၃၆၁/က၊ ၈၁လမ်း၊ ၂၉×၃၀လမ်းကြား၊ ဗန်းမော်မြို့၊ သာစည်ရပ်နေ (ဦးအရင်း-ဒေါ်ရင်စိန်မေ)တို့၏သမီး၊ မအူပင်မြို့နေ (ဦးစိန်-ဒေါ်မြတင်)တို့၏ သမီးချွေးမ၊ (ဦးဖေတင်)၏ ချစ်လှစွာသော ဇနီး၊ ဗန်းမော်မြို့နေ ဦးဇော်ဝင်း-ဒေါ်ဘိကြူ(ဆဲလ်ဗင်းဖက်ရှင်)၊ မန္တလေးမြို့နေ ဒေါက်တာ ခင်မောင်ထွန်း (တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး၊ ငြိမ်း)-ဒေါ်မြင့်မြင့်ကြူ၊ ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းကြူ၊ (ဦးမြမောင်)-ဒေါ်ခင်ခင်ကြူ(မြပွဲရုံ)၊ ဦးအောင်နိုင်-ဒေါ်အေးအေးမေ (Royal Star Restaurant)၊ ရန်ကုန်မြို့နေ ဦးပြည်သိမ်း-ဒေါ်ထွေးထွေးကြူ၊ မန္တလေးမြို့နေ ဦးလွှမ်းမိုးသူ-ဒေါ်လှဲလှဲကြူ (Home Art သစ်အချောထည်လုပ်ငန်း)၊ ဦးစံမင်းထွန်း (လ/ထ ညွှန်ကြားရေးမှူး၊ ဆ/မ မိတ္ထီလာ)-ဒေါ်နှင်းနှင်းကြူ၊ ဗန်းမော်မြို့နေ ဦးညီညီဖေတင်(ခ)မောင်လေးတို့၏ ချစ်လှစွာသော မိခင်၊ မြေး၂၅ယောက်၊ မြစ် ၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါ၈၁လမ်းနေအိမ်မှ အေးရိပ်ငြိမ်ဖူကျင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတိုင်း ဒါယိကာမကြီး**
## ဒေါ်ခင်ညွန့်(ခ)ဒေါ်ကြည်ညွန့်(ခ)ဟိုကွေ့ဟွား
**ဗန်းမော်-မန္တလေး**
**အသက် (၉၀)**

မန္တလေးမြို့၊ အမှတ်(၃၆၁/က)၊ ၈၁လမ်း၊ ၂၉×၃၀လမ်းကြား၊ ဗန်းမော်မြို့၊ သာစည်ရပ်နေ (ဦးအရင်း-ဒေါ်ရင်စိန်မေ)တို့၏သမီး၊ (ဦးဟုတ်လီရင်-ဒေါ်မြတင်)၊ [ဟိုကြိမ်းထန်-တရုတ်(တိုင်ပေ)]၊ ဒေါ်ခင်ညွန့်တို့၏ညီမ၊ ဒေါ်ခင်ဆွေ(ခ)ဟိုညက်ဗွား၊ (ဦးတင်ထွန်း)-ဒေါ်ခင်ဝေ(ခ)ဒေါ်အန်းကူ(ခ)ဟိုကောင်းဗွား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးကျော်-(ဒေါ်ခင်ခင်)(မိုးဦးပန်းပရိဘောဂ)တို့၏ အစ်မကြီးသည် ၂၀-၁၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါ ၈၁လမ်းနေအိမ်မှ အေးရိပ်ငြိမ် ဖူကျင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတိုင်း ဒါယိကာမကြီး**
## ဒေါ်ခင်ညွန့်(ခ)ဒေါ်ကြည်ညွန့်(ခ)ဟိုကွေ့ဟွား
**ဗန်းမော်-မန္တလေး**
**အသက် (၉၀)**

မန္တလေးမြို့၊ အမှတ်(၃၆၁/က)၊ ၈၁လမ်း၊ ၂၉×၃၀လမ်းကြား၊ ဗန်းမော်မြို့၊ သာစည်ရပ်နေ (ဦးအရင်း-ဒေါ်ရင်စိန်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးအောင်မင်း-ဒေါ်သင်းသင်း(အောင်မင်းသူ ပရိဘောဂ)၊ သြစတြေးလျမြို့နေ ဦးအောင်လွင်-ဒေါ်လိလန်ရီ၊ ရန်ကုန်မြို့နေ ဦးလှရွှေတို့၏အမေကြီး၊ မန္တလေးမြို့နေ ဦးသန်းလှိုင်-ဒေါ်ဝင်းဝင်းထွန်း၊ ဒေါ်အေးအေးထွန်း၊ ဦးအကြူး-ဒေါ်ညိုညိုထွန်း၊ ဒေါက်တာ မိုးမိုးထွန်း(မိုးသောက်နှင်း ကုမ္ပဏီ)၊ ရန်ကုန်မြို့နေ ဦးတင်ထွဋ်-ဒေါ်ဇင်မာအောင်(မိုးဦးပန်း ပရိဘောဂ)၊ တောင်ကြီးမြို့နေ ဦးသိန်းစိန်-ဒေါ်ခင်ဝါဝါ(တက်ချောင် ကြက်စာဖြန့်ချိရေး)၊ ဦးအဗွား-ဒေါ်ခင်သီတာ(New Win စားတော်ဆက်)၊ ဦးဝင်းထွဋ်(မိုးဦးပန်း ပရိဘောဂ)တို့၏ကြီးကြီးသည် ၂၀-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါ ၈၁လမ်းနေအိမ်မှ အေးရိပ်ငြိမ် ဖူကျင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
## ဦးအောင်ဖေ
**(စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မန်နေဂျာ၊ငြိမ်း)**
**အသက်(၈၀)**

မော်လမြိုင်မြို့နေ (ဦးပန်းစိန်-ဒေါ်ရွှေမြိုင်)တို့၏သား၊ (ဦးထင်၊ ရှေ့နေ-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တိုက် ၁၅၊ အခန်း ၂၊ စီးပွားကူးသန်းတော်ဝင်အိမ်ရာနေ ဒေါ်ညိမ်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ခင်မောင်သန်း(နတ်မောက်ဆေးရုံ)(မြို့နယ်ဆရာဝန်ကြီး)-ဒေါ်နှင်းဖြူ၊ ဦးမိုးကျော်စွာ-ဒေါ်ဥမ္မာမြင့်၊ ဦးမျိုးညွန့်အောင်(လက်ထောက် အထွေထွေမန်နေဂျာ၊ မလွန်)-ဒေါ်ဇင်မာလွင်၊ ဦးညီညီအောင်(စက်ရုံမှူး)ဆည်တော်ကြီးရေအားလျှပ်စစ်)-ဒေါ်အေးအေးမင်း၊ ဦးအောင်ကျော်စိုး(ဒု-လေယာဉ်မှူး၊ အမျိုးသားလေကြောင်းလိုင်း)-ဒေါ်ခင်သူဇာစိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၀-၁၂-၂၀၁၅ ရက်(တနင်္လာနေ့) နံနက် ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**မြစ်ခြေနယ်အသင်းနာယက**
## ရဟန်းအမကြီး ဒေါ်ဝမ်းတင် (မြစ်ခြေ/ပခုက္ကူ)
**သူနာပြုဆရာမကြီး(ငြိမ်း)၊ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက် ၁၅၄၊ အခန်း(D) ပထပ်နေ ဦးအောင်သန်း(စစ်ဆေးရေးမှူး၊ ငြိမ်း၊ လူမှုဖူလုံရေး)၏ဇနီး၊ (ဦးသန်းညွန့်)-ဒေါ်ပေါရင်၊ ဦးသောင်းကြည်(ဒုအရာခံဗိုလ်၊ ငြိမ်း) မြစ်ခြေနယ်အသင်း အတွင်းရေးမှူး-ဒေါ်ခင်ဝင်းကြည်(အထပြ၊ ငြိမ်း)တို့၏အစ်မ၊ ကိုဝေဖြိုးလှိုင်အောင်-မသီတာအောင်၊ ကိုဝေတိုးလှိုင်အောင်၊ မနီဝမ်းလှိုင်အောင်(ဧရာဝတီဘဏ်၊ ရုံးချုပ်)၊ ဗိုလ်မှူးအောင်မျိုးသက်-မဝင့်မွန်ထက်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၈-၁၂-၂၀၁၅ရက် ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုးညွန့် (အရာခံဗိုလ်၊ ငြိမ်း)

**အသက်(၇၈)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦး-ဒေါ်စန္ဒာလှိုင်တို့၏ဖခင် ဦးစိုးညွန့် (အရာခံဗိုလ်၊ ငြိမ်း) အသက်(၇၈)နှစ်သည် ၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုးညွန့်

**အသက်(၇၈)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၏ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦး-ဒေါ်စန္ဒာလှိုင်တို့၏ ချစ်လှစွာသောဖခင် ဦးစိုးညွန့် အသက်(၇၈)နှစ်သည် ၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုးညွန့်

**အရာခံဗိုလ်(ငြိမ်း)**

**အသက်(၇၈)နှစ်**

ဗိုလ်မှူးကြီးလှညွန့်(နမ့်စန်လေတပ်စခန်းဌာနချုပ်)-ဒေါ်ကြူကြူခိုင်တို့၏ဖခင် ဦးစိုးညွန့်(အရာခံဗိုလ်၊ ငြိမ်း) အသက်(၇၈)နှစ်သည် ၂၀-၁၂-၂၀၁၅ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၁)မှ သူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုးညွန့်

**အသက်(၇၈)နှစ်**

ဦးစိန်ဦး(ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောဖခင် ဦးစိုးညွန့်သည် ၂၀-၁၂- ၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CLCS ကျွမ်းကျင်မှု ဆပ်ကော်မတီနှင့်**
**ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ဝန်ထမ်းများမိသားစု**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ကိုထင်လင်းအောင်

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်၊ ရွှေခင်းသာအိမ်ရာ၊ အမှတ် A-7၊ အခန်း ၂၀၃နေ မသက်ဝတ်ရည်၏ခင်ပွန်း၊ (ဦးတိတ်ဝမ်)-ဒေါ်ကြည်စိန်တို့၏သား၊ ဦးညီညီကျော်-ဒေါ်ခင်အုန်းတို့၏သားသမက်၊ (ဦးစိုးမြင့်)-ဒေါ်ဝင်းဝင်းမော်၊ ဦးချိန်ဝမ်-ဒေါ်ဥမ္မာတင်၊ ဦးအောင်ကျော်ဦး-ဒေါ်အေးအေးမော်၊ ဒေါ်ချိုသွေး၊ ဦးကြည်လွင် - ဒေါ်မီမီသန့်တို့၏ ညီ/မောင်၊ မောင်ဟန်စိုးအောင်၏အစ်ကို၊ မောင်ရဲနိုင်ဝင်း-မသွယ့်ရည်ဝင်းတို့၏ အစ်ကို၊ မသက်ရတီထင်လင်း(ခ) သည်းတုန်၏ဖခင်၊ တူ/တူမ ကိုးယောက်တို့၏ဦးလေးသည် ၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဦးထွန်းထွန်းမင်း(ခ) ဖိုးငယ်

**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊(၁၁)ရပ်ကွက်၊ ၃၂လမ်း၊အမှတ် ၂၃၃/၂၃၅၊ ငါးလွှာနေ ဒေါ်လဲ့လဲ့အောင်၏ခင်ပွန်း၊ မမေသူထွန်း(လသာ-၁)၊ မစုမွန်ထက်(မူကြို)တို့၏ဖခင်၊ (ဦးအောင်ပွင့်)-ဒေါ်ကြူကြူတို့၏သား၊ ဦးထွန်းထွန်းဦး၏ညီ၊ ဦးအောင်မင်းဦး-ဒေါ်ချိုချိုထွန်း၊ မအေးအေးမြင့်၊ မသီတာအောင်တို့၏အစ်ကိုသည် ၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်လှရီ

**အသက်(၉၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် ၁၅နေ ဦးကျော်ညွန့်(ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ရန်ကုန်ဌာနခွဲ)၏မိခင် ဒေါ်လှရီ အသက်(၉၀)သည်၂၀-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးအောင်ထွန်း

**အသက်(၈၅)နှစ်**

မန္တလေးမြို့နေ ဒေါ်တင်တင်အေး (စိန်သီဟ ကျောက်ပြားစက်ရုံ)၏ဖခင် ဦးအောင်ထွန်းသည် ၁၉-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)နှင့် မိသားစု**

## ဒေါ်အုန်းမြင့် (ဘိုကလေးမြို့)

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ် ၉နေ [ဦးသန်းအောင် (ဒုအင်ဂျင်နီယာ၊ ကြယ်ငါးပွင့်၊ ငြိမ်း)]၏ဇနီး၊ ဦးကျော်စွာ-ဒေါ်ဥမ္မာအောင်[အလယ်တန်းပြ၊ အထက(၂)၊ စမ်းချောင်း]၊ ဦးလှိုင်ထွဋ်အောင်(2nd Mate)-ဒေါ်သူဇာဝင်း၊ ဦးနိုင်ဝင်းအောင်(ခေတ္တ-စင်ကာပူ)-ဒေါ်မိုးသူဇာလှိုင်(ခေတ္တ-စင်ကာပူ)၊ ဦးမိုးမြင့်အောင်(ညီညီ-ကားအလှစတေကာ)-ဒေါ်ခင်ဇော်ညွန့်တို့၏မိခင်၊ မဆုမွန်လှိုင်၊ မောင်ဖွဲ့ရန်လင်း၊ မောင်ကောင်းဆက်လင်း၊ မောင်ပြည့်စုံထွဋ်တို့၏အဘွားသည် ၂၁-၁၂-၂၀၁၅ရက် ညနေ ၄း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်မြင့် (ရန်ကင်း)

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက် ၁၃၄၊ အခန်း ၅နေ [ဦးရဲမြင့် (ဗိုလ်ကြီး၊ ငြိမ်း)-ဒေါ်တင်ရွှေမြင့်]တို့၏သမီး၊ (ဦးစိုးလွင်)၏ဇနီး၊ ဦးဇော်မြင့်-ဒေါ်သင်းသင်းအေး(ဦးဇော်တင့်)၊ (ဦးဇော်ဝင်းသိမ်း)-ဒေါ်ခင်လေးမြင့်၊ (ဒေါ်တင်မိုးအေး-ဦးရဲမောင်ဇော်)၊ ဒေါ်သန္တာမြင့်(အမက-၂၄၊ ဗဟန်း)-ဦးမောင်မောင်တို့၏ညီမ/အစ်မ၊ ဦးမောင်မောင်မျိုးမင်း-ဒေါ်နှင်းဝေအောင်၊ (ဦးကျော်ကျော်မျိုးမင်း)၊ ဒေါ်ဖြူနှင်းအေး-ဦးမင်းမောင်မောင်တို့၏မိခင်၊ မောင်လွှမ်းအောင်ထူး၊ မောင်သော်ဇင်မျိုးမင်း(Grade I, TTC ရန်ကင်း)၊ မသီရိဝင့်ထယ်တို့၏အဘွားသည် ၂၁-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မူ

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ ၄လမ်း၊ အမှတ်(၃၃/က)နေ (ဆရာကြီး ဦးစိန်မောင်-ဆရာမကြီး ဒေါ်အေးမျှင်)တို့၏သမီး၊ (ဦးထွန်းတင်-ဒေါ်ကျင်ထွေး)တို့၏သမီးချွေးမ၊ ဦးခင်မောင်ထွေး၏ဇနီး၊ ကိုအာကာမောင်-မဆုမွန်ဖြိုး၊ ကိုဂျူလိုင်မောင်တို့၏မိခင်၊ မဆုပြည့်စုံမောင်၏အဘွားသည် ၁၉-၁၂-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁၂-၂၀၁၅ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မူ

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ ၄လမ်း၊ အမှတ်(၃၃/က)နေ (ဆရာကြီး ဦးစိန်မောင်-ဆရာမကြီး ဒေါ်အေးမျှင်)တို့၏သမီး၊ဦးကြည်ဝင်း-[ဒေါ်မြင့်မြင့်ဆွေ (အထက-၂၊ လသာ၊ ငြိမ်း)]၊ ဦးမြင့်စိုး-ဒေါ်ရင်မြိုင်၊ (ဦးအောင်မြင်)-ဒေါ်သန်းသန်းဌေး၊ ဦးစန်းငွေ-ဒေါ်အေးအေး(အလက-၁၊ ဒဂုံ)တို့၏ညီမ၊ ဦးစန်းဝေ-ဒေါ်အေးအေးမာ၊ ဦးသိန်းမြင့်-ဒေါ်ခင်ခင်ကြူ(အထက-၁၊ ဒဂုံ)၊ ဦးလှမော်-ဒေါ်မြမြနွယ်၊ ဦးကျော်မြင့်-ဒေါ်ခင်မြတ်သူတို့၏အစ်မသည် ၁၉-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တန်စုတ်ဟွာ(ခ)ဒေါ်အတူး

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၁နေ (ဦးတန်ကာအစ် - ဒေါ်ခူရှုပို)တို့၏သမီး၊ (ဦးကျင်စိန်)၏ဇနီး၊(ဦးတင်စိန်-ဒေါ်လေးခင်)၊ (ဦးမောင်မောင်ခင်)-ဒေါ်လေးရင်၊ ဦးကြည်ဟိန်း၊ ဒေါ်မြင့်မြင့်ကြူ၊ ဦးကြည်သိန်း-ဒေါ်နီလာရွှေ၊ ဦးကြည်အေးတို့၏မိခင်၊ မဥမ္မာခင်၊ ကိုကျော်နိုင်ဦး၊ မအေးမင်းမင်းစံ၊ ကိုမျိုးမင်း-မစိုးစိုးသန်း၊ မသဇင်မောင်၊ မဟန်နီစိုး၊ မောင်ဉာဏ်လင်းထက်၊ မကေဇင်ဟန်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၁၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pu San Ling Thang

**အသက်(၆၉)နှစ်**

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ Zongte ရွာနေ (Pu Tawk Pum-Pi Sang Men)တို့၏သား၊(Pu No Buan Thang)၏ညီ၊ Pi Sa Tin Par, Pi Tuan Nei Sung, Pi Tha Kip Kil တို့၏မောင်၊ Pi Thleng Liani ၏ ချစ်လှစွာသောခင်ပွန်း၊ Van Bawi Lian (B.Th), Nancy Sui Lian Siam (B.Sc) - Thang Sian Muang (USA), Lal Fam Kima (Bio ,Technology, Hudson Valley Community College) (USA), Dr. Van Lal Rin Hngeta (M.B.,B.S, Yangon)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၀-၁၂-၂၀၁၅ရက် ည ၁၁း၃၅နာရီတွင် အမှတ် ၂၁၊ ၆(ဘီ)၊ သုခမိန်လမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားသဖြင့်၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဗဟန်းလဘုရားကျောင်းမှ နံနက် ၁၁နာရီ၊ နေအိမ် CBC ဘုရားကျောင်း၊ အင်းစိန်-ပန်းခြံ၊ မြောက်ဒဂုံကျောင်းလမ်းမှတ်တိုင်တို့မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ရင်စု

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**စက်မှု(၁)ဝန်ကြီးဌာန**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း ၁လမ်း၊ အမှတ် ၁၃နေ (ဦးသန်းဦး- ဒေါ်သောင်းစိန်)တို့၏သမီး၊ ဒေါ်ရင်နု၏ညီမ၊ ဦးခင်မောင်မြင့်-ဒေါ်ညိုညိုသန်း၊ဦးမင်းနိုင်-ဒေါ်အေးအေးမြင့်၊ ဦးမောင်မောင်တာ-ဒေါ်အေးအေးသွင်၊ ဦးမောင်မောင်ပါ-ဒေါ်မြင့်မြင့်သင်း၊ (ဦးစကြာ)-ဒေါ်ဖြိုးစိမ့်စိမ့်ဦး၊ ဦးမြင့်သိန်း-ဒေါ်အေးအေးမြင့်တို့၏အစ်မကြီးသည်၂၀-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၉း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၂-၂၀၁၅ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရားထီးတော်၊ရဟန်းဒါယိကာမကြီး**

## ဒေါ်တင်ဝင်း

**အသက်(၆၀)**

ရန်ကုန်မြို့နေ(ဦးရွှေ)-ဒေါ်ကျင်လှိုင်တို့၏သမီး၊ (ဦးလှသန်း-ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊(၃၅)ရပ်ကွက်၊ ကန်သာယာ(၁)လမ်း၊ အမှတ် ၁၁၄၁နေ (ဦးဇော်ဝင်း)၏ဇနီး၊ ဦးမြင့်ကြည်-ဒေါ်ချောစုဇော်(ခ)ဒေါ်ချောနန္ဒာဝင်း၊ ဒေါက်တာဝင်းသူရ - ဒေါက်တာဟေမာစိုးဝင်း၊ မသိမ့်သန္တာဝင်းတို့၏မိခင်သည် ၂၁-၁၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှမောင်(လယ်ဝေး/ပျဉ်းမနား) အသက်(၉၁)နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၁)**
**တိုင်းတာဝန်ခံ(ဧရာဝတီတိုင်း)(ငြိမ်း)၊ မြေ/ကျေး/ရှင်း**

နေပြည်တော်၊ လယ်ဝေးမြို့နေ (ဦးအေး-ဒေါ်စိန်တင်-ဒေါ်ကြင်မြ)တို့၏သား၊ (ဦးဖိုးကြူ-ဒေါ်မြရီ)တို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဝေဇယန္တာ ၂လမ်း၊ အမှတ် ၁၄-၁၅နေ ဒေါ်သိန်းသိန်း(ခ)ဒေါ်ခင်သိန်း၏ချစ်လှစွာသောခင်ပွန်း၊ ကျိုက်ထိုမြို့နေ ဦးလှကျော်-ဒေါ်ခင်မြင့်၊ O.G ဒေါက်တာဒေါ်လှသိန်းအေး၊ ဦးကျော်မင်း၊ ဦးကျော်ကျော်(ဗိုလ်မှူး၊ ငြိမ်း)(စ-တ-သ-၂၃)၊ ဒေါ်လှသိန်းကြူတို့၏ချစ်လှစွာသောဖခင်ကြီး၊ ကိုအောင်စည်သူ-မအိဖြိုးသွယ်၊ မနန်းထက်ထက်ထွန်းတို့၏အဘိုး၊ မရတနာစည်သူ၏ဘိုးဘိုးကြီးသည် ၂၀-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(အထူးကြပ်မတ်ဆောင်)၌ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စီးပွား/ကူးသန်းဝန်ကြီးဌာန**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ တောင်သူကုန်းရပ်ကွက်၊ စေတနာမွန်လမ်းသွယ်၊ အမှတ် ၁၇/၁၉နေ (ဒေါက်တာဦးအာယု-ဒေါ်ကြင်စင်)တို့၏သား၊ ကမာရွတ်မြို့နယ်နေ ဦးအာထွဋ် - ဒေါ်နန်းစိန်တို့၏သားသမက်၊ အမှတ် မ-၁၇/၁၉၊ စေတနာမွန်လမ်းသွယ်၊ တောင်သူကုန်းရပ်ကွက်နေ (ဒေါ်ခင်မေကြည်)၊ ဒေါ်ဝင်းစိန် (ဦးစီးအရာရှိ၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ နေပြည်တော်)တို့၏ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးကျော်ဦး-ဒေါ်စန်းစန်းစိုး၊ ဦးဝင်းဇော်ဦး(ဝင်းဆောက်လုပ်ရေး)-ဒေါ်ခင်ထားရီ၊ (ဗိုလ်ကြီးညီညီဇော်-ဒေါ်သင်းသင်းခိုင်)၊ ဦးတင်ထွန်းဇော်-ဒေါ်နှင်းယုမေ၊ ဦးနိုင်စိုး-ဒေါ်ခင်စန်းမိုး၏တို့၏ချစ်လှစွာသောဖခင်၊ ဗိုလ်ကြီးရာဇာမြင့်၊ မောင်စည်သူစိုး၊ မောင်သီဟဇော်ဦး-မဟန်သီထွန်း၊ မောင်နန္ဒဇော်ဦး၊ မအေးချမ်းမြတ်မွန်၊ မောင်အာကာလွှမ်း၊ မောင်ရန်နိုင်စိုးတို့၏အဘိုးသည် ၁၉-၁၂-၂၀၁၅ရက် (စနေနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စီးပွား/ကူးသန်းဝန်ကြီးဌာန**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်းနေ (ဒေါက်တာဦးအာယု-ဒေါ်ကြင်စင်)တို့၏သား၊ (ဦးကျော်မြင့်)-ဒေါ်ခင်လေး၊ (ဦးစံတင်-ဒေါ်မြင့်မြင့်ဝေ)တို့၏မောင်၊ (ဗိုလ်မှူးမြင့်လွင်၊ ငြိမ်း)-ဒေါ်တင်မြ၊ (ဦးစန်းမောင်၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စက်မှုလယ်ယာ)-ဒေါက်တာဒေါ်ခင်မြမြ၊ ဦးမောင်မောင်ယု-ဒေါ်စန်းစန်းနွယ် (စက်မှု-၁၊ ငြိမ်း)၊ ဦးစိုးမောင် (ဒုတိယညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်ဦးစီးဌာန)-ဒေါ်ခင်နှင်းလွင်(တရားလွှတ်တော်ရှေ့နေ)၊ ဦးအေးထွန်း-ဒေါ်လှလှယု၊ (ဦးတင်အောင်-ဒေါ်နွဲ့နွဲ့ယု)တို့၏အစ်ကိုသည် ၁၉-၁၂-၂၀၁၅ရက် (စနေနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pu Pau Cin Lien (မှူ/အုပ်၊ ငြိမ်း) အသက်(၈၀)

**(တွန်းဇံမြို့နယ် ပြည်သူ့ကောင်စီဝင်၊ ငြိမ်း)**

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဂဲလ်မွာလဲကျေးရွာနေ (Pu Ngam Za Kham-Pi Hau Za Nieng)တို့၏သား၊ (Pi Man Khan Neel-Pu Laang Lien Kham), Pi Kham Khan Nieng-Pu On Cin Pau,Rev Pau Suan Thang,(Pensionor)-Pi Khan Za Nuom,(Pi Cing Zam Nieng-Pu Sien Lien Pau)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပတ္တမြားမြို့သစ်၊ နဝရတ်(၁)လမ်း၊ အမှတ် ၁၉၁နေ Nu Kham Khan Vung-ဦးဇော်မြင့်၊ Nu Nieng Khan Mang-Pa Tawng Khan Hau,Nu Nieng Lam Cing-Pa Kap Lien Thang, Nu Nuon Lam Lun-Pa Thang En Hau(ခေတ္တ-USA), Pa Kham Lam Khup -Nu Hau Khan Dim(ခေတ္တ-USA), Nu Vung Lien Cing-Pa Thang Min Lien(ခေတ္တ-USA), Pa Kham Suon Lien-Nu Cing Sien Nuom(ခေတ္တ-USA), Nu Thang Lam Cing-Pastor Ling Kee(ခေတ္တ-မလေးရှား)၊ Tg Thang Sien Tung တို့၏ဖခင်၊ မြေး ၃၁ယောက်၊ မြစ် ၁၄ယောက်တို့၏အဘိုး၊ ဒေါ်ကျင်းခန့်မန်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁၂-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁း၁၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်၊ ဆူးလေ၊ ဗဟန်းလဘုရားကျောင်း၊ မြောက်ဒဂုံ၊ လှိုင်သာယာ၊ ယုဇနတို့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းလွင်(၆) အသက်(၅၃)နှစ်

**ဒုလက်ထောက်အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းမကြီး၊ အမှတ် ၂၈၈၊ ခုနစ်လွှာနေ (ဦးနိုး၊ လ/ထအကောက်ခွန်မှူး-ဒေါ်နု)တို့၏သား၊ ကလေးဝမြို့၊ (၃)ရပ်ကွက်နေ (ဦးသံချောင်း)-ဒေါ်ကြည်(မိသားစုတည်းခိုရိပ်သာ)၊ ဦးခင်မောင်ဝင်း-ဒေါ်ရည်(အထည်ဆိုင်)၊ (ဦးထွန်းဝေ)-ဒေါ်ဌေးဌေးဝင်း၊ (ဦးအောင်ခိုင်)-ဒေါ်ခင်မာနု၊ ဒေါ်ခင်မေမြင့်၊ ဦးလှသိန်းဦး(ခ)ကိုမောင်မောင်တို့၏ညီ/မောင်၊ မမာမာစိန်(ထွန်းမိသားစုအထည်ဆိုင်)၏အစ်ကို၊ မသက်ထားဇင်(ဒုအကောက်ခွန်မှူး)၊မရှင်ငြိမ်းမိုး(ဒဂုံ-တက္ကသိုလ်)တို့၏ဖခင်၊ ဒေါ်မာမာအေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁၂-၂၀၁၅ရက် နံနက်၁၀း၅၂နာရီတွင်မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းလွင်(၆)

**ဒုလက်ထောက်အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းမကြီး၊ အမှတ် ၂၈၈၊ ခုနစ်လွှာနေ (ဦးနိုး၊ လ/ထအကောက်ခွန်မှူး-ဒေါ်နု)တို့၏သား၊ ကလေးဝမြို့နေ (ဦးဘထွန်း)-ဒေါ်စိန်ထွေးတို့၏သားသမက်၊ ဦးဝင်းနိုင်-ဒေါ်ဝါဝါချို၊ ဦးထွန်းထွန်းဝင်း-ဒေါ်အေးအေးနိုင်တို့၏အစ်ကို၊ မသက်ထားဇင်(ဒု-အကောက်ခွန်မှူး)၊ မရှင်ငြိမ်းမိုး(ဒဂုံ၊တက္ကသိုလ်)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်မာမာအေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁၂-၂၀၁၅ရက် နံနက် ၁၀း၅၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်ထွန်း

**(မန္တလေးမြို့၊ တံခွန်တိုင်ရပ်၊ စိန်သီဟကျောက်ပြားခြံဝင်း)**

**အသက်(၈၅)နှစ်**

မတင်တင်အေး၊ (ကိုမျိုးခင်)-မလှလှသိန်း၊ မဝင်းဝင်းစိန်၊ မညွန့်ညွန့်စိန်၊ ကိုကျင်ထွန်း၊ ကိုသံချောင်း၊ ကိုမျိုးဝင်း-မဖြူဖြူမြင့်၊ ကိုမျိုးအောင်-မမိမိစိုး၊ ကိုမျိုးသန့်-မဥမ္မာစောတို့၏ဖခင်ကြီး၊ မြေး ၁၁ယောက်တို့၏ဘိုးဘိုးကြီး၊ ဒေါ်ကျင်ရွှေ၏ခင်ပွန်းသည် ၁၉-၁၂-၂၀၁၅ရက် နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်မွေး (ဒေးဒရဲ)

**အသက်(၆၀)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၂၁၊ ပထမထပ်(ယာ)နေ (ဦးမောင်ဆိုင် - ဒေါ်တင်ကြည်)တို့၏သမီး၊ (ဦးမောင်ကင်း) - ဒေါ်ညွန့်၊ (ဦးမောင်မြင့်) - ဒေါ်ကြည်ကြည်ဝင်း၊ ဦးစန်းမောင်-ဒေါ်အေးငြိမ်း၊ ဦးမြအောင်တို့၏ညီမ၊ (ဒေါ်ကျင်ဌေး)၏အစ်မ၊ တူ၊ တူမ ၁၄ယောက်တို့၏အဒေါ်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၂၀-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၂-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံအတွက် အီးယူမှ ယူရိုသန်း ၇၀ ထပ်မံကူညီမည်

**သတင်း-ခင်ရတနာ**

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏အစားအစာနှင့်အာဟာရဖူလုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးတို့အတွက် မြန်မာကျပ်ငွေ ၁၀၀ ဘီလီယံနှင့်ညီမျှသည့် ယူရိုသန်း ၇၀ ကို ထပ်မံကူညီပေးအပ်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ယနေ့ မွန်းလွဲ ၂ နာရီ၌ ထုတ်ပြန်ကြေညာသည်။

"ဒီရန်ပုံငွေသစ်က မြန်မာနိုင်ငံရဲ့ အဓိကရေးရာကိစ္စသုံးခုကို ဖြေရှင်းဖို့ဖြစ်ပါတယ်။ ပထမဆုံးက သားငါး ရေထွက်ကုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလုပ်ဆောင်ပြီး အဲဒီကနေဆင်းရဲမှုလျှော့ချရေး၊ အစားအစာနဲ့ အာဟာရဖူလုံမြင့်တင်ရေးအတွက် ကူညီပေးမှာဖြစ်ပါတယ်။ ဒုတိယအနေနဲ့ မြန်မာရဲတပ်ဖွဲ့ကို ခေတ်မီလာအောင် ပြောင်းလဲရာမှာ ဆက်လက်ကူညီပေးသွားဖို့ဖြစ်ပြီး နောက်ဆုံးတစ်ခုက ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိဖို့ အတွက်ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း ရေထွက်သားငါးသယံဇာတဖွံ့ဖြိုးရေးအတွက် ယူရိုငွေသန်း ၂၀ သုံးစွဲရန် ရည်မှန်းထားကြောင်း သိရှိရပြီး အီးယူ၏လေ့လာမှုများအရ ငါးမွေးမြူရေးလုပ်ငန်းသည် အစားအစာ၊ အာဟာရဖူလုံရေးနှင့်ရေရှည်တည်တံ့သည့် သက်မွေးဝမ်းကျောင်းရနိုင်သော်လည်း

*စာမျက်နှာ ၆ ကော်လံ ၁* ❍

# ဒသမမြောက် အပြာရောင်ကမ္ပည်းပြား မဟာဗန္ဓုလပန်းခြံ၌ တပ်ဆင်



**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ရန်ကုန်မြို့ပြသမိုင်းကြောင်းတွင် အရေးပါခဲ့သည့်နေရာများ၌ အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ပေးလျက်ရှိရာ ဒသမမြောက် အပြာရောင်ကမ္ပည်းပြားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြားရှိ မဟာဗန္ဓုလပန်းခြံ၌ တပ်ဆင်ခဲ့သည်။

အဆိုပါပန်းခြံသည် သမိုင်းဝင်ဆူးလေစေတီတော်၊ ရန်ကုန်

*စာမျက်နှာ ၉ ကော်လံ ၅* ■

# မယ်စကြဝဠာဆု မှားယွင်းကြေညာခဲ့သော်လည်း ဖိလစ်ပိုင်အလှမယ် သရဖူဆွတ်ခူးနိုင်ခဲ့

**သတင်း**
**မြင့်မောင်စိုး၊ မောင်စိန်လွင်**
**(မြန်မာ့အလင်း)**

အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် မယ်စကြဝဠာပြိုင်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သော အလှမယ် ပီယာအလွန်ဇိုဝုဇ်ဘတ်ချ်က မယ်စကြဝဠာသရဖူကို ဆွတ်ခူးရရှိခဲ့သည်။

အစီအစဉ်ကြေညာသူ စတိဟာဗေးက ဒုတိယဆုရသူ ကိုလံဘီယာအလှမယ် ဂူတီရက်ဇ်အား ၂၀၁၅ ခုနှစ် မယ်စကြဝဠာဆု ရသူအဖြစ် မှားယွင်းကြေညာခဲ့သည်။ သို့သော်လည်း ဂူတီရက်ဇ်ဦးခေါင်းမှ အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ တန်ဖိုးရှိ စိန်သရဖူကို ပြန်လည်ရယူပြီး ဖိလစ်ပိုင်အလှမယ် ပီယာအလွန်ဇိုဝုဇ်ဘတ်ချ်အား လွှဲပြောင်းပေးခဲ့ရသည်။

ကိုလံဘီယာအလှမယ် ဂူတီရက်ဇ်သည် စက္ကန့်ပိုင်းအတွင်း အောင်ပွဲခံ ပျော်ရွှင်မှုရခဲ့သော်လည်း မျက်ရည်များဖြင့် သရဖူပြန်လည်အသိမ်းခံလိုက်ရသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖




မယ်စကြဝဠာဆုရ ဖိလစ်ပိုင်အလှမယ် ပီယာအလွန် ဇိုဝုဇ်ဘတ်ချ် သရဖူဆု ဆွတ်ခူးအပြီး မြန်မာအလှမယ် မေဘရဏီသော်နှင့်အတူ တွေ့ရစဉ်။
ဓာတ်ပုံ-မေ

**ယနေ့ ⸺ ဖတ်စရာ**

**တရုတ်မြေပြိုမှု ပျောက်ဆုံးသူ ၈၁ ဦး အထိရှိလာ၊ အဆောက်အအုံ ၃၃ လုံး ရွှံ့နွံများ ဖုံးလွှမ်း**

စာ » ၄

**ပဲစင်းငုံအိတ်များ တင်ဆောင်လာသည့် ယာဉ်တိမ်းမှောက်၍ ခရီးသည် နှစ်ဦးသေဆုံး**

စာ » ၁၃




နေပြည်တော်-စာတည်းမှူး ဝ၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၄၅၊ ဖက်စ် ဝ၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း

